# THE CHURCH OF THE BIBLE

# သမ္မာကျမ်းစာ၏ အသင်းတော်

**By**

**J.C. Choate**

**Burton Drive**
**Winona, Mississippi**
**U.S.A**

ဘာသာပြန်သူ
ဂျော့အာချပ်
**( George Achard )**
၃၈၃၊ နွယ်နီ(၉)လမ်း၊ 'င' ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

## စာရေးသူ၏ အမှာစာ

ဤစာစဉ်ကိုတပတ်လျှင် သင်ခန်းစာတစ်ခုစီဖြင့် စာပေးစာယူလေ့လာရန် (၁၃) ပတ်သင်တန်းအတွက် ကနဦး ရေးသားခဲ့ပါသည်။ ဧကိုယ်တော်ရှင်အသင်းတော် နှင့်မရင်းနှီး သေးသောသူများကို ရည်စူး၍ ဆင်ခြင်ရေးထားသောကြောင့်အရှင်းလင်းဆုံးဖြစ်ရန် ကြိုးစားထားပါသည်။ သင်ခန်းစာတစ်ခုစီသည် လက်ရှိ မတိုင်မီ၊ ရှေ့သင်ခန်းစာများကို ပြန်လည်ခြုံငုံကြည့်၍ ရေးသားထားပြီး၊ သင်ခန်းစာတိုင်းတွင် အဓိကကျသောအချက်အလက်များ ပေါ်လွင်စေရန် သင်ခန်းစာတစ်ခုစီ၏ အဆုံး၌ မေးခွန်း များပါဝင်စေထားပါသည်။

အိန္ဒိယပြည်၊ နယူးဒေလီသို့ ပြောင်းရွှေ့ပြီးနောက် ဤသင်ခန်းစာများကို စာအုပ်အသွင်ဖြင့် ရိုက်နှိပ်ထုတ်ဝေ ခဲ့ပါသည်။ ဤစာအုပ်ကိုဘာသာစကားအတော်များများဖြင့် ရိုက်နှိပ်လျက်ရှိကာ၊ယနေ့တိုင်၊တွင်ကျယ် စွာအသုံးပြုလျက်ရှိပါသည်။ ထိုနောက်ပိုင်းတွင်၊ သီရိလင်္ကာတွင်လည်းကောင်း၊စင်ကာပူတွင်လည်းကောင်း၊ ဂန်တာမာလာ တွင်လည်းကောင်း၊ပြည်ထောင်စုအမေရိကတိုက်တွင်လည်းကောင်း၊ အခြားသော နိုင်ငံများ ၌ပါ ရိုက်နှိပ်ထုတ်ဝေ လာပါသည်။ ဤနိုင်ငံအမြောက်အများတွင် အသုံးပြုလျက်ရှိသည်သာမက၊ တကမ္ဘာလုံးရှိဆက်သွယ်လာသူများနှင့် ခရစ်ယာန်များကိုပါ ပေးပို့လျက်ရှိပါသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ စာဖတ်သူအား သမ္မာကျမ်းစာ ဖော်ပြလျက်ရှိသော အသင်းတော်ကို မိတ်ဆက်

ပေးရန် ဖြစ်ပါသည်။ အသင်သည် သမ္မာကျမ်းစာကိုဖွင့်လျက် ဤသင်ခန်းစာများတလျှောက် လေ့လာတိုက်ကြည့် သွားပါက၊ ကိုယ်တော်ရှင်ထံ၌ အသင်းတော်တစ်ခုတည်းသာရှိပြီး ကိုယ်တော်၏ အမည်နာမကို ယူတင်ဝတ်ဆောင်ထားကြောင်းကို သေချာ စွာသဘောပေါက် နားလည်လာပါမည်။ ထို့နောက် အသင်း သားတစ်ယောက် ဖြစ်အပ်ကြောင်း ပေါ်လွင်လာပါလိမ့်မည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော်လည်းကျွန်ုပ်၏နှုတ်ထွက်စကားကို ခံယူရန် မဟုတ်ပါ။ သင်ကိုယ်တိုင် လေ့လာကြည့်ပါ။ အမှန်ဖြစ်သည် ဆိုမှသာလျှင် လက်ခံပါ။ အမှန်မဟုတ်လျှင် ငြင်းဆိုလိုက်ပါ။ ဤနည်း အားဖြင့်သာလျှင်၊ အမှန်တရားကိုရနိုင်ပါလိမ့်မည်။

မိတ်ဆွေများအား ဤစာအုပ်ကိုအသုံးပြုပြီး ကိုယ်တော်ရှင်၏ အသင်းတော်ကို မိတ်ဆက်ပေးရန် ခရစ်ယာန်များကို ကျွန်တော်ခွင့်အား ပေးလိုပါသည်။ အသုံးပြုနိုင်ခွင့် ရှိသည့်အခါတိုင်း အသုံးပြုပါ။ အကျိုး ရှိပါလိမ့်မည်။

ရှေ့လျှောက်လည်း၊ ဤစာအုပ်ကို မြောက်များစွာ ထပ်မံရိုက်နှိပ်ပြီး၊ များစွာသော ဝိညာဉ်အပေါင်းတို့ကို ခရစ်တော်ထံအရောက်ပို့ဆောင်နိုင်ရန် အသုံးပြုနိုင်လိမ့်မည်ဟု ကျွန်တော်ရှေ့ရှုမျှော်လင့်ဆုတောင်း မိပါသည်။

**J.C. Choate**
**Burton Drive, Winona,**
**Mississippi, U.S.A**

# ဘာသာပြန်သူ၏အမှာစာ

စာရေးသူ J.C.Choate သည် ၁၉၃၂ခုနှစ် မစ္စစပီပြည်နယ် ဘမ်စဖေး(လ်) မြို့တွင်ဖွားမြင်ပြီး အလ်ဗားမား နှင့် မစ္စစပီပြည်နယ်တို့မှ ကျမ်းစာကျောင်း၊ ကျမ်းစာကောလိပ်များတွင်ဘွဲ့များရယူပြီးအဆိုပါ ဒေသများနှင့် မင်နီဆိုတာ တစ်ဝိုက်တွင် ဘုရားသခင်အတွက်အမှု ဆောင်ရွက်ခဲ့၏။ ဘုရားသခင်ဘက်၌ အားကြီးသူ Betty နှင့် ၁၉၅၅၊ ခုနှစ် ဩဂုတ်လတွင် အိမ်ထောင် ကျကာ Darla, Sheila, Steve နှင့် Shannon တို့ထွန်းကားလာခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍နယ်မြေရပ်ခြား အမှုတော် ဆောင်ရာ ပါကစ္စတန်၊ သီရိလင်္ကာနှင့် အိန္ဒိယတို့တွင် ကျယ်ပြန့်စွာဝိညာဉ်ရေးကယ်တင် သောအမှုကို ရေဒီယို၊ စာပေ စသည် များနှင့်တကွ သစ္စာရှိစွာဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

လူပေါင်းများစွာကို သမ္မာကျမ်းနှင့်ရင်းနှီးစေခြင်း၊ ခရစ်တော်ကိုသိကျွမ်းခွင့်ရစေခြင်း၊ ခရစ်တော် တည်ဆောက်သောခရစ်တော်၏အသင်းတော်ကို သိကျွမ်းရခြင်းနှင့် ကယ်တင်ခြင်းလမ်းကြောင်းကိုသိမြင်စေပြီးလျှောက်လှမ်းစေခဲ့ရုံမက ယုံကြည်သူတွေဟုခေါ်ဝေါ်သောလောကတွင် ကွဲပြားသော ယုံကြည်ချက်များနှင့် ကျမ်းစာသွန်သင် ချက်များကို ဝေခွဲဆင်ခြင်သုံးသပ်နိုင်ရန် သိမြင်စေသောဤစာအုပ်ကို မြန်မာဘာသာဖြင့်လေ့လာခွင့်ရစေရန် ခွင့်ပြုသူ စာရေးဆရာရှင်ကို အထူးကျေးဇူးတင်လျက် ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းအပ်ပါသည်။

သမ္မာကျမ်းလေ့လာသူတိုင်း ဤစာအုပ်ကို လက်ကိုင် အနေ နှင့် ထားရှိပြီး ကျမ်းစာအလင်း၌ လေ့လာသင့်ပါသည်။ ဘုရားသခင် ခွင့်ပြုလျှင်နောင်များတွင် ထပ်မံ၍ ဤကဲ့သို့သော ထူးခြားကောင်းမွန်သည့်၊ ကျမ်းစာသင်ယူရာတွင် အကူအညီ ပေးသည့် စာအုပ်ကောင်းများထွက်လာ ပေဦးမည်။

သမ္မာကျမ်းစာ သွန်သင်ချက်များ၊ အကြောင်းအချက် အလက်များ နှင့်ပတ်သက်၍ ပိုမိုသိလိုပါက အောက်ပါလိပ်စာ အတိုင်း လွတ်လပ်စွာ ဆက်သွယ် မေးမြန်း ဆွေးနွေး နိုင်ပါ သည်။

ဂျော့အာချပ်
**( George Achard )**
၃၈၃၊ နွယ်နီ(၉)လမ်း၊ 'င' ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

# မာတိကာ


| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ အသင်းတော်၏အနက်အဓိပ္ပါယ် | ၉ |
| ၂။ အသင်းတော်ရောက်ရှိလာခဲ့ပုံ | ၁၈ |
| ၃။ အသင်းတော်ကိုတည်ထောင်ခြင်း | ၂၇ |
| ၄။ အသင်းတော်ကိုပေါ်လွင်စေသောအမှတ်အသားများ | ၃၇ |
| ၅။ အသင်းတော်၏အမည်နာမ | ၄၈ |
| ၆။ အသင်းတော်၏ဖွဲ့စည်းပုံ | ၅၈ |
| ၇။ အသင်းတော်ထဲသို့ဝင်ရောက်ခြင်း | ၆၉ |
| ၈။ အသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်း | ၇၉ |
| ၉။ အသင်းတော်၏လုပ်ငန်း | ၈၉ |
| ၁၀။ အသင်းတော်၏တလုံးတဝစည်းလုံးညီညွတ်မှု | ၁၀၂ |
| ၁၁။ အသင်းတော်၏ခံယူချက်၊ သွန်သင်ချက် | ၁၁၂ |
| ၁၂။ အသင်းတော်၏သမိုင်းကြောင်း | ၁၂၃ |
| ၁၃။ ယနေ့အသင်းတော် | ၁၃၆ |

## သင်ခန်းစာ ( ၁ )

# အသင်းတော်၏ အနက်အဓိပ္ပါယ်။

ကျမ်းစာသည် အသင်းတော်အကြောင်းကိုဖော်ပြပြောဆိုခဲ့သည်ကို မည်သူမျှ ငြင်းဆိုလိမ့်မည် မဟုတ်ပါ။ မည်သူ၏ အသင်းတော်? မည်သည့် အသင်းတော်? အဘယ် အသင်းတော်? စသည့်မေးခွန်းများ နှင့် အခြားများစွာသော မေးခွန်းများကို အချိန်တန်လျှင် အဖြေဖော်ထုတ် ပေးပါမည်။ သို့သော်၊ လောလောဆယ်တွင် အသင်းတော်သည်အဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ရန် လိုအပ်ပါသည်။

အသင်းတော်သည်မည်သည့်အရာဖြစ်ကြောင်းကို ရှေးဦးစွာ အသင်းတော် မဟုတ်သည့် အရာများမှ စတင် သုံးသပ်ကြည့်ကြပါစို့။ ကျမ်းစာတွင် အသင်းတော် ကို ဖော်ပြခဲ့ရာ၌ ၎င်းသည် ကက်သိုလစ် သော်၎င်း၊ ပရိုတက်စ်တင့် သော်၎င်း၊ ဂျူး သော်၎င်း၊ မဟုတ်ကြောင်း ဖော်ပြခဲ့ပါသည်။ ၎င်းသည် ဂိုဏ်းဂဏတစ်ခုလည်း မဟုတ်ပါ၊ ဂိုဏ်းဂဏ တစ်ခုအတွင်း ပါဝင်သော အဖွဲ့အစည်း တစ်ခုလည်းမဟုတ်ပါ၊ ဂိုဏ်းကွဲ တစ်ခုခုလည်း မဟုတ်ကြောင်း ထောက်ပြထားပါသေးသည်။ ထို့ပြင် ၎င်းသည် နိုင်ငံရေးအဖွဲ့အစည်း တစ်ခုလည်း မဟုတ်ပါ၊ လူမှုရေးအဖွဲ့အစည်း လည်းမဟုတ်ပါ၊ ရုပ်ဝတ္ထုနှင့် စပ်ဆိုင်သော ဆုံစည်းရာ အဆောက်အဦး တစ်ခုလည်း မဟုတ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍၊ ၎င်းသည် ထိုအရာများမဟုတ်လျှင် အဘယ်အရာဖြစ်သနည်း?။

လူအများစုသည် အသင်းတော်အကြောင်း နားမလည်၊ သဘော မပေါက်ကြပါ။ ၎င်းသည်အဘယ်အရာဖြစ်သည်ကို မသိကြသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ၎င်း၏ ရည်ရွယ်ချက်၊ အရေးပါပုံ၊ လုပ်ဆောင်မှုများကို နားမလည် နိုင်ကြပါ။ သို့ရာတွင်၎င်းသည် အဘယ်အရာ ဖြစ်သည်ကို သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုရှင်းရှင်းလင်းလင်းဖော်ပြထား ပါသည်။ "Church" ဆိုသောဝေါဟာရသည် "ခေါ်ထုတ်ထားသော" ဟုအဓိပ္ပါယ်ရသည့် ဂရိ "Greek" စကားလုံး "Ekklesia" မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ "Church" (အသင်းတော်)သည် ကမ္ဘာမြေကြီးပေါ်မှရွေးနုတ်ခေါ်ထုတ်ခြင်း ခံရပြီး၊ ဘုရားသခင်သားတော်၏ နိုင်ငံတော်သို့ လက်ခံခြင်း ခံရသော (ကောလောသဲသြဝါဒစာ ၁း၁၃) သူတို့ကို ဆိုလိုပါသည်။ ၎င်းသည်သခင်ခရစ်တော်ကိုယုံကြည် နာခံ၍ (ဟေဗြဲသြဝါဒစာ ၅း၈–၉)၊ ခရစ်တော်က ကယ်တင်ခဲ့ပြီး မိမိ၏ အသင်းတော်သို့ သွတ်သွင်းခြင်းခံရသောသူများ (ရှင်မာကုခရစ်ဝင် ၁၆း၁၆၊ တမန်တော် ဝတ္ထု ၂း၄၇) ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နာမ်ဝိညာဉ်နှင့်ဆိုင်သည့် ခရစ်တော်၏ ကိုယ် (၁ ကော ၁၂း၂၇) ဖြစ်ပါ သည်။ တနည်းအားဖြင့်ဆိုသော် အသင်း တော်သည် သခင် ခရစ်တော် ၏နောက်လိုက်များဖြင့် ဖွဲ့စည်း ထားခြင်းဖြစ်ပါသည်။

သမ္မာကျမ်းစာထဲတွင် အသင်းတော် တည်းဟူသော ဝေါဟာရသည် အဓိပ္ပါယ်နှစ်မျိုး ဖြင့်ပေါ်လွင်လျက် ရှိပါသည်။ ပထမအနေဖြင့် အသင်းတော်ကို တလောကလုံးနှင့် သက်ဆိုင် ခြင်း သဘောဖြင့် ပြောဆိုဖော်ပြထားပါသည်။ "*ငါဆိုသည်*

*ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်။ထိုအသင်းကို မရဏာ နိုင်ငံ၏ တခါးတို့သည် မနိုင်ရာ။...*" (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)ဟု သခင်ယေရှု ပြောကြားခဲ့ခြင်းသည် ထိုသို့သော သဘောဖြင့် ပြောခဲ့ခြင်းဖြစ်ပါသည်။ အသင်းတော်ကို ထိုသို့ တလောကလုံးနှင့်သက်ဆိုင် သောသဘောဖြင့် ပြောဆိုခဲ့ခြင်းကို အခြားသောကျမ်းပိုဒ် အများအပြား တွင်လည်း တွေ့ရှိနိုင်ပါသေးသည်။ သို့ဖြစ်၍ ကမ္ဘာကြီး ပေါ်တွင် တွေ့ မြင်ရသော အသင်းတော်သည် သမ္မာကျမ်းစာအသင်းတော် ဖြစ်ခဲ့ ပါလျှင်၊ သခင်ယေရှုပြောကြားခဲ့သည့် သူတည်ဆောက်မည်ဟူသော အသင်းတော်ပင် ဖြစ်ပါသည်။ ဒုတိယအနေဖြင့် အသင်းတော်ကို ဒေသခံတစ်ခုခုကို ညွှန်းသည့် သဘောဖြင့် ဖော်ပြထားပါသည်။ ဥပမာ–ရှင်ပေါလုက ရောမကိုစာရေးသားခဲ့ရာတွင်၊ ယုံကြည်သူအသင်းစု ကလေးများကို ဖော်ပြခဲ့ရာ၌ "*ခရစ်တော်၏ အသင်းတော် အပေါင်း တို့သည် သင်တို့နှင့် နှုတ်ဆက်ကြ၏။*" (ရောမသြဝါဒစာ ၁၆း၁၆) ဟု ပါဝင်ပါသည်။ ထိုသို့ပြောဆိုခဲ့ရာ၌ရှင်းကဂိုဏ်းဂဏပေါင်းစုံအသင်းများကို ရည်ညွှန်းပြောဆိုနေခြင်းမဟုတ်ပါ၊ သခင်ကိုယ်တော်၏ အသင်းတော်ဖြစ်သည့်၊ ဒေသခံ ယုံကြည် သူအသင်းစုကလေးများကို ဆိုလိုခြင်းဖြစ် ပါသည်။

ဆက်ပြီး ရှင်းပြရမည်ဆိုပါလျှင်၊ သမ္မာကျမ်းစာထဲ၌ ကောရိန္တုအသင်းတော်၊ ဖေက်အသင်းတော်၊ ဖိလိပ္ပိအသင်းတော် စသည်တို့ကို ဖော်ပြထားသည်ကို သင်သတိပြုမိ ပေလိမ့်မည်။ (၁ ကော ၁း၂၊ ဖေက် သြဝါဒစာ ၁း၁၊ဖိလိပ္ပိသြဝါဒစာ ၁း၁)။

အချို့သူများအတွက်၊ အထူး သဖြင့်ထုံးတမ်းအစဉ်အလာအရ အသင်းတော်ကို ဂိုဏ်းဂဏအသွင်သိမြင်ထားသောသူများအနေ ဖြင့် ထိုသို့ဖော်ပြချက် များ ကြောင့် ရှုပ်ထွေး ကုန်နိုင်ပါသည်။ သို့ရာတွင်ဘုရားသခင်၏နှုတ်ကပတ်တော်၌ ပထမဆုံး သော ဂိုဏ်းဂဏ အကြောင်း ဖော်ပြထားခြင်းကို မဖတ်ရှုရပါ။ ရှေ့ဆက်ဖော်ပြသွားမည့်ကိစ္စရပ်များတွင် ယုံကြည်သူ အသင်းစု များအကြောင်း ဖော်ပြထားသည်ကို တွေ့ရပါမည်။ ၎င်းယုံကြည်သူအသင်းစုတစ်ခုစီသည် ၎င်းတို့နေထိုင်ရာဒေသအလိုက် တည်ရှိသော၊ ကိုယ်တော်ရှင်၏ အသင်းတော်ဖြစ်ပြီး ၎င်းတို့ အားလုံး စုပေါင်းဖြစ်ပေါ်လာသော၊ တလောကလုံးဆိုင်ရာ တစ်ခုတည်းသော ကိုယ်တော်ရှင်၏ အသင်းတော်ဖြစ်ပါသည်။ ဂိုဏ်းဂဏကို မေ့ပစ်လိုက်၍ သမ္မာကျမ်းစာ သို့သာ ဦးတည်ခဲ့ ပါလျှင်၊ ကိုယ်တော်ရှင် ချပေးခဲ့ သော အသင်းတော် ကိုသာ မြင် တွေ့ရပေသည်။

အသင်းတော်၏ အဓိပ္ပါယ်ကိုပိုမို သဘောပေါက် နားလည် စေရန် သမ္မာကျမ်းစာထဲတွင် အသင်းတော်ကို အောက်ဖော်ပြပါ အတိုင်း ပုံဖော်ဆောင်ထား သည်ကို မှတ်ယူကြပါစို့။

၁။ ခရစ်တော်၏ခန္ဓာကိုယ်။ ၎င်းသည် ခရစ်တော်၏ နာမ်ဝိညာဉ်ရေး ဆိုင်ရာ အဖွဲ့ဖြစ်ပြီး ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်း ဖြစ် ပါသည်။ (ဧဖက်သြဝါ ဒစာ ၅း၂၃)။ ထိုကိုယ်ထည်သည် တစ်ခုတည်း သာရှိပြီး (ဧဖက်သြဝါဒစာ ၄း၄)၊ ထိုတစ်ခုတည်းသော ကိုယ်ထည်သည် အသင်းတော် ဖြစ်ပါသည်။ (ကောလောသဲသြဝါဒစာ ၁း၁၈)။

၂။ ဘုရားသခင်၏အိမ်ထောင်စု။ ကျမ်းစာထဲတွင် အိမ်ဟု ဖော်ပြရာ၌ မိသားစုကို ညွှန်းနေပါသည်။ ၎င်းအချက်သည် အသင်းတော်မှာ ဘုရားသခင်၏ မိသားစု ဖြစ်သည်ဟု သဘောပေါက်စေရန် ကူညီပါသည်။ (တိမောသေသြဝါဒစာ ပဌမစောင် ၃း၁၅) တွင် ရှင်ပေါလုက ဘုရား သခင်၏ အိမ်တော်သည် အသက်ရှင်သောဘုရား၏ အသင်းတော်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဘုရားသခင်သည် ဖခင်ကြီး ဖြစ်ပြီး ကျွန်တော်တို့သည်၎င်း၏သားသမီးများ ဖြစ်ကြပါသည်။ (ဂလာတိ သြဝါဒစာ ၃း၂၆–၂၇၊ ဧဖက်သြဝါဒစာ ၁း၃–၄)။

၃။ ဘုရားသခင်၏နိုင်ငံတော်။ နိုင်ငံတစ်ခုအနေနှင့် ဖော်ညွှန်းရာ၌ ဘုရင်တစ်ပါး ပါဝင်ပတ်သက်ရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ဘုရားသခင် ၏နိုင်ငံတော်တွင် ခရစ်တော်သည် ဘုရင်ဖြစ်ပါသည်။ (ဗျာဒိတ်ကျမ်း ၁၇း၁၄) ဘုရင်တစ်ပါး ဖြစ်ဖို့ရန် ၎င်း၏နိုင်ငံတော် တည်ရှိနေရပါမည်။ ယနေ့ထိုနိုင်ငံတော်တည်ရှိလျှက်ရှိနေပါသည်။ (တမန်တော်ဝတ္ထု ၈း၁၂)။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ လက်အောက်ခံငယ်သား များဖြစ်ပြီး၊ ကမ္ဘာကြီးသည် ၎င်းအုပ်စိုးပိုင်သသော နယ်နိမိတ် ဖြစ်၍ ဓမ္မသစ်ကျမ်းသည်၎င်း၏ဥပဒေဖြစ်ပါသည်။ ဤအရာ သည် အသင်းတော် ဖြစ်ပါသည်။ (ရှင်မဿဲခရစ်ဝင် ၁၆း၁၈–၁၉)။

၄။ ဘုရားသခင်၏စပျစ်ပင်။ ခရစ်တော်သည်စပျစ်ပင်မဖြစ်ပြီး ခရစ်ယာန် များသည် ၎င်း၏ အကိုင်းအခက်များဖြစ်ပါသည်။ (ရှင်ယော ဟန်ခရစ်ဝင် ၁၅း၁–၈)။ ဆိုလိုသည်မှာ ဘုရားသခင်၏ စပျစ်ခြံတွင် အလုပ်လုပ်ပြီး ဘုရားသခင် အတွက် အသီး

သီးပေးရန် ဖြစ်ပါသည်။

အသင်းတော်ကိုထိုကဲ့သို့ ဖော်ပြထားပါသည်။ ကျမ်းစာ၏ ဖော်ပြချက်များကို သမ္မာကျမ်းစာ၏ အလင်း၌ လေ့လာ၍ မိမိကိုယ်တိုင် သုံးသပ်ကြည့်ပါ။ အသင်းတော်ကို ဘုရားသခင်က သင်တို့ကိုမြင်စေချင်သည့်အတိုင်းသင်မြင်လာလျှင်၊ သင်၏ ခံယူချက်မက၊ သင်၏ ဘဝပါ ပြောင်းလဲလာပါလိမ့်မည်။

မေးခွန်းများ။

*အဖြေမှန်များကို စက်ဝိုင်းဖြင့် ကွင်းပြပါ။*

မှန် မှား ၁။ ကျမ်းစာသည်အသင်းတော်တစ်ခုအကြောင်း ပြောပြသည်။

မှန် မှား ၂။ အသင်းတော်သည်ကယ်သိုလစ်အသင်း ဖြစ်သည်။

မှန် မှား ၃။ လူအများစုသည် အသင်းတော်အကြောင်း သဘော ပေါက် နားလည်ကြသည်။

မှန် မှား ၄။ ကျမ်းစာထဲတွင်အသင်းတော်ကိုသဘောတစ်ခုတည်း အနေဖြင့်သာ အသုံးပြုထားသည်။

မှန်  မှား  ၅။ ခရစ်တော်သည် မိမိ၏အသင်းတော်များကို ထူထောင်မည်ဟု ပြောကြားခဲ့သည်။

မှန်  မှား  ၆။ အာရှ၏ အသင်းတော်ခုနစ်ခုသည် ထင်ရှား သောဂိုဏ်းဂဏခုနစ်ခုကို ရည်ညွှန်းသည်။

မှန်  မှား  ၇။ အသင်းတော်သည် ခရစ်တော်၏ ကိုယ် ဖြစ်သည်။

မှန်  မှား  ၈။ ကိုယ်ထည် တစ်ခုတည်းသာ ရှိပါသည်။

မှန်  မှား  ၉။ ခရစ်တော်သည်အသင်းတော်၏ခေါင်းဖြစ်ပါ သည်။

မှန်  မှား  ၁၀။ဘုရားသခင်၏နိုင်ငံတော်သည်ရောက်ရှိ လာပေဦးမည်။

*အဖြေမှန်များကို ပေးပါ။*

၁။ အသင်းတော်မဟုတ်သောအချက်အလက်အချို့ကိုပေးပါ။

______________________________

______________________________

၂။ အသင်းတော်ဟူသောဝေါဟာရသည်မည်သည့် ဂရိ စကား လုံး မှဆင်းသက်လာပါသနည်း။ ____________

______________________________

၃။ အသင်းတော်သည် မည်သည့်အရာများနှင့် ဖွဲ့စည်းထားပါသနည်း။ ________________________________

________________________________

၄။ အသင်းတော်ဟူသောစကားလုံးကိုမည်သည့်သဘောနှစ်မျိုး ဖြင့်အသုံးပြုထားသနည်း။ ________________

________________________________

________________________________

၅။ မိမိအသင်းတော်ကိုတည်ထောင်မည်ဟု မည်သူကပြောကြားခဲ့သနည်း။ ________________________________

________________________________

၆။ ၎င်းသည် အသင်းတော် ဘယ်နှစ်ခု ဆောက်တည်ခဲ့ပါသနည်း။ ________________________________

________________________________

၇။ အာရှ၏အသင်းတော်ခုနစ်ခုသည်မည်သည်များဖြစ်သနည်း။ ________________________________

________________________________

၈။ ကိုယ်ထည် ဘယ်နှစ်ခု ရှိသနည်း။ ________________

________________________________

၉။ ဘုရင်များတကာ၏ ဘုရင်သည် မည်သူနည်း။ ________

________________________________

၁၀။ ဘုရားသခင်၏ စပျစ်ခြံထဲတွင် ကျွန်တော်၊ကျွန်မတို့ ဘာလုပ်ရမည်နည်း။ ________________________

________________________________

*အောက်ပါဝေါဟာရများ၏အဓိပ္ပါယ်များကိုအတိုချုံးပြီးဖော်ပြပါ*

၁။ Ekklesia. ____________________

____________________

၂။ ခရစ်တော်၏ကိုယ်ထည်၊ ____________________

____________________

၃။ ဘုရားသခင်၏အိမ်ထောင်စု၊ ____________________

____________________

၄။ ဘုရားသခင်၏နိုင်ငံတော်၊ ____________________

____________________

၅။ ဘုရားသခင်၏စပျစ်ခြံ၊ ____________________

____________________

## သင်ခန်းစာ ( ၂ )

# အသင်းတော် ရောက်ရှိလာခဲ့ပုံ။

အသင်းတော်သည် ညတွင်းချင်း ဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါ။ ၎င်းဖြစ်ပေါ်လာခဲ့ရခြင်းမှာ စီစဉ်ထားခဲ့ခြင်း၊ ဟောကြားထားခဲ့ခြင်း၊ ဂတိပြုထားခဲ့ခြင်းများအရ ပေါ်ပေါက်လာခဲ့ပြီး တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျမ်းစာတွင် ထိုအချင်းအရာများကို ရှင်းလင်းစွာ ဖော်ပြထား ပါသည်။

ဦးစွာပထမ ဘုရားသခင်၏ အကြံအစည်တွင် အသင်းတော် ရှိနှင့်ပြီး ဖြစ်ပါသည်။ ထိုအချက်ကိုဖေက်မြို့ရှိ သန့်ရှင်းသူများကို ပေါလုက ပြောကြား ခဲ့ပါ သည်။ သူပြောကြားခဲ့ရာတွင်..."*ငါတို့သည် ဘုရားသခင့် ရှေ့တော်၌မေတ္တာအားဖြင့် သန့်ရှင်းလျက်၊အပြစ်ကင်းလွတ် လျက်ဖြစ်မည်အကြောင်း၊ ဤကမ္ဘာ မတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက် တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကိုခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှု၏ ခမည်းတော် ဘုရားသခင်သည်မင်္ဂလာရှိတော်မူစေသတည်း။ ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့် ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှါ၊ ငါတို့သည်ယေရှုခရစ်အားဖြင့် သားအရာကို ရမည်အကြောင်း၊ အလိုတော်ရှိသော စေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။*" ..(ဧဖက်သြဝါဒစာ ၁း၃–၆)။ ဧဖက်မြို့ရှိ အသင်းတော်

အား ပေါလုက ပြောကြားနေခဲ့ခြင်း ဖြစ်သည်ကို မှတ်သားပါ။ ကမ္ဘာကြီးကို စတင်အခြေမပြုမီ ကပင် ၎င်းတို့ကို ဘုရားသခင်က ရွေးတော် မူခဲ့ကြောင်း ပေါလုက ပြောကြားသွား ပါသည်။ ထိုအချင်းအရာ၏အဓိပ္ပါယ်မှာ၊ ကမ္ဘာကြီးကိုမဖန်ဆင်းမီ ကပင် ဘုရားသခင်သည် အသင်းတော်အကြောင်းစဉ်းစားဆင်ခြင်နေခဲ့ကြောင်း ပေါ်လွင်ပါသည်။ ဆိုလိုသည်မှာ၊ ထိုစဉ်အခါကပင် ဘုရားသခင်သည် စီမံရေးဆွဲ နေခဲ့လျက်၊ ဘုရားသခင်၏စိတ်တွင် မူလကပင် အစီအစဉ် ရှိခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အစဦး ပထမ ကပင် ရှိခဲ့သော ဘုရားသခင်၏အစီအစဉ် ကို အထင်သေးခြင်း၊ လျှော့တွက်ခြင်းတို့သည် မဖြစ်သင့်သော သဘောထား ဖြစ် ပါသည်။

ဒုတိယအချက် အနေနှင့် အသင်းတော်အကြောင်းကို ကြိုတင်ဟောပြောချက်များတွင် အကြိမ်ကြိမ်ဖော်ပြခဲ့ပါသည်။ ဟေရှာယ ပြောကြား ခဲ့ရာတွင်... *"နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော်တည်သောတောင်သည် တောင်ကြီး၊ တောင်ငယ် တို့၏ ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။ ခပ်သိမ်းသော လူမျိုးတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည်။ များပြားသောသူတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီး တော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆို ကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှ၎င်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှ၎င်း ပေါ်ထွက် လိမ့်မည်။"* (ဟေရှာယ အနာ

ဂတ္တိကျမ်း ၂:၂-၃)။ ယောလကလည်း "ထိုနောက်မှလူမျိုး တကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်း လောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြော ရကြ လိမ့်မည်။ အသက်ကြီးသော သူတို့သည် နိမိတ် အိမ်မက် တို့ကို မြင်မက်ရကြလိမ့်မည်။ အသက်ငယ်သော သူတို့ သည်လည်း ဗျာဒိတ် ယူပါရုံတို့ကို မြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သော ယောကျ်ား၊ မိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း၍၊ သူတို့သည် ပရောဖက် ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။" (ယောလ အနာဂတ္တိကျမ်း ၂:၂၈-၂၉)ဟုပြောကြားသွားခဲ့ပါသေးသည်။ ဒံယေလ ကလည်း "ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီး များလက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည် ထောင် စေတော်မူမည်။ ထိုနိုင်ငံသည်အခြားသော လူမျိုးလက် သို့မရောက်ရဘဲ၊ အထက်ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကို ချိုးဖဲ့ ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်." (ဒံယေလအနာဂတ္တိ ကျမ်း ၂:၄၄)ဟု ညွှန်ပြခဲ့ပါသည်။
သုံးသပ်ချက်များ ပြုလုပ်ကြ ပါစို့။

၁. နိုင်ငံတော်ကို နောက်ဆုံးနေ့များတွင် ထူထောင်ပါမည်။
၂. ၎င်းကို တောင်ကုန်းများပေါ်တွင် ထူထောင်ပါမည်။
၃. နိုင်ငံအပေါင်းတို့သည် ၎င်းအထဲသို့ စီးဝင်ပါမည်။
၄. ကိုယ်တော်ရှင်မြတ်သည်သက်ရှိလူသားတို့အပေါ်၎င်း ၏ ဝိညာဉ်တော်ကို သွန်းလောင်းပါမည်။
၅. စတုတ္ထကမ္ဘာအင်ပါယာကြီးကာလအချိန်တွင် ထူထောင်ပါမည်။

၆. အခြားသောနိုင်ငံများကိုငင်းကချိုးဖဲ့ဖျက်စီး၍အစဉ်အမြဲ တည်လိမ့်မည်။

ထိုအချင်းအရာများသည် မည်သည့်နေရာ၌ ပြီးစီးပြည့်စုံခဲ့ပါသနည်း။ တမန်တော်ဝတ္ထု အခန်း(၂)ကို ဖတ်ပါ။

တတိယအချက်မှာ အသင်းတော်သည် ဂတိပြုထားခဲ့သောအရာဖြစ်ပါသည်။ ယောဟန်က ငင်းသည် တည်လုနီးပြီ၊ (ရှင်မဿဲခရစ်ဝင် ၃း၁)ဟု ပြောကြား ခဲ့ပါသည်။ ငင်းသည် မကြာမှီကာလအတွင်း ထူထောင်ခဲ့တော့မည်ဟုဆိုလိုပါသည်။ ခရစ်တော်က..."*ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက် ပေါ်မှာ ငါ့အသင်းကို ငါတည် ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။* (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)..." ဟု ဂတိပေးခဲ့ပါသည်။ "*ငါအမှန်ဆိုသည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သည် တန်ခိုးနှင့် တကွ တည်ကြောင်းကို ဤအရပ်၌ရှိသော သူအချို့တို့သည် မမြင်မှီ သေခြင်းသို့ မရောက်ရကြဟု မိန့်တော်မူ၏*" (ရှင်မာကုခရစ်ဝင် ၉း၁)။ တဖန် ယေရှုက တပည့်တော်တို့အား ပြောကြားသည်မှာ– "*ဤသို့ကျမ်းစာလာ၏။ ဤသို့ ခရစ်တော်သည်အသေခံ၍သုံးရက်မြောက်သောနေ့၌သေခြင်းမှ ထမြောက်ရမည်။ ခရစ်တော်၏အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်းအရာတို့၏ သက်သေဖြစ်ကြ၏။ ငါ့ခမည်းတော်၏ ဂတိ ရှိသည်အတိုင်းသင်တို့၌ငါပြုဦးမည်။ သို့ဖြစ်၍သင်တို့သည် ကောင်း*

*ကင်ကတန်ခိုးကိုမခံမှီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦး လော့ ဟုမိန့်တော်မူ၏။"* (ရှင်လုကာခရစ်ဝင် ၂၄း၄၆–၄၉)။

အောက်ပါ အချက်များကိုလေ့လာပါ။

၁။ နိုင်ငံတော်သည် နီးကပ်ခဲ့သည်။
၂။ သေခြင်းတရားကိုရင်ဆိုင်နေရသော်လည်း၊သခင်ယေရှု ကအသင်းတော်ကိုတည်ဆောက်ရန် ဂတိပြုခဲ့ပါသည်။
၃။ ၎င်းကိုထူထောင်ခဲ့သည့်အချိန်တွင် သခင်ယေရှုနှင့်ရှိခဲ့သူ အချို့သည် အသက်ရှင်လျက် ရှိနေပါဦးမည်။
၄။ ၎င်းသည် တန်ခိုးနှင့်တကွ တည်ခဲ့ပါလိမ့်မည်။
၅။ လူမျိုးတကာတို့အား၊၎င်း၏နာမတော်၌နောင်တတရား နှင့်အပြစ်လွှတ်ခြင်းတရားများကိုဟောပြောခဲ့ပါလိမ့် မည်။
၆။ ယေရုရှလင်မြို့၌ စတင်ခဲ့ပါလိမ့်မည်။
၇။ ယေရုရှလင်မြို့တော်၌ တမန်တော်များအပေါ်၊ အထက်မှ တန်ခိုး၊ စွမ်းအားသက်ရောက်လာခဲ့ပါလိမ့်မည်။

ထိုအချက်အားလုံးကိုစိတ်ထဲတွင်မှတ်သားထားပါ။ နောက်ဆုံးအသင်းတော်ပေါ်ပေါက်လာပုံအကြောင်း ဖော်ပြထား သည့် အချက်သို့ ရောက်ရှိလာလျှင် အဆင့်ဆင့်ရှင်းလင်းသိမြင် လာပါမည်။

တမန်တော်ဝတ္ထု အခန်း(၂)ကိုဖွင့်ပါ။ သေသေချာချာ အခေါက်ခေါက်ဖတ်ပါ။ ကျမ်းစာလေ့လာသင်ကြားသူအားလုံး

က၊ အသင်းတော်သည် ထိုအချိန်မှစပြီး ပေါ်ပေါက်ခဲ့သည်ကို ဝန်ခံကြပါသည်။ ထို့အပြင်အသင်းတော်စတင်တည်ရာနေရာမှာ ယေရုရှလင်မြို့ဖြစ်ပြီး၊ အချိန်မှာ နောက်ဆုံးကာလဖြစ်ပါသည်။ နောက်ဆုံးကာလဟု ဆိုရာတွင် ရောမအင်ပါယာ၏ ဘုရင်များ လက်ထက်တွင် ဖြစ်ပါသည်။ ဘုန်းတန်ခိုး ဆင်းသက်ခဲ့ပြီး၊ လူမျိုးအားလုံးသို့ နောင်တတရားနှင့် အပြစ်မှခွင့်လွှတ်ခြင်း တရား များကိုဟောကြားခဲ့၍၊ အသင်းတော်သည် ထိုစဉ်အချိန် ကစပြီးပေါ်ပေါက်ခဲ့ပါသည်။ သို့ဖြစ်၍ဘုရားသခင်၏ စိတ်ကူး အစီအစဉ်ထဲတွင် ရှိခဲ့သော အသင်းတော်သည် တည်ထောင် ဖြစ်ခဲ့ပါသည်။ ၎င်းနှင့်ပတ်သတ်သော ကြိုတင်ဟောပြောချက် များသည် ပြည့်စုံခဲ့ပြီး၊ ၎င်းနှင့်ပတ်သတ်သော ဂတိတော်များ မှာလည်း တည်မြဲခဲ့ပါသည်။

မေးခွန်းများ။

၁။ အသင်းတော်သည် မည်သည့်နေရာတွင် စတင်တည်ရှိခဲ့ ပါသနည်း။ ________________________________

________________________________

၂။ ဘုရားသခင်သည်မည်သည့်အချိန်၌အသင်းတော်ကိုရွေး ချယ်ခဲ့ပါသနည်း။ ________________________________

________________________________

၃။ နိုင်ငံတော် ရောက်ရှိလာမည့်ကိစ္စကို ဟောပြောခဲ့သော ပရောဖက်သုံးယောက်အမည်ကိုဖော်ပြပါ။ ______________

________________________________

၄။ နိုင်ငံတော်သည် မည်မျှအကြာ ရပ်တည်လိမ့်မည်နည်း။ ________________________________________

________________________________________

၅။ အသင်းတော် တည်ဆောက်မည်ဟု မည်သူက ဂတိပြုခဲ့ပါသနည်း။ ________________________________________

________________________________________

၆။ ထိုသူက မည်သူ့အသင်းတော်ကို တည်ဆောက်မည်ဟု ဂတိပြုခဲ့ပါသနည်း။ ________________________________________

________________________________________

၇။ အသင်းတော်မည်မျှတည်ဆောက်မည်ဟုထိုသူက ပြောကြားခဲ့ပါသနည်း။ ________________________________________

________________________________________

၈။ နိုင်ငံတော်သည်မည်သည့်အရာနှင့်ရောက်ရှိလာမည်နည်း။________________________________________

________________________________________

၉။ ယေရုရှလင်၌ မည်သည့်အကြောင်းများကို ဟောပြောလိမ့်မည်နည်း။ ________________________________________

________________________________________

၁၀။ အသင်းတော်တည်မည့်အကြောင်း မည်သည့်နေရာ၌ ဖတ်ရှုနိုင်မည်နည်း။ ________________________________________

________________________________________

*မှန်သည်၊ မှားသည်ကို ကွင်းပြီးဖော်ပြပါ။*

မှန် မှား ၁။ အသင်းတော်သည် စီမံခြင်း၊ ဗျာဒိတ်ပေးခဲ့ခြင်း၊ဂတိပြုခဲ့ခြင်းရှိပြီးနောက်ထူထောင်ခဲ့သည်။

မှန် မှား ၂။ အသင်းတော်သည် ဘုရားသခင်၏ အကြံအစည်တော်၌ အစပြုခဲ့ပါသည်။

မှန် မှား ၃။ ယောဟန်သည် ကောင်းကင်နိုင်ငံ တည်လုနီးပြီဟု ပြောကြားခဲ့ပါသည်။

မှန် မှား ၄။ နိုင်ငံတော်သည် တန်ခိုးနှင့်တကွပေါ်ပေါက်လာရန်ဖြစ်သည်။

မှန် မှား ၅။ နောင်တနှင့် ခွင့်လွှတ်ခြင်းတရားကို ယေရှုနာမ၌လူမျိုးတကာတို့အားဟောပြောပါမည်။

မှန် မှား ၆။ အသင်းတော်သည် ယေရုရှလင်မြို့၌ စတင်ပါမည်။

မှန် မှား ၇။ တမန်တော်–၂ တွင် အသင်းတော်တည်ထောင်သည့်အကြောင်းရေးသားဖော်ပြထားပါသည်။

မှန် မှား ၈။ အသင်းတော် တည်ထောင်ခြင်းသည် ရောမအင်ပါယာလက်ထက်တွင်ဖြစ်သည်။

မှန် မှား ၉။ နောက်ဆုံးကာလသည် စတင်ခဲ့နှင့်ပြီဖြစ်သည်။

မှန် မှား ၁၀။ဗျာဒိတ်များနှင့် ဂတိတော်များသည်ပြည့်စုံ၍ တည်လျက်ရှိနေခဲ့ပါပြီ။

*ပြည့်စုံရန် ဖြည့်စွက်ရေးသားပါ။*

၁။ ____________________ မတိုင်မီကပင်အလိုတော်နှင့်အညီ ငါတို့ကို ခရစ်တော် ၌ ရွေးကောက်ခဲ့ပါသည်။

၂။ ____________________ ကာလ၌ထာဝရဘုရား၏ ____________________

၃။ ____________________ မရောက်နိုင်သော နိုင်ငံတစ်ခုကို ဘုရားသခင် တည်ထောင်စေတော်မူမည်။

၄။ ____________________ ငါတည်ဆောက်မည်။

၅။ နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ____________________ မှစသောလူမျိုးတကာတို့အား ဟောမည်။

သင်ခန်းစာ ( ၃ )

# အသင်းတော်ကို တည်ထောင်ခြင်း။

ပြီးခဲ့သော သင်ခန်းစာတွင် (ဟေရှာယအနာဂတ္တိကျမ်း ၂း၂-၃) မှငင်း၊ (ယောလအနာဂတ္တိကျမ်း ၂း၂၈-၂၉) မှငင်း၊ (ဒံယေလ အနာဂတ္တိကျမ်း၂း၄၄) မှငင်း၊ ကျွန်ုပ်တို့သည် သခင်ကိုယ်တော်၏နိုင်ငံတော် (သို့မဟုတ်) အသင်းတော်ကို ယေရုရှလင်မြို့၌ကြွလာသော ဝိညာဉ်တော်နှင့်အတူ နောက်ဆုံး နေ့များတွင် တည် ထောင်မည် ဖြစ်ကြောင်း သိခဲ့ရပါသည်။ ထိုနိုင်ငံတော်ထဲသို့လူမျိုးအားလုံးကစီးဝင်မည်ဖြစ်ပြီး ၎င်းသည် ထာဝစဉ် တည်တံ့ခိုင်မြဲလျက် ရှိနေပါမည်။ (ရှင်မဿဲ ခရစ်ဝင် ၁၆း၁၈)တွင်၎င်း၊ (ရှင်မာကုခရစ်ဝင် ၉း၁)တွင်၎င်း၊ (ရှင်လုကာ ခရစ်ဝင် ၂၄း၄၆-၄၉)၌၎င်း၊ သခင်ယေရှုသည် သူ၏အသင်း တော်ကိုတည်ဆောက်မည်ဟု ဂတိပေးခဲ့ပါသည်။ အသင်းတော် သည် ဘုန်းတန်ခိုးဖြင့် ကြွလာပြီး၊ နောင်တရခြင်း၊ အပြစ်လွှတ် ခြင်း တရား များကို လူမျိုးအားလုံးသို့ မိမိ၏နာမတော်၌ဟော ကြားကြလိမ့်မည် ဖြစ်ကြောင်း ဂတိပြုခဲ့ပါသည်။ (တမန်တော် ဝတ္ထု အခန်း ၂)တွင် ကြိုတင် ဟောပြောချက်အားလုံး ပြည့်စုံ ခဲ့ပြီး၊ ဂတိတော်များအတိုင်း ဖြစ်ပေါ်စေခဲ့ သည်ကို ထိုအခန်း တစ်ခုတည်းတွင် အားလုံးဖော်ပြထားပါသည်။

(တမန်တော်ဝတ္ထု ၂)ကို ဖတ်သောအခါ၊ ထိုအချိန် ကာလက တမန်တော်တို့သည် ယေရှုရှလင်မြို့၌ ရှိနေကြောင်း သိရပါသည်။ "*ပင်တေကုတ္တေပွဲနေ့ ရောက်သောအခါ၊ ထိုသူအ*

ပေါင်းတို့သည် တညီတညွတ်တည်း စည်းဝေး၍ နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်း ကဲ့သို့ သောအသံသည် တခဏခြင်း တွင်ကောင်းကင်မှလာ၍၊ထိုသူတို့နေထိုင်သောအိမ်ကို ဖြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှံကဲ့သို့ ထင်ရှား၍ ထိုသူအသီးသီးတို့အပေါ်၌တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသော ဘာသာစကားဖြင့် ဟောပြောကြ၏။ ထိုကာလ အခါ၊ ကောင်းကင် အောက်တွင် ရှိလေ သမျှသော လူမျိုးထဲက တရားကို ရိုသေသော ယုဒလူ တို့သည် ယေရှုရှလင်မြို့၌တည်းနေကြသတည်း။ ထိုအသံကိုကြားရသော အခါ လူများတို့သည် စုဝေးလာကြလျှင်၊ အသီးသီးအခြားခြားသော မိမိတို့ဘာသာစကားဖြင့် တမန်တော်တို့ ဟောပြောသည်ကို ကြားကြရ၍ မှိုင်တွေလျက် ရှိနေကြ၏။" (တမန်တော်ဝတ္ထု ၂း၁–၆)။

မှတ်တမ်းများသည် ကိုယ်စားပြုထားသော များစွာသော တိုင်းပြည်များ အကြောင်းကိုလည်း ဖော်ပြထားပါသေးသည်။ "ထိုသူအပေါင်းတို့သည် မိန်းမော တွေးတောသော စိတ်ရှိသည်နှင့်၊ ဤအမှုအရာသည်အဘယ်သို့သော အမှုအရာ ဖြစ်သနည်းဟု တယောက် ကိုတယောက်ပြောဆိုကြ၏။ လူအချို့တို့က၊ ဤသူတို့သည် ချိုသောစပျစ်ရည်နှင့် ပြည့်ဝသည် ဟုကဲ့ရဲ့ပြောဆို ကြ၏။ ထိုအခါတကျိပ် တပါး သော တမန်တော် တို့နှင့်တကွ ပေတရုသည်ထလျက်၊ ထိုသူတို့ကို ကျယ်သော အသံနှင့်ဟောပြောသည်ကား၊ ယေရှုရှလင်မြို့ သားတို့ နှင့် ယုဒလူ

*အပေါင်းတို့၊ သင်တို့ သည် ဤအရာကိုသိမှတ်၍ ငါ့စကားကို စေ့စေ့နာခံကြလော့။ ယခုအချိန်ကား နံနက်တချက်တီး အချိန်သာ ရှိသည်ဖြစ်၍၊ သင်တို့ထင်သည်အတိုင်း ဤသူတို့သည် ယစ်မူးကြသည် မဟုတ်။ ဤအရာကား ပရောဖက် ယောလ ဟောဘူးသော အရာ ဖြစ်သတည်း။ ဟောဘူးသောအချက်ကား၊ နောင်ကာလ၌ လူမျိုးတကာ တို့အပေါ်သို့ ငါ၏ ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်။ သင်တို့၏ သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ အသက်ငယ်သော သူတို့သည် ဗျာဒိတ်ရူပါရုံတို့ကို မြင်ရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည်လည်း နိမိတ် အိပ်မက်တို့ကို မြင်မက်ရကြလိမ့်မည်။ ထိုကာလ၌လည်း ငါ၏အမှုကို ဆောင် ရွက်သော ယောကျ်ား မိန်းမတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်း ၍၊ သူတို့သည် ပရောဖက်ဉာဏ်နှင့် ဟောပြောရကြလိမ့်မည်။ အထက်မိုးကောင်းကင်၌ အံ့ဖွယ်သောအရာတို့ကိုငင်း၊ အောက်အရပ် မြေကြီးပေါ်၌ သွေး၊မီးလျှံ၊ မီးခိုး၊ တည်းဟူသော ပုပ္ပနိမိတ်တို့ကိုငင်း၊ ငါပြမည်။ ထိုအခါ ထာဝရဘုရား ကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့ဟု ဘုရား ဗျာဒိတ်တော်ရှိ၏။"* (တမန်တော် ဝတ္ထု ၂း၁၂–၁၉၊၂၁)။

ဖြစ်ဖြစ်နေသမျှတို့သည် ရှေးအခါကဗျာဒိတ်တော်ကို ပြည့်စုံနေ စေခြင်းဖြစ်သည်ဟု ပေတရုကဖော်ပြ၍ မိမိတရားဒေသနာတော်ကိုဟော ပြောလေ၏။ ပေတရုက၊ သခင်ယေရှုသည် ဘုရားသခင်၏အသိအမှတ်ပြုတော်မူသော သူတယောက်ဖြစ်သည်ကို လူတို့ကြားတွင်ထူးဆန်း နိမိတ်လက္ခဏာ အံ့ဘွယ်

ရာများကို သခင်ယေရှုအားဖြင့် ဘုရားသခင်ကလုပ်ဆောင်သွားကြောင်း ပြောပြပါသည်။ ထို့နောက်သခင်ယေရှုကို တရားစီရင်ရန် ခေါ်ဆောင်သွားပုံ၊ ဆိုးသွမ်းသော သူများ လက်ချက်ဖြင့် ကားတိုင်ပေါ်တင်၍ ကြမ်းတမ်းစွာ အသတ်ခံသွားရပုံကို ဆက်လက် ဖော်ပြသွားပါသည်။ ထို့နောက် ဘုရားသခင်က ၎င်း၏နာကျင်ခံစားရမှုကို သက်သာစေပြီး သေရာမှ ပြန်လည်ထမြောက်စေခဲ့ပုံကိုထောက်ပြသွားပါသည်။ မိမိပြောကြားသည်များကို နားထောင် နေသူ များ ယုံကြည် လာနိုင်ရန် ပေတရုက – သခင် ယေရှု အသက်ရှင်ပုံ၊ သေခြင်း တရားကိုရင်ဆိုင်ရပုံ၊ မြေမြှုပ်ခံခဲ့ရပြီး သေခြင်းမှ ပြန်လည် ရှင်ပြန်ခဲ့ပုံ၊ ကောင်းကင်နိုင်ငံပေါ်သို့ တက်ရောက်သွားပြီး ပလ္လင်တော် တွင်ဘုရားသခင်၏ လက်ျာဘက်၌ စံမြန်းခဲ့ပုံများကို ဒါဝိတ် ဟောကြားချက်များဖြင့် ပြန်လည် ထုတ်နုတ်ကိုးကားပြီး ဟောပြောခဲ့ပါသည်။

ဆက်လက်ပြီး၎င်းပြောကြားရာတွင် *"ထိုယေရှုကို ဘုရားသခင်ထမြောက်စေတော်မူသည်ကိုငါတို့ရှိသမျှသည် သက်သေခံဖြစ်ကြ၏။ ထိုသို့ ဘုရားသခင်သည် လက်ျာလက်တော်နှင့်ချီးမြှင့်တော်မူသဖြင့် ထိုသခင်သည် ဂတိတော်နှင့်ယှဉ်သောသန့်ရှင်းသော ဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီဖြစ်၍ သင်တို့ သိမြင် ကြားရသော အရာကို ညွှန်း လောင်းတော်မူ၏။ ဒါဝိဒ်သည် ကောင်းကင်သို့မတက်သေး– သို့ရာတွင် ထာဝရဘုရားက၊ သင်၏ ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချထားမီတိုင်အောင် ငါ့လက်ျာဘက်၌ထိုင်နေလော့ဟု ငါ့သခင်အားမိန့်တော်မူသည်ဟု ဒါဝိဒ်စကားရှိ၏။ ထို့ကြောင့်သင်တို့သည်*

လက်ဝါးကားတိုင်မှာကွပ်မျက်သောယေရှုကို ဘုရားသခင်သည် ခရစ်တော် အရာ၌၎င်း၊ အစိုးရသောအရှင်အရာ၌၎င်း၊ ခန့်ထား တော်မူသည့် အကြောင်းကို ဣသရေလအမျိုးသားအပေါင်းတို့ အတပ်အမှန် သိမှတ်ကြ လော့ဟု ပေတရု ဟောလေ၏။ ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍၊ ညီအစ်ကို တို့ အဘယ်သို့ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသော တမန်တော် တို့အားမေး မြန်းကြ၏။ ပေတရုကလည်း၊ သင်တို့ ၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်း သောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးတော်ကို ခံရကြလိမ့် မည်။ အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်၎င်း၊ သင်တို့၏ သားသမီးတို့နှင့်၎င်း၊ ဝေးသောသူတို့တွင် ငါတို့၏ ဘုရားသခင် ထာဝရဘုရား ခေါ်တော်မူသမျှသော သူတို့နှင့်၎င်း ဆိုင်သည်ဟု ဟော၏။ ထိုမှတပါး သဘောမဖြောင့်သော ဤအမျိုး မှ ကယ်တင်ခြင်း သို့ရောက်ကြလော့ဟူ၍ အထူးထူး အပြားပြားသောစကားနှင့်သက်သေခံ၍ တိုက်တွန်းသွေးဆောင် လေ၏။ ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့ သည် ဗတ္တိဇံကိုခံ၍၊ ထိုနေ့၌အရေ အတွက်အားဖြင့် သုံးထောင် မျှလောက်သောသူတို့သည် ဝင်ကြ၏။" "ဘုရားသခင်ကိုလည်း ချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကို ရကြ၏။ ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ် မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။" (တမန်တော် ဝတ္ထု ၂:၃၂-၄၁၊ ၄၇)။

ရှောကဖော်ပြခဲ့သော ကျမ်းစာပိုဒ်တွင် ကိုယ်တော်၏ အသင်းတော် ထူထောင်ခဲ့ပါသည်။ အခြင်းအရာအားလုံးတို့ သည် ယေရှုရှလင်မြို့တွင် ဖြစ်ပျက်ခဲ့ကြောင်း သင်သတိပြု မိပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအရှိန်အဝါ သည်တမန်တော်တို့အပေါ် သွန်းလောင်းခဲ့ပါသည်။ ဖြစ်ပျက်ခဲ့ သမျှသည် ရှေးအခါက ကြိုတင်ဟော ပြော ချက်များကို ပြည့်စုံစေခြင်းဖြစ်ပါသည်။ ပေတရုက "ဤအရာကား ပရောဖက် ယောလဟောဘူးသော အရာ ဖြစ်သတည်း" (တမန်တော်ဝတ္တု ၂း၁၆)ဟု တိတိကျကျ ဖော်ပြခဲ့သောကြောင့် သံသယဝင်စရာ အကြောင်း မရှိပါ။ ထို့အပြင် ပရောဖက်များက ထိုအဖြစ်ပျက် များသည် နောက်ဆုံးကာလ၌ ဖြစ်ပေါ်လိမ့်မည်ဟု ဟောကြား ခဲ့ခြင်းကြောင့်၎င်း၊ပေတရုက ယင်းဖြစ်ခြင်းများသည် ပရောဖက် များဟောပြောခဲ့သည့်အတိုင်း ဖြစ်လိမ့်မည် ဟုဟောပြောခဲ့ခြင်း ကြောင့်၎င်း၊ အသင်းတော်သည် နောက်ဆုံး ကာလ၌ ဖြစ်ပေါ် လာကြောင်းသိရပါသည်။ နောင်တရခြင်းနှင့် အပြစ်လွှတ်ခြင်း တရားများကို ဟောပြောခဲ့သော ထိုနေ့၌ လူမျိုးအပေါင်းက ထိုနေရာ တွင်ရှိနေ၍ နာခံခဲ့သောလူအပေါင်း သုံးထောင်ခန့်မှာ ကယ်တင်ခြင်းခံခဲ့ရပြီး အသင်းတော်သို့ သွတ်သွင်းခြင်း ခံကြရပါသည်။ သို့ဖြစ်၍၊ ခရစ်တော်သည် အသင်းတော်ကို အေဒီ ၃၃ ကတည်းက တည်ထောင်ခဲ့၍ ထိုအချိန်မှစပြီး ယခုတိုင် တည်တံ့ခိုင်မြဲ လျက် ရှိနေပါသည်။

## မေးခွန်းများ။

*အောက်ပါများကို မည်သူက ပြောကြားခဲ့သည်ကို ဖော်ပြပါ။*

၁။ "မိမိအသင်းတော်ကို တည်ထောင်မည်" ဟုမည်သူက ပြောသနည်း။ ________________________________

________________________________

၂။ "နောင်ကာလ၌လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်းမည်" ဟူသော စကားစုကို မည်သူက တင်ပြ ပြောဆိုသနည်း။ ________________________________

________________________________

________________________________

၃။ "ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ့သခင်အား မိန့်တော်မူသည်။" ________________________________

________________________________

၄။ အပြစ်လွှတ်စေခြင်းငှာ နောင်တရ၍ တယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ ________________________________

________________________________

၅။ သဘောမဖြောင့်သော ဤအမျိုးမှ ကယ်တင်ခြင်းသို့ ရောက်ကြလော့။ ________________________________

________________________________

*ဗျာဒိတ်တော်များကို ဖော်ပြပါ။*

၁။ ကိုယ်တော်၏နိုင်ငံတော်ကိုမည်သည့်အချိန်က တည်ထောင်ခဲ့ပါသနည်း။ ______________________

၂။ မည်သည့်မြို့တွင် နိုင်ငံတော်ကို တည်ထောင်မည်နည်း။

______________________

၃။ ၎င်းထဲသို့ မည်မျှစီးဝင်ကြမည်နည်း။ ______________________

______________________

၄။ မည်သည့်အရာနှင့်အတူ ရောက်ရှိလာမည်နည်း။ ______________________

______________________

၅။ မည်သည့်အချိန်ကာလအထိ ရပ်တည်နေနိုင်မည်နည်း။ ______________________

______________________

*ဂတိပြုချက်များကို ဖော်ပြပါ။*

၁။ အသင်းတော်ကို မည်သူက တည်ထောင်မည်နည်း။ ______________________

______________________

၂။ မည်သည့်အရာနှင့်အတူ ရောက်ရှိလာမည်နည်း။ ______________________

______________________

၃။ မည်သည့်အကြောင်း ဟောကြားမည်နည်း။ ______________________

______________________

၄။ လူမျိုးဘယ်နှစ်မျိုးကို ဟောကြားမည်နည်း။ ______________________

______________________

၅။ မည်သူ့အမည်နာမ၌ ဟောကြားချက်များကို ပြုလုပ်မည်နည်း။ ________________

________________

*တမန်တော်ဝတ္ထု ၂ မှ အောက်ပါမေးခွန်းများကိုဖြေပါ။*

၁။ ဝိညာဉ်တော်ကို မည်သူ/မည်သူများကလက်ခံရရှိခဲ့သနည်း။

________________

________________

၂။ ဝိညာဉ်တော်သက်ရောက်ပါဝင်မှု၏နိမိတ်လက္ခဏာများကား မည်သည်နည်း။ ________________

________________

၃။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း လူများယုံကြည်လာရန်ပေတရုကမည်သို့ဟောပြောသနည်း။ ________________

________________

________________

၄။ လူအများက မည်သည့်မေးခွန်းကို တင်ပြ မေးမြန်း ခဲ့သနည်း။ ________________

________________

ထိုမေးခွန်းအဖြေကားအဘယ်နည်း။ ________________

________________

________________

၅။ ကယ်တင်ခြင်းခံရသူများကို မည်သူက အသင်းတော်ထဲသို့ သွင်းခဲ့သနည်း။ ______________________________

______________________________

*အနက်အဓိပ္ပါယ် ဖွင့်ဆိုပါ။*

၁။ အသင်းတော်၊ ______________________________

______________________________

______________________________

၂။ ဗျာဒိတ်တော်၊ ______________________________

______________________________

______________________________

၃။ ပင်တေကုတ္တေ၊ ______________________________

______________________________

______________________________

၄။ နောင်တ၊ ______________________________

______________________________

______________________________

၅။ ဗတ္တိဇံ၊ ______________________________

______________________________

______________________________

သင်ခန်းစာ ( ၄ )

## အသင်းတော်ကို ပေါ်လွင်စေသောအမှတ်အသားများ။

သင်သည်ကြာမြင့်စွာပျောက်ဆုံးနေသော မိတ်ဆွေတစ်ယောက်ကို မည်သို့ဖော်ထုတ်မည်နည်း?။ သဘာဝ အလျောက် သင်သည် ထိုမိတ်ဆွေနှင့် ပတ်သက်သော အမှတ်အသား သင်္ကေတ များကို စုဆောင်းပြီး မိတ်ဆွေကို စတင်ရှာပါမည်။ သင်မှတ်သားထားသောအမှတ်အသား၊ သင်္ကေတများနှင့် ကိုက်ညီသောသူကိုတွေ့မှသာ သင်ရှာဖွေနေသောသူ ဖြစ်ကြောင်း လက်ခံပါမည်။ ထိုသို့ပင်ကမ္ဘာပေါ်တွင် အသင်းတော် မြောက်များစွာ ရှိပါသည်။ မှန်ကန်သော အသင်းတော်၊ စစ်မှန်သော အသင်းတော်ဟု တဦးတယောက်ကမည်ကဲ့သို့သိနိုင်မည်နည်း? သခင်ယေရှု၏ အသင်းတော်ဖြစ်ကြောင်း မည်ကဲ့သို့သိနိုင် ပါမည်နည်း?။ သင်သည် အမှတ်အသား၊ သင်္ကေတများကို ယူဆောင်အသုံးပြုပြီး အသင်းတော်များနှင့် နှိုင်းယှဉ်ကြည့်ရပါမည်။ သင်မှတ်သားထားသော အချက်အလက်များနှင့် ထပ်တူထပ်မျှညီသော အသင်းတော်ကိုတွေ့လျှင် သင်သည်အသင်းတော်အစစ်အမှန်ကို တွေ့ရှိပြီဟု သေချာပေါက်ပြောနိုင်ပါမည်။ သို့ရာတွင် ထိုသို့ဖော်ထုတ်နိုင်ရန် မှတ်သားထားရမည့် အချက်အလက်၊ သင်္ကေတများကား အဘယ်နည်း?။ ၎င်းတို့ကို မည်သည့်နေရာတွင် တွေ့ရှိနိုင်ပါသနည်း?။ သမ္မာကျမ်းစာအုပ်သည် အဖြေဖြစ်ပါသည်။

၁။ သခင်ယေရှုသည် အသင်းတော်ကို တည်ထောင်ခဲ့သည်။ - "*ငါဆိုသည်ကား သင်သည်ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းကို ငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည်မနိုင်ရာ။*" (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)။

၂။ ၎င်း၏အစသည် ယေရှုရှုလင်၌ ပေါ်ပေါက် ခဲ့သည်။ ထိုအချက်ကို (ရှင်လုကာခရစ်ဝင် ၂၄း၄၅-၄၉ နှင့် တမန်တော်ဝတ္ထု ၂း၅) တွင်တွေ့ရှိနိုင်ပါသည်။

၃။ ဖြစ်ပေါ်ခဲ့သော အချိန်ကာလသည် အေဒီ-၃၃ တွင်ဖြစ်ပါသည်။ ထိုအချက်သည် အသင်းတော် တည်ထောင် ခဲ့သော ပင်တေကုတ္တေပွဲတော်နေ့ ကို ဖော်ပြခဲ့သော တမန်တော်ဝတ္ထု အခန်းကြီး ၂ ကိုအခြေခံထားပါသည်။

၄။ အသင်းတော်သည် သခင်ခရစ်တော်၏ အမည်ခံထားပါသည်။ အသင်းစုအမျိုးမျိုးအကြောင်းကို ဖော်ထုတ် ပြောဆိုခဲ့ရာ၌ ရှင်ပေါလုသည် အောက်ပါအတိုင်း ရေးသားခဲ့သည်။ "*ခရစ်တော်၏ အသင်းတော်အပေါင်းတို့သည် သင်တို့နှင့် နှုတ်ဆက်ကြ၏။*" (ရောမသြဝါဒစာ ၁၆း၁၆)။ ကောရိန္တု၌ အသင်းတော်ကို ဟောပြောရာတွင် ၎င်းက "*သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။အသီးအသီးအင်္ဂါတော်ဖြစ်ကြ၏*" ဟုပြောဆိုခဲ့ပါသည်။ (ကောရိန္တုသြဝါဒစာပဌမစောင် ၁၂း၂၇)။ ခန္ဓာကိုယ်သည် မည်သည့်အရာဖြစ်သနည်း?။ အသင်းတော်ဖြစ်ပါ သည်။ (ဖေက်သြဝါဒစာ ၁း၂၂ -၂၃)။

၅။ ၎င်း၏ အဖွဲ့ဝင်များကို ခရစ်ယာန်များဟုခေါ်ပါသည်။ *"တပည့်တော်တို့သည်လည်း ခရစ်ယာန်ဟူသော ခေါ်ဝေါ်သမုတ် ခြင်းကို အန္တိအုတ်မြို့၌ အဦးခံရကြ၏။"* (တမန်တော်ဝတ္ထု ၁၁:၂၆)။ *"အဂြိပ္ပမင်းကလည်း၊ သင်သည် ဖြားယောင်းသွေး ဆောင် သောအားဖြင့်၊ ငါသည်ခရစ်ယာန်ဖြစ်လုပြီဟု ပေါလုအား ပြောဆိုလျှင်"* (တမန်တော်ဝတ္ထု ၂၆:၂၈)။ *"ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်မူကား၊ ရှက်ကြောက်ခြင်း မရှိစေနှင့်။ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းစေ။"* (ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၄:၁၆)။ နောက်ဆုံးအချက်–သတိရပါ *"ထိုသခင်၏ နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှကောင်းကင်အောက် လူတို့တွင်မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏။"* (တမန်တော်ဝတ္ထု ၄:၁၂)။

၆။ ခရစ်တော်သည်သာလျှင် အသင်းတော်၏ဦးခေါင်း ဖြစ်ပါသည်။ *"အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏။"* (ကောလောသဲဩဝါဒစာ ၁:၁၈)။

၇။ တစ်ဦးတစ်ယောက်တည်းသာရှိ၏။ *"သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းတပါးထဲသို့ခေါ်သွင်းတော်မူသည်နှင့်အညီ၊ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏"* (ဧဖက်ဩဝါဒစာ ၄:၄)။ သို့သော် ကိုယ်သည် အဘယ်အရာဖြစ်သနည်း?။ ၎င်းသည်အသင်းတော်ဖြစ်ပါသည်။(ကော

လောသဲသြဝါဒစာ ၁း၁၈)။ သို့ဖြစ်၍ ခန္ဓာကိုယ်တခုတည်း ဖြစ်ခဲ့လျှင်၊ ၎င်းခန္ဓာသည် အသင်းတော် ဖြစ်သောကြောင့်၊ အသင်းတော် တစ်ခုတည်းသာရှိပါမည်။

၈။ အသင်းတော်ထဲသို့ဝင်ရောက်ရန်လိုအပ်ချက်များရှိပါသည်။ ထိုအချက်များအနက် အောက်ပါများပါဝင်ပါသည်။ ယုံကြည်ခြင်း(ဟေဗြဲသြဝါဒစာ ၁၁း၆)၊ နောင်တတရားရခြင်း(တမန်တော်ဝတ္ထု ၁၇း၃၀)၊ ယုံကြည်မှုကိုဝန်ခံခြင်း (ရောမသြဝါဒစာ ၁၀း၉–၁၀)၊ ဗတ္တိဇံခံခြင်း(ရှင်မာကု ၁၆း၁၆)တို့ ဖြစ်ကြပါသည်။ တဦးတယောက် သည်ကယ်တင်ခြင်းခံရလျှင် ၎င်းကို အသင်းတော်ထဲသို့ ကိုယ်တော်ကိုယ်တိုင် သွတ်သွင်းပါသည်။ (တမန်တော်ဝတ္ထု ၂း၄၇၊ရောမသြဝါဒစာ ၆း၃–၄၊ ဂလာတိသြဝါဒစာ ၃း၂၆–၂၇ နှင့် ၁ကော ၁၂း၁၃) စသည်တို့တွင် တစ်ဦးတစ်ယောက်ကို သခင်ဘုရားကိုယ်တိုင် ထိုသူ၏ ဗတ္တိဇံခံခြင်း၌ သခင်ခရစ်တော်၏ ကိုယ်ထည်(အသင်းတော်) ထဲသို့ ဝင်ရောက်စေတော်မူကြောင်း သင်ကြားထားပါသည်။ ထိုမိန့်မှာချက်များကိုနာခံခြင်းဖြင့်တစ်ဦးတစ်ယောက်သည် အသင်းတော်ထဲသို့ (သို့မဟုတ်) နိုင်ငံတော်ထဲသို့ မွေးဖွားခြင်းခံရပါသည်။ (ရှင်ယောဟန်ခရစ်ဝင် ၃း၃–၅)။

၉။ အသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်းသည် ထူးခြားသည်။ ခရစ်ယာန်တို့သည် ခုနစ်ရက်တွင် ပဌမနေ့ရက်၌ စုဝေးရန် ဖြစ်သည်။ (တမန်တော်ဝတ္ထု ၂၀း၇)။ သီချင်းဆိုရန် (ဧဖက်သြဝါဒစာ ၅း၁၉)၊ ဆုတောင်းရန်(တမန်တော်ဝတ္ထု ၂း၄၂)၊ လေ့လာရန် (တိမောသေသြဝါဒစာဒုတိယစောင် ၂း၁၅)၊ ကိုယ်တော်၏

ပွဲတော်မင်္ဂလာတွင် ပါဝင်ဆင်နွှဲရန် (တမန်တော်ဝတ္ထု ၂၀း၇)၊ ပေးကမ်းလှူဒါန်းရန် (၁ကော ၁၆း၂) စသည်တို့ ဖြစ်ကြပါသည်။

၁၀။ အသင်းတော်၏ သွန်သင်ချက်၊ ခံယူချက် သည်ကျမ်းစာတွင်သာအခြေခံရန်ဖြစ်သည်။ ၎င်းကို ဖြည့်စွက်ခြင်း၊ နှုတ်ပယ်ခြင်း၊ အစားထိုးခြင်း များကို မပြုလုပ်ဘဲလျက် လက်ခံရပေသည်။ (ဗျာဒိတ်ကျမ်း ၂၂း၁၈–၁၉၊ ဂလာတိ ၁း၆–၁၁)။ ကျမ်းစာသည်သာလျှင် အသင်းတော်၏ တစ်ခုတည်းသော သွန်သင်ချက်(ခံယူချက်) ဖြစ်ပါသည်။ ထပ်၍ဖြည့်စွက်သော စာအုပ်များ၊ သွန်သင်ချက်များ စသ၍ကို ငြင်းဆန်ပါသည်။

၁၁။ အသင်းတော်၏ ဖွဲ့စည်းပုံမှာလည်း ဘုရားသခင်၏ အစီအစဉ်အတိုင်းဖြစ်ရမည်။ ခရစ်တော်သည် ဦးခေါင်း (ဦးဆောင်သူ) (ဧဖက် ၅း၂၃) ဖြစ်၍၊ အသင်းစုတိုင်းသည် မိမိအသင်းလူကြီးများနှင့် သင်းထောက်များရှိရပေမည်။ (တိမောသေဩဝါဒစာ ပထမစောင် ၃၊ တိတုဩဝါဒစာ ၁) ကိုယ်တော်၏ အသင်းတော်သည် ကမ္ဘာမြေကြီးသားခေါင်းဆောင် သော်လည်းကောင်း၊ မြေကြီးဆိုင်ရာ ဌာနချုပ်သော်လည်းကောင်း မရှိပါ။ အမျိုးသားရေးဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာ လူတို့ဖန်တီးသော အဖွဲ့အစည်းလည်း မဟုတ်ပါ။

၁၂။ အသင်းတော်၏ရည်မှန်းချက်တာဝန်လုပ်ငန်းမှာ သုံးမျိုးပါဝင်ပါသည်။ ဒေသနာကို ဟောပြောရန် (ရှင်မာကုခရစ်ဝင် ၁၆း၁၅–၁၆) လိုအပ်ချက်များကိုကူညီပေးရန် (ဂလာတိဩဝါဒ

စာ ၆၊ ရှင်ယာကုပ်ဩဝါဒစာ ၂) နှင့် အသင်းဝင် ယုံကြည်သူများကို တည်ဆောက်ပေးရန် (ဟေဗြဲဩဝါဒစာ ၃း၁၂-၁၄) တို့ဖြစ်ကြပါသည်။

၁၃။ ခရစ်ယာန်တိုင်းသည် သစ္စာရှိသော ခရစ်ယာန်ဘဝဖြင့် အသက် ရှင်ရမည်။ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးကို မချစ်နိုင်။ (ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၂း၁၅၊ ရှင်ယာကုပ်ဩဝါဒစာ ၄း၄)။ သို့ရာတွင် ဝိညာဉ်တော်၏အသီးအပွင့်များကို ဖော်ထုတ်ပေးရမည်။ (ဂလာတိဩဝါဒစာ ၅း၂၂-၂၃)။ သစ္စာရှိသော သူသာလျှင် အသက်သရဖူကို ရရှိလိမ့်မည်။ (ဗျာဒိတ်ကျမ်း ၂း၁၀)။

ငင်းတို့သည် အသင်းတော်၏ အမှတ်အသားများ ဖြစ်သည်။ ၎င်းပုံစံတို့ကိုသမ္မာကျမ်းစာမှ ထုတ်နုတ်ထားခြင်း ဖြစ်သည်။ သင်၏အသင်းတော်ကို ထိုအချက်များဖြင့် နှိုင်းယှဉ်ကြည့်ပါ။ ဥပမာ – ပထမ ၄ ချက်ကိုယူပါ။ ကိုယ့်ကိုကိုယ်မေးပါ။ "ကျွန်ုပ်၏အသင်းတော်ကို မည်သူက တည်ထောင်ခဲ့ပါသနည်း?။" ၎င်းကိုခရစ်တော် (သို့မဟုတ်) သာမန်လူတစ်ယောက်က တည်ထောင်ခဲ့ပါသလား?။ ထို့နောက် ဆက်လက်မေးပါ။ "ကျွန်ုပ်၏အသင်းတော်ကို မည်သည့်နေရာ၌ တည်ထောင်ခဲ့ပါသနည်း?။ ၎င်းကို ယေရုရှလင် (သို့မဟုတ်) အခြားတနေရာ၌ စတင် ခဲ့ပါသလား?။ ဆက်လက်၍မေးပါ။ "ကျွန်ုပ်၏အသင်းတော်ကို မည်သည့်အချိန်ကာလက တည်ထောင် ခဲ့ပါသနည်း?။" အကယ်၍အေဒီ ၃၃ နောက်ပိုင်း၌ဖြစ်ခဲ့လျှင် ထိုအသင်းတော်သည် ဘုရားသခင်၏ အသင်းတော်မ

ဖြစ်နိုင်ပါ။ နောက်ဆုံး မိမိကိုယ်ကိုမေးပါ။ "ကျွန်ုပ်၏အသင်းတော်သည် မည်သည့်အမည် ဆောင်ပါသနည်း?" သခင်ယေရှု၏အမည် မဟုတ်လျှင်၊ ၎င်းအသင်းသည် သခင်ယေရှုပိုင်အသင်းတော် မည်သို့ဖြစ်နိုင်ပါမည်နည်း?။ သင်ဆက်ပြီး မေးခွန်းများထုတ်သွားနိုင်ပါသည်။ သို့သော် သင်၏အသင်းတော်သည် ဘုရားသခင်၏ အသင်းတော်၊ သို့တည်းမဟုတ် လူဖန်တီးသော အသင်းတော်ဖြစ်သည်ကို ထိုအချက်များဖြင့် ပင် ခွဲခြားမြင်တွေ့ စေနိုင်ပါသည်။ အခြားအခြားသော အသင်းများကိုလည်း ထိုအချက်များနှင့်နှိုင်းယှဉ်ကြည့်ခြင်းဖြင့် ဘုရားသခင်၏အသင်းတော် ဟုတ်၊မဟုတ်ကို ဖော်ထုတ်နိုင်ပါသည်။ မိမိကိုယ်ကို မိမိမလှည့်စားလျှင် သင်သည်ခြားနားမှုကို သိမြင်နိုင်ပါ လိမ့်မည်။

သင်၏အသင်းတော်သည် သမ္မာကျမ်းစာက ညွှန်းထားသည့် စစ်မှန်သောအသင်းတော် မဟုတ်ကြောင်း သင်သိမြင်လာလျှင်၊ ၎င်းကိုစွန့်ပစ်လိုက်ရန် ကျွန်ုပ်တိုက်တွန်းပါရစေ။ အမှန်တရားကိုလေ့လာပါ။ ၎င်းကိုလိုက်နာပါ။ သို့ပြုလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင်ဖတ်ရှုနိုင်သော အသင်းတော်ထဲသို့ ဝင်ရောက်စေခြင်း ခံရပါမည်။ ထိုသို့ပြုပြီးနောက် သင်သည် ကယ်တင်ခြင်းကိုတွေ့မြင်နိုင်သော အသင်းတော်ထဲသို့ ရောက်ရှိပါသည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ တာရှည်စွာပျောက်ဆုံးနေသော မိတ်ဆွေတစ်ဦးကိုမည်သို့ ရှာဖွေမည်နည်း။ ____________________

____________________

____________________

၂။ ယနေ့ကမ္ဘာပေါ်တွင် ဂိုဏ်းဂဏအသင်းတော်အများ ရှိပါသလား။ ____________________

၃။ မည်သည်ကစစ်မှန်သောအသင်းတော်ဖြစ်ကြောင်း မည်သို့ သိနိုင်မည်နည်း။ ____________________

____________________

၄။ ပေါ်လွင်စေသောအမှတ်အသား၊သင်္ကေတများကို မည်သည့် နေရာတွင်တွေ့နိုင်ပါသနည်း။ ____________________

____________________

____________________

၅။ အသင်းတော်ကို မည်သူက ထူထောင်ခဲ့ပါသနည်း။ ____________________

____________________

၆။ မည်သည့်နေရာတွင် အစပျိုးခဲ့သနည်း။ ____________________

____________________

၇။ မည်သည့်အချိန်ကာလတွင် စတင်ခဲ့ပါသနည်း။ ____________________

____________________

၈။ ၎င်း၏အမည်ကို ဖော်ပြပါ။ ______________________

______________________________________________

၉။ ခန္ဓာကိုယ်ဆိုသည်မှာ အဘယ်အရာဖြစ်သနည်း။ ______

______________________________________________

၁၀။ အသင်းသားများကို မည်သို့ခေါ်ဝေါ်သနည်း။ ______

______________________________________________

၁၁။ အသင်းတော်၏ဦးခေါင်းသည် မည်သူနည်း။ ______

______________________________________________

၁၂။ အသင်းတော် မည်မျှရှိသနည်း။ ______________

______________________________________________

၁၃။ အသင်းတော်ထဲသို့ ဝင်ရောက်ပါဝင်လာရန် လိုအပ်ချက်များကိုဖော်ပြပါ။ ______________________

______________________________________________

______________________________________________

၁၄။ တစ်ဦးတစ်ယောက်သည် ခရစ်တော်နှင့်အသင်းတော်ထဲသို့ မည်ကဲ့သို့ဝင်ရောက်နိုင်မည်နည်း။ ______________

______________________________________________

______________________________________________

၁၅။ ကိုးကွယ်ဝတ်ပြုရာတွင်ဆောင်ရွက်ရသောလုပ်ဆောင်ချက်များကိုဖော်ပြပါ။ ______________________

______________________________________________

______________________________________________

၁၆။ အသင်းတော်၏သွန်သင်ချက်ဝါဒသည် မည်သည့်အရာ ဖြစ်သနည်း။

၁၇။ အသင်းစုတခုချင်း၌ ရှိသင့်သောအရာများကို ဖော်ပြပါ။

၁၈။ အသင်းတော်၏ သုံးခေါက်ချိုးရည်မှန်းချက် သာသနာပြု အစီအစဉ်ကိုဖော်ပြပါ။

၁၉။ ခရစ်ယာန်တယောက်အနေနှင့် မည်ကဲ့သို့ အသက်ရှင် နေထိုင်ရမည်နည်း။

၂၀။ အသက်သရဖူကို မည်သူရရှိမည်နည်း။

၂၁။ သာမန်လူသားတစ်ယောက်တည်ထောင်သောအသင်းတော် သည် ဘုရားသခင်၏အသင်းတော်ဖြစ်နိုင်ပါမည်လား။

၂၂။ယေရုရှလင်မြို့၌ စတင်ခဲ့သောအသင်းမဟုတ်လျှင်၊ ဘုရား သခင်၏အသင်းတော် ဖြစ်နိုင်ပါမည်လား။

၂၃။ အေဒီ–၃၃ ခုနှစ်၏ နောက်ပိုင်းမှအစပျိုးခဲ့သော အသင်းတစ်ခုသည် ကိုယ်တော်၏ အသင်းတော်ဖြစ်နိုင်ပါမည်လား။

______________________________________________

______________________________________________

၂၄။ ခရစ်တော်၏ နာမကိုယူတင်ခြင်းမရှိသောအသင်းသားများ၏အသင်းသည် ကိုယ်တော်၏အသင်းတော်ဖြစ်နိုင်ပါမည်လား။______________________________________

______________________________________________

၂၅။ သင်သည်ကယ်တင်ခြင်းရရှိလျှင်၊ ခရစ်တော်သည်သင့်အား မည်သည့်အသင်းထဲသို့ ဝင်ရောက်စေပါမည်နည်း။ ___

______________________________________________

______________________________________________

## သင်ခန်းစာ ( ၅ )

## အသင်းတော်၏ အမည်နာမ။

အသင်းတော်သည် ကျမ်းစာနှင့် သက်ဆိုင်မှုရှိနေလျှင် ၎င်းသည် ကျမ်းစာနှင့် ဆက်စပ်နေသော အမည်ရှိရပါမည်။ သို့ရာတွင် လူတို့ဖန်တီးထားသော အသင်းတော်များနှင့် လူတို့ မှည့်ထားသော အမည်မြောက်များစွာရှိပါသည်။ ထိုကိစ္စမည်သို့ ဖြစ်ခဲ့ရပါသနည်း?။ အချို့သောအမည်များသည် ၎င်းတို့ကို တည်ထောင်ခဲ့သော ပုဂ္ဂိုလ်ကို ဂုဏ်ပြုသောအားဖြင့် မှည့်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ဥပမာ "လူသာရင်" ဖြစ်သည်။ အချို့က ဗတ္တိဇံကဲ့သို့သောအယူဝါဒကို ဂုဏ်မြင့်စေရန်၎င်း၊ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်နေသော နည်းစနစ်ကို အစွဲပြုပြီး မှည့်ခေါ်ခြင်းဖြစ်သည်။ အချို့မှာ ပင်တေကုတ္တေပွဲနေ့၊ ဥပုဒ်နေ့ စသည်တို့ကို အမွန်းတင်ရန်အလို့ငှါ ခေါ်ဝေါ်သမုတ် ကြသည်။ အခြားသော သူများမှာ အသင်း၏ အသက်ကြီးသော ကြီးကြပ် အုပ်ချုပ်သူတို့၏ဆောင်ရွက်မှုကို အရေးထားဖော်ပြလျက် စီမံအုပ်ချုပ်သောအသွင်ပုံစံကို အလေးထား၍ အသင်းတော်ကို အမည်ပေးတတ်သည်။ ထိုအရာ အားလုံးနှင့် အခြားဖော်ပြနိုင်သေးသော အရာများတွင် သခင်ခရစ်တော်ကို ချီးမွမ်းဂုဏ်ပြုပြီး အမည်မှည့်ဆို ရမည့်အစား၊ လူတို့ဖန်တီး အစပျိုးခဲ့သမျှကို အမည်နာမများ တပ်ဆင်ခေါ်ဝေါ်လေ့ရှိပါသည်။

လူတို့ဖန်တီးပြီး ခေါ်ဝေါ်သမုတ်သော အမည်များမှာ အကြောင်းအမျိုးမျိုးကြောင့်မှားယွင်းမှုရှိပါသည်။ ပထမအချက်

အနေနှင့် ၎င်းတို့သည်ကွဲပြားမှုကိုဖြစ်စေသည်။ ဘုရားသခင်က ကွဲပြားခြင်းမပြုစေလိုသော ကိစ္စများတွင် ၎င်းတို့က ကွဲပြားမှုများဖြစ်စေပါသည်။ လူတို့ကို တကွဲတပြားစီဖြစ်စေပါသည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၇)တွင်မှတ်သားထားသည့် အားလုံးကို တလုံးတဝတည်းဖြစ်စေလိုသော ခရစ်တော်၏ဆုတောင်းချက်ကို ဆန့်ကျင်နေပါသည်။ ဒုတိယအချက်အနေနှင့်ကျမ်းစာတွင် ၎င်းတို့ကို အပြစ်တင်ပုတ်ခတ်ထားပါသည်။ (၁ကော ၁း၁၀-၁၇) တွင် တမန်တော်ပေါလုက လူတို့၏အမည်များ ခံထားခြင်းမှာ မှားယွင်းကြောင်း၊ထိုသို့ဆောင်ရွက်မှုကြောင့်ပါတီများ၊ အစိတ်အပိုင်းအဖွဲ့အစည်းများ ကွဲကုန်ကြောင်းကို ဖော်ပြထားပါသည်။ တတိယအချက်အနေနှင့်ဘုရားသခင်၏နာမကို လူ၏အမည်နှင့် အစားထိုးထားခြင်းဖြစ်ကြောင်းထောက်ပြခဲ့ပါသည်။ မည်သို့ဖြစ်စေခါမူ သခင် ခရစ်တော်၏ နာမနှင့်ပတ်သတ်ပြီး ကျွန်ုပ်တို့ဖတ်ရှုရသည်မှာ "*ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ*" (တမန်တော်ဝတ္ထု ၄း၁၂)။ စတုတ္ထအချက်အနေနှင့် လူတို့ဖန်တီးပြီးပေးထားသောအမည်များသည် မယုံကြည်ကြသောသူများ အကြားတွင် ထင်ယောင်မှားစေခြင်း၊ ရှုပ်ထွေး စေခြင်း၊ မှားယွင်းသောထင်မှတ် စေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ သို့ဖြစ်၍ မယုံကြည်မှုကို ဖြစ်ပေါ်စေတတ်ပါသည်။ ပဥ္စမအချက်အနေနှင့် ၎င်းအမည်ခံထားသောသူတို့နှင့် ၎င်းအမည်များကြောင့် ခရစ်တော်မှသွေဖီသွားသူတို့ကို လက်လွတ်ဆုံးရှုံးရတတ်ပါသည်။ ထိုအချက်များကြောင့် ၎င်းဖြစ်ရပ်များသည် မှားယွင်းပြီး အပြစ်ကြီးလှပေသည်။

အသင်းတော်နှင့် ပတ်သက်ပြီး ပြောရမည်ဆိုလျှင်၊ ၎င်းကိုတည်ထောင်ပါမည်ဟု ခရစ်တော်က ဂတိပြုခဲ့ပါသည်။ (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)။ မိမိ၏အသွေးတော်ဖြင့် ၎င်းကို ဝယ်ယူခဲ့ကြောင်း (တမန်တော်ဝတ္ထု ၂၀း၂၈)၊ ၎င်းသည်သာ လျှင်၎င်း၏ကယ်တင်ရှင်ဖြစ်ကြောင်း (ဧဖက်သြဝါဒစာ ၅း၂၃)၊ ၎င်းသည်ဦးဆောင်မည့်သူဖြစ်ကြောင်း (ကောလောသဲသြဝါဒစာ ၁း၁၈)၊ ပြောဆိုထားပါသည်။ သို့ဖြစ်၍ စတင်ဖြစ်ထွန်းရန် ဖန်တီးသူ၊ ဆောက်တည်သူ၊ ကယ်တင်ရှင်နှင့်ဦးဆောင်သူကို ဂုဏ်ပြုသောအနေနှင့် ၎င်း၏နာမည်ကို ခေါ်ဝေါ်သမုတ်ခြင်း သည် သဘာဝကျလှပါပေသည်။ ရှင်ပေါလုက၊ ရောမမြို့ရှိ အသင်းတော်ကို စာရေးသားခဲ့ရာတွင်၊ ထိုဒေသရှိ လူစုလူဝေး ကြီးကို နှုတ်ဆက်စကားပေးပို့ရာ၌ *"ခရစ်တော်၏ အသင်းတော် အပေါင်းတို့သည် သင်တို့နှင့် နှုတ်ဆက်ကြ၏။"* (ရောမ သြဝါဒစာ ၁၆း၁၆)ဟု ပါရှိခဲ့ပါသည်။ ကောရိန္တု အသင်းတော် ကို ဟောပြောခဲ့ရာ၌၊ ယခုအခါ *"သင်တို့သည် ခရစ်တော်၏ ကိုယ် ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏။"* (၁ကော ၁၂း၂၇) ဟု ပြောခဲ့ပါသည်။ ကိုယ်ခန္ဓာသည် အသင်းတော်ဖြစ် ကြောင်း (ဧဖက်သြဝါဒစာ ၁း၂၂-၂၃)၊ ၎င်းက ခရစ်တော်၏ အသင်းတော်ကိုရည်ညွှန်းပြီးပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ၎င်းကို ဘုရားသခင်၏ အသင်းတော်ဟူ၍လည်းကောင်း (၁ကော ၁း၂၊ တမန်တော်ဝတ္ထု ၂၀း၂၈)၊ ဘုရားသခင်၏နိုင်ငံတော် (၁ကော ၆း၉)၊ ခရစ်တော်၏နိုင်ငံတော်(ဧဖက်သြဝါဒစာ ၅း၅)၊ မိမိ၏ သားတော်၏နိုင်ငံတော် (ကောလောသဲသြဝါဒစာ ၁း၁၃)၊ ကျွန်ုပ်တို့အရှင်သခင်၏ နိုင်ငံတော် (ရှင်ပေတရုသြဝါဒစာ ဒုတိယစောင် ၁း၁၁)၊ အသင်းတော် (တမန်တော်ဝတ္ထု ၁၃း၁)၊

အသက်ရှင်သော ဘုရားသခင်၏အသင်းတော် (တိမောသေ ဩဝါဒစာပဌမစောင် ၃း၁၅)၊ သားဦး၏အသင်းတော် (ဟေဗြဲ ဩဝါဒစာ ၁၂း၂၃) စသည်ဖြင့် လည်း ခေါ်ဝေါ်ပါသည်။

သို့ဖြစ်၍ အသင်းတော်ကို သီးသန့်ထားသော အထူး အမည်ဖြင့်ငင်း၊ အရာတခုခုကို ဖော်ပြထားသော စကားစုများ ဖြင့်ငင်း ခေါ်ဝေါ်ခြင်းမပြုပါ။ တချိန်တည်းမှာပင် ဘုရားသခင် နှင့်သက်ဆိုင်သည်မှာ ခရစ်တော်နှင့် လည်းသက်ဆိုင်ကြောင်း၊ သို့တည်းမဟုတ် အပြန်အလှန်သက်ဆိုင်မှု ပြသနေသည်ကို သတိရသင့်ပါသည်။ ထိုအမည်အားလုံးသည်ခရစ်တော် ထူ ထောင်ခဲ့သော အသင်းတော်ကို ကိုးကားပြောဆိုနေခြင်း ဖြစ် ပါသည်။ ငင်းသည် ခရစ်တော်၏အသင်းတော်မဟုတ်လျှင် မည်သူ့အသင်းတော်ဖြစ်မည်နည်း?။ ထို့အပြင် ထိုအမည် အားလုံး နှင့်ဖော်ပြ နေသော စကားစုများအရ၊ အရှင်သခင်၏ အသင်းတော်ကို အခြားသောအမည်တစ်ခု တပ်ခေါ်လိုသော ဆန္ဒများကြောင့်၊ သမ္မာကျမ်းစာမှ သွေဖီသွားလိမ့်မည်ဖြစ်ပါ သည်။သို့သော်လည်း၊ ကျမ်းစာအတိုင်းသာ လက်ခံပြီး၊ အသင်း တော်ကိုကျမ်းစာကခေါ်သည့်အတိုင်းခေါ်ကြပါစို့။ သို့ဖြစ်မှသာ ကျွန်ုပ်တို့သည် မှန်ကန်မည် ဖြစ်ပါသည်။

အသင်းသားများနှင့် ပတ်သတ်ပြီး အခေါ်အဝေါ်ကို လည်း ကျမ်းစာက ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ပရောဖက်ဟေရှာယက၊ ဘုရားသခင်သည် မိမိ၏လူမျိုးတော်ကို အမည်အသစ်ပေးမည်ဟု ပြောကြားခဲ့ပါသည်။ (ဟေရှာယ အနာဂတ္တိကျမ်း ၆၂း၂)။ နှစ်ပေါင်းများစွာ နောက်ပိုင်းတွင် ရှင်ပေါလုက ထိုအမည်ကို မွေးဖွားခဲ့ပါသည်။ (တမန်တော်

ဝတ္ထု ၉း၁၅)။ သို့ရာတွင် တပါးအမျိုးသားများသည် ဘုရားသခင်ကိုနာခံရန်အခွင့်အလမ်း မပေါ်မခြင်း ထိုအမည်ကို မပေးခဲ့ပါ။ ထိုအချင်းအရာအားလုံးသည် တမန်တော်များကို ပဋ္ဌမ ဦးဆုံးအကြိမ်ခရစ်ယာန်များဟု အခေါ်ခံခဲ့ရသော ဆီးရီးယားပြည် အန္တိအုတ်တွင် ပြည့်မြောက်ခဲ့ခြင်းဖြစ်ပါသည်။ (တမန်တော်ဝတ္ထု ၁၁း၂၆)။ ထိုနောက် ရှင်ပေါလုက အဂြိပ္ပမင်းကို တရားဟောပြောခဲ့ရာ၌ ၎င်းက တုံ့ပြန်ပြောဆိုခဲ့သည်မှာ "*အဂြိပ္ပမင်းကလည်း၊ သင်သည် ဖြားယောင်းသွေးဆောင်သောအားဖြင့် ငါသည် ခရစ်ယာန်ဖြစ်လုပြီ*" (တမန်တော်ဝတ္ထု ၂၆း၂၈) ဖြစ်ပါသည်။ အဆုံး၌ ရှင်ပေတရုပြောဆိုခဲ့သည်ကို ဖတ်ရှုရာ၌ "*ခရစ်ယာန် ဖြစ်သောကြောင့် ခံရလျှင်မူကား ရှက်ကြောက်ခြင်း မရှိစေနှင့်၊ ထိုအမှုကြောင့်ခံရလျှင် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းစေ။*" (ရှင်ပေတရုဩဝါဒစာပဋ္ဌမစောင် ၄း၁၆) ဟု ပါရှိပါသည်။

သို့ဖြစ်သောကြောင့် ဓမ္မသစ်ကျမ်းကာလ၌၊ ခရစ်တော်၏နောက်လိုက်များသည် ခရစ်ယာန်တည်းဟူသော ခရစ်ယာန်များသာ ဖြစ်ကြပါသည်။ ကိုယ်တော်ရှင်သခင်သည် ယနေ့၌ ကျွန်ုပ်တို့ကို ထိုသို့နှင့်အညီ ဖြစ်စေလိုပါမည်။ အကယ်၍ ကျွန်ုပ်တို့သည် "ခရစ်ယာန်အမည်နာမနှင့် ကွဲလွဲသော အခြားသောအမည်နာမများကိုခံယူထားပါလျှင်ခရစ်ယာန် အစစ်အမှန် မဖြစ်နိုင်တော့ပါ။ ခရစ်ယာန်ဟူသော အမည်သည် ကမ္ဘာကြီး၏အခြားအရာများမှ ထူးခြားစေပြီး၊ ထိုအရာသည်သာလျှင် အရှင်သခင်က အလိုရှိတော်မူသော အရာဖြစ်ပါသည်။

အသင်းတော်နှင့် အသင်းတော်အဖွဲ့ဝင်များ၏ အမည်နှစ်ခုစလုံးတွင် ခရစ်တော်ဟူသော အမည်ကို ချီးမြှောက်ကြရမည် ဖြစ်သည်။ အဘယ်ကြောင့်နည်း?။ ၎င်းသည်မိသားစု၏ အမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။ (ဧဖက်သြဝါဒစာ ၃း၁၄–၁၅)။ ၎င်းအမည်သည် အခြားအမည်အားလုံး၏ အထက်၌ ရှိနေပါသည်။ (ဖိလိပ္ပိသြဝါဒစာ ၂း၉–၁၁)။ ထိုအမည်နာမ၌ ကယ်တင်ခြင်းကို ရရှိပါလိမ့်မည်။ (တမန်တော်ဝတ္ထု ၄း၁၂)။ သို့ဖြစ်၍ ကျွန်ုပ်တို့ သည် ခရစ်တော်၏နာမတော်ကို ယုံကြည်ရမည်။ (ရှင်ယောဟန်သြဝါဒစာပဌမစောင် ၅း၁၃)။ ထိုနာမကို ဝန်ချရမည်။ (တိမောသေသြဝါဒစာဒုတိယစောင် ၂း၁၉)၊ ထိုအမည်နာမ၌ အပြစ်မှနောင်တရ၍၊ ဗတ္တိဇံမင်္ဂလာကို ခံယူရမည်။ (တမန်တော်ဝတ္ထု ၂း၃၈)၊ ထိုနာမ၌ ကိုးကွယ်ဝတ်ပြုရန် ဆုံဆည်းရမည်။ (ရှင်မဿဲခရစ်ဝင် ၁၈း၂၀)၊ အရာအားလုံးကို ထိုအမည်နာမ၌ ဆောင်ရွက်ရပါမည်။ (ကောလောသဲသြဝါဒစာ ၃း၁၇)။ သို့မှသာ ထိုနာမ၌ ကျွန်ုပ်တို့သည် ထာဝရအသက်ကို ရရှိနိုင်ပါမည်။ (ရှင်ယောဟန် ၂၀း၃၀–၃၁)။

ဖော်ပြပါအချက်များကိုနှလုံးသွင်းခြင်းဖြင့်၊ နာမည်တခုနှင့်ပတ်သက်ပြီး အရာထင်ခြင်းမရှိဟု မည်သူကမျှ မပြောနိုင်ပါ။ လူဖန်တီးသောအမည်၊ ဘွဲ့များနှင့် ကယ်တင်ခြင်း ရရှိနိုင်မည်မဟုတ်ကြောင်းမှာ သေချာပါသည်။ ထိုအမည်များကိုဆွဲကိုင်ထားသောသူတို့မှာ ပျောက်ဆုံးကြလိမ့်မည်။ တနည်းဆိုသော် ခရစ်တော်၏နာမတော်၌သာလျှင်ကယ်တင်ခြင်းကို ရနိုင်ပါလိမ့်မည်။

## မေးခွန်းများ။

*အောက်ပါဝါကျများကို ဖြည့်စွက်ပါ။*

၁။ အသင်းတော်သည်သမ္မာကျမ်းစာနှင့်ပတ်သက်သော၊ ကိုက်ညီသော ________________ ရှိရမည်။

၂။ လူတို့ဖန်တီး၊ မှည့်ခေါ်ထားသောအမည်၊ ဘွဲ့များသည် ________________ ________________

၃။ ________________ ၏ဆုတောင်းချက်သည် ________________ ________________ အတွက်တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။

၄။ "ယခုအခါသင်တို့သည် ________________ ________________ ဖြစ်ကြ၏။"

၅။ ဘုရားသခင်သည်မိမိလူမျိုးကို"ထာဝရဘုရား၏နှုတ်တော်ထွက် ________________ ဖြင့် သင်တို့ကို ခေါ်ဝေါ်ကြလိမ့်မည်။

*အဖြေမှန်ကိုစက်ဝိုင်း ဝိုင်းပြပါ။*

မှန် မှား ၁။ သမ္မာကျမ်းနှင့်ဆီလျော်အောင်အသင်းတော်သည်ကျမ်းစာအမည် လိုအပ်ပါသည်။

မှန်  မှား  ၂။ လူတို့ဖန်တီးခေါ်ဝေါ်သောမုတ်သောအမည်ဘွဲ့များသည် မှားယွင်းပါသည်။
မှန်  မှား  ၃။ ကယ်တင်ခြင်းသည့်ခရစ်တော်၏နာမဗ္ဗရှိပါသည်။
မှန်  မှား  ၄။ ကိုယ်တော်သည်ကျွန်ုပ်တို့ကိုတူညီသောအမည်ကိုသာ ဝတ်ဆင်စေချင်ပါသည်။
မှန်  မှား  ၅။ ကိုယ်တော်၏အမည်ကိုဝတ်ဆင်ခြင်းမရှိဘဲလျက်ဂုဏ်တော်ချီးမြှောက်နိုင် ပါမည်။

*အဖြေမှန်များကို ဖော်ပြပါ။*

၁။ လူတို့ဖန်တီးခေါ်ဝေါ်သောအမည်အချို့သည် မည်ကဲ့သို့အခြေခံပြီး ပေါ်ပေါက်လာသနည်း။ ____________

____________

____________

____________

၂။ လူတို့ဖန်တီးခေါ်ဝေါ်သော အမည်များ အဘယ်ကြောင့်မှားယွင်းကြောင်း၊အကြောင်းအချက်အလက်အချို့ကိုဖော်ပြပါ။ ____________

____________

____________

၃။ ခရစ်တော်သည်မည်သည့်အတွက်ဆုတောင်းပါသနည်း။

____________

____________

၄။ ညီအစ်ကိုများ ကွဲပြားခြင်းကိုဖန်တီးနေကြောင်းသိရသော အခါ ပေါလု အဘယ်သို့ပြုလုပ်ပါသနည်း။

၅။ အသင်းတော်သည်မည်သည့်အကြောင်းကြောင့် ခရစ်တော်၏နာမကို တပ်ဆင်သင့်ပါသနည်း။

၆။ ရောမ ၁၆း၁၆ ကိုဖော်ပြပါ။

၇။ ၁–ကော ၁၂း၂၇ တွင် ခရစ်တော်၏ ခန္ဓာကိုယ်သည် မည်သည့်အရာကိုဆိုလိုပါသနည်း။

၈။ အသင်းတော်၏ အခြားအမည်အချို့ကိုဖော်ပြပါ။

၉။ အသင်းတော်သည် ခရစ်တော်၏အသင်းတော် မဟုတ်လျှင် မည်သူ၏အသင်းဖြစ်မည်နည်း။

၁၀။ အသင်းတော်ထဲရှိ အသင်းသားများကို မည်သို့ခေါ်ဝေါ်ပါသနည်း။

၁၁။ ခရစ်ယာန် ဟူသောအမည်ကို သုံးထားသော ကျမ်းညွှန်း သုံးခုကိုဖော်ပြပါ။

၁၂။ ကိုယ်တော်သည်ကျွန်ုပ်တို့ကိုမည်သို့ဖြစ်စေချင်ပါသနည်း။

၁၃။ ခရစ်ယာန်အမျိုးအစားတစ်မျိုးမဟုတ်လျှင်တစ်မျိုးအနေနှင့် ရှိနိုင်ချေရှိပါသလား။

၁၄။ ခရစ်တော်၏နာမကို အဘယ်ကြောင့် ချီးမြှောက်သင့်ပါသနည်း။

၁၅။ ခရစ်တော်၏နာမ၌ အဘယ်အရာကို လုပ်ရပါမည်နည်း။

# အခန်း ( ၆ )

## အသင်းတော်၏ ဖွဲ့စည်းပုံ။

ခရစ်တော်သည် အသင်းတော်ကို တည်ထောင်ခဲ့သည်။ (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)။ ကမ္ဘာအနှံ့အပြားတွင်အသင်းတော်ကို ခေါ်ထုတ်တော်မူထားသောသူများဖြင့် ထူထောင်ထားသည်။ (ကောလောသဲဩဝါဒစာ ၁း၁၃–၁၄)။ ၎င်းတွင် ကယ်တင်ခြင်းခံရသောသူများပါဝင်သည်။ (တမန်တော်ဝတ္ထု ၂း၄၇)။ အသင်းတော်သည် ၎င်း၏ ဝိညာဉ်ကိုယ်ခန္ဓာဖြစ်ပြီး (ကောလောသဲဩဝါဒစာ ၁း၁၈) တခုတည်းသာရှိပါသည်။ (ဧဖက်ဩဝါဒစာ ၄း၄)။

အသင်းတော်သည် သဘောသဘာဝ အားဖြင့် ကမ္ဘာတဝှမ်းလုံး အတိုင်းအတာ ဖြစ်သော်လည်း ၎င်းသည်ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသော၊ အသင်းစုကလေးများအသီးသီး ဖြင့် ဖွဲ့စည်းထား၍၊ အသင်းစုကလေးတခုစီတွင် အသင်းသားတဦးချင်းဖြင့်ပါဝင်ဖွဲ့စည်းထားသည်။ ဆိုလိုသည်မှာ အသင်းတော်၏ အုပ်ချုပ်မှုသည် နိုင်ငံဆိုင်ရာ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာမဟုတ်ပါ။ ဒေသခံကွပ်ကဲအုပ်ချုပ်မှုသာဖြစ်ပါသည်။ တနည်းဆိုသော် ကိုယ်တော်ရှင်၏အသင်းတော်သည် ကမ္ဘာလောကဆိုင်ရာ ခေါင်းဆောင် (သို့မဟုတ်) ကမ္ဘာမြေကြီးပေါ်တွင် ဌာနချုပ်မရှိပါ။

သမ္မာကျမ်းစာက၊ အသင်းတော်၏ ဦးခေါင်းသည် ခရစ်တော်ဖြစ်သည်ဟုသွန်သင်ထားပါသည်။ အောက်ပါ ကျမ်းပိုဒ်များကိုလေ့လာကြည့်ပါစို့။ *"ခြေဖဝါးတော်အောက်သို့အလုံးစုံတို့ကိုချထားသဖြင့်၊အသင်းတော်အဘို့အလို့ငှါ၊သူ့ကို အလုံးစုံတို့၏ အချုပ်အချာဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား၊ အလုံးစုံတို့ကို အလုံးစုံတို့နှင့်ပြည့်စုံစေတော်မူသောသူ၏ ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သ တည်း။"* (ဖေက်သြဝါဒ စာ ၁း၂၂–၂၃)။ *"အကြောင်းမူကား၊ ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ဦးခေါင်း ဖြစ်တော် မူသကဲ့သို့၊ ယောကျ်ားသည် မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်းမိမိကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏။"* (ဖေက်သြဝါဒစာ ၅း၂၃)။ *"အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊သေသောသူတို့တွင်သားဦးဖြစ်တော်မူ၏။"* (ကောလောသဲသြဝါဒစာ ၁း၁၈)။ ထိုကျမ်းပိုဒ်များသည် အဘယ်အရာကို သင်ကြားပို့ချပေးပါသနည်း?။ ဖော်ပြထားပြီးခဲ့သည့်အတိုင်း၊ အသင်းတော်ဖြစ်သည့် ခန္ဓာကိုယ်၌ ခရစ်တော်သည် ဦးခေါင်းဖြစ်ပါသည်။ ဦးခေါင်းမည်မျှရှိပါသနည်း?။ တခုသာ ရှိပါသည်။ ၎င်းသည် ခရစ်တော်ဖြစ်ပြီး၊ အခြားသောတစ်ခုနှင့် အတူရပ်တည်မနေပါ။

ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်ပြီး၊ အသင်းတော်သည် ဒေသခံအသင်းစုကလေးများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် ခရစ်တော်သည် အသင်းစုအသီးသီး၊ ဒေသခံအသင်း၏ ဦးခေါင်းသော်လည်းကောင်း၊ အသင်းဝင်

တဦးတယောက်ခြင်း၏ ဦးခေါင်းသော်လည်းကောင်း၊ ဖြစ်သည်ဟုဆိုလိုပါသည်။ ထိုအကြောင်း နှင့်စပ်လျဉ်း၍၊ ရှင်ပေါလုက *"ယောကျ်ား၏ခေါင်းကား ခရစ်တော်ဖြစ်သည်ကိုငှင်း၊ မိန်းမ၏ခေါင်းကားယောကျ်ားဖြစ်သည်ကိုငှင်း၊ ခရစ်တော်၏ခေါင်းကား ဘုရားသခင်ဖြစ်တော်မူသည်ကိုငှင်း၊ သင်တို့သိမှတ်စေခြင်းငှါ ငါအလိုရှိ၏။"* (၁ကော ၁၁း၃)။

ထို့နောက်၊ ဒေသခံအသင်းစုတစ်ခုချင်းတွင် ကိုယ်ပိုင်အဖွဲ့အစည်းရှိပါမည်။ ခရစ်တော်ကခေါင်းဆောင်လျက်၊ အဖွဲ့အစည်းဖွဲ့ဝင်များမှ၊ သင်းလူကြီးများနှင့် သင်းထောက်များကို အသင်းတော်၏ ဝိညာဉ်ရေးဆိုင်ရာများနှင့် လောကီရေးဆိုင်ရာလိုအပ်ချက်များအား ကြည့်ရှုစောင်မပေးရန်၊ ရွေးကောက်တင်မြောက်ရန်ဖြစ်သည်။ သင်းလူ ကြီးများသည် အသင်းဝင်များ၏ အသက်ဝိညာဉ်ကို စောင့်ရှောက်၍ (ဟေဗြဲဩဝါဒစာ ၁၃း၁၇)၊ သင်းထောက်များသည် လောကီဆိုင်ရာဘက်၌ ကူညီစောင်မရန်ဖြစ်သည်။ (တမန်တော်ဝတ္ထု ၆)။ သတိပြုရမည်မှာ သင်းလူကြီးဟူ၍ အသင်းစုတစ်ခုအပေါ်မှာ တဦးစီသာ အုပ်ချုပ်ရမည် မဟုတ်ပါ။ အစဉ်အမြဲ တယောက်ထက်အများကိုသာ၊ကျမ်းစာမှ ညွှန်းလျက်ရှိပါသည်။ထိုနည်းတူအသင်းစုတစ်ခုမှ သင်းလူကြီးနှင့်သင်းထောက်များသည် အခြားသောအသင်းစုတစ်ခုအပေါ် သော်လည်းကောင်း၊ အခြားသောအသင်းစုများအပေါ် သော်လည်းကောင်း ထိန်းချုပ်ခြင်းမရှိရပါ။ အသင်းစုများသည် တခုအပေါ်တခု ထိန်းသိမ်းခြင်းမရှိပဲ လွတ်လပ်စွာ မိတ်သဟာရပြုရပါမည်။

သင်းအုပ် (elder, pastor, bishop, shepherd, and presbyter) ဟူသော ဝေါဟာရသည် သင်းလူကြီးတစ်ယောက်၏ လုပ်ငန်းကို ဖော်ပြနေခြင်းဖြစ်သည်။ ထိုကြောင့် သင်းအုပ်ဟူသည် သင်းလူကြီးကိုခေါ်ဝေါ်ခြင်းဖြစ်သည်။ (တိတုဩဝါဒစာ ၁း၅-၉)တွင် ရှင်ပေါလုက သင်းလူကြီးတစ်ယောက်၌ ရှိရမည့် အရည်အချင်းများကို ဖော်ပြထားသည်မှာ *"ငါသည်သင့်ကိုမှာထားခဲ့နှင့်သည်အတိုင်း၊ ကရေတေကျွန်း၌ မစုံလင်သမျှတို့ကိုပြင်ဆင်၍ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ၊ထိုကျွန်း၌သင့်ကို ငါထားခဲ့သတည်း။ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်းရှိသောသူ ဖြစ်လျှင်၎င်း၊ သူ၏သားသမီးတို့သည်ကာမဂုဏ်၌ လွန်ကျူးသည်ဟုအပြစ်တင်ခြင်း၊ နားမထောင်ခြင်းနှင့်လွတ်၍ ယုံကြည်လျှင်၎င်း၊ ထိုသို့သောသူကို ခန့်ထားအပ်၏။ အကြောင်းမူကား၊ သင်းအုပ်သည် ဘုရားသခင်၏ဘဏ္ဍာစိုးကဲ့သို့၊ အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူဖြစ်ရမည်။ ကိုယ်အလိုသို့လိုက်တတ်သောသူ၊ စိတ်တိုသောသူ၊ စပျစ်ရည်နှင့်ပျော်မွေ့သောသူ၊ သူတပါးကိုရိုက်ပုတ်သောသူ၊ မစင်ကြယ်သောစီးပွါးကိုတပ်မက်သောသူမဖြစ်ရဘဲ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ သူတော်ကောင်းနှင့်အဆွေဖွဲ့သောသူ၊ ကျိန္ဒြေစောင့်သောသူ၊ ဖြောင့်မတ်သောသူ၊ သန့်ရှင်းသောသူ၊ ကာမဂုဏ်ကိုချုပ်တည်းသောသူဖြစ်ရမည်။ စင်ကြယ်သောဩဝါဒအားဖြင့် တိုက်တွန်း သွေးဆောင်ခြင်းငှါ၎င်း၊ ငြင်းခုံသောသူတို့၏စကားကို ချေခြင်းငှါ၎င်း တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူ ဖြစ်ရမည်။"* ဤအရည်အချင်းများကို (တိမောသေဩဝါဒစာပဌမစောင် ၃း၁-၇)တွင်

လည်း ဖော်ပြထားပါသည်။ ထို့ကြောင့် အသင်းတော်တစ်ခု၌ ယောက် တိုင်းသင်းလူကြီးမဖြစ်နိုင်ပါ။ အရည်အချင်းများနှင့် ပြည့်စုံသောသူကိုသာ ရွေးချယ်တင်မြှောက်ရပါမည်။ ထိုသည် သာမကသင်းစုကလေးတစ်ခုတွင် သင်းလူကြီးတစ်ယောက် ထက် အများသာရှိရမည်။ အကယ်၍ သင်းလူကြီး၏ အရည် အချင်းနှင့်ပြည့်စုံသူ မရှိသေးလျှင် အသင်းတော်၌ပါဝင်သော အမျိုးသားများကသာ တာဝန်ဝတ္တရားများကို သင်းလူကြီးများ ခံ့ထားနိုင်မည့် အရည်အချင်းနှင့် စုံလင်သောသူအများကို ရွေး ချယ် တင်မြှောက်နိုင်သည်အထိ တာဝန်ယူ လုပ်ဆောင်သွား ရပါမည်။

သင်းလူကြီးများနှင့်အတူ သင်းထောက်အများကိုလည်း ခန့်အပ်ထားရပါမည်။ သင်းထောက်များကို စေပြု ကူညီသူများ ဟူ၍ သိနိုင်ပြီး သက်ဆိုင်ရာ သင်းစုကလေးရှိ သင်းလူကြီး များ၏ ညွှန်ကြားမှုအောက်တွင် အစေပြုကြ ရပေသည်။ ရှင်ပေါလုက ၎င်းတို့ရှိသင့်သောအရည်အချင်းများကို ဖော်ပြ ထားသည်မှာ– "ထိုနည်းတူ၊ သင်းထောက်တို့သည် တည်ကြည် သောသူဖြစ်ရကြမည်။ လျှာနှစ်ခွနှင့်ပြောသောသူ၊ စပျစ်ရည်ကို သောက်ကြူးသောသူ၊ မစင်ကြယ်သောစီးပွါးကို တပ်မက်သော သူ မဖြစ်ရကြ။ ကိုယ်ကိုကိုယ် သိသောစိတ် စင်ကြယ်သည်နှင့် ယုံကြည်ခြင်း၏ နက်နဲသောအရာကို စွဲလမ်းသောသူ ဖြစ်ရကြ မည်။ သူတို့သည်လည်း ရှေ့မဆွကစုံစမ်းခြင်းကို ခံကြစေ။ နောက်မှ အပြစ်တင်ခွင့်နှင့်ကင်းလွတ်လျှင်၊ သင်းထောက် လုပ် ကြစေ။ ထိုနည်းတူ၊ မိန်းမတို့သည် တည်ကြည်သောသူ ဖြစ်ရ ကြမည်။ ချောစားတတ်သောသူ မဟုတ်။ သမ္မာသတိရှိသောသူ၊

အရာရာ၌ သစ္စာရှိသောသူ ဖြစ်ရကြမည်။ သင်းထောက်သည် မယားတစ်ယောက်တည်းရှိရမည်။ မိမိသားသမီးနှင့် အိမ်သူအိမ်သား တို့ကို ကောင်းမွန်စွာ အုပ်ချုပ် သောသူ ဖြစ်ရမည်။ အကြောင်းမူကား၊ သင်းထောက်အမှုကို ကောင်းစွာ ရွက်ဆောင်သော သူတို့သည် မိမိတို့အဖို့ ကောင်းသောအရာကိုငှင်း၊ ယေရှုခရစ်၏ ယုံကြည်ခြင်း၌ ရဲရင့်ခြင်းသတ္တိကိုငှင်း အမြတ်ရကြ၏။ (တိမောသေသြဝါ ဒစာပဌမစောင် ၃း၈–၁၃)။

ဤအရာသည် အသင်းတော်၏ ဝိညာဥ်ရေးဆိုင်ရာ အုပ်ချုပ်ဖွဲ့စည်းပုံဖြစ်ပါသည်။ ခရစ်တော်သည် ဦးခေါင်း (ဦးဆောင်သူ) ဖြစ်ပြီး၊ အသင်းစုကလေးတိုင်းတွင်သင်းလူကြီးများနှင့်သင်းထောက်များရှိရပေမည်။ ၎င်းတို့၏ အစေပြုခြင်း လက်အောက်တွင် တရားဟောဆရာများ၊ သွန်သင်ဆရာများ နှင့် အသင်းသားများဟူ၍ ရှိပါသည်။ ကိုယ်တော်ရှင်၏ နည်းလမ်းတွင် အသင်းစုတစ်ခုလမ်းလွဲသွားစေကာမူ၊ ကျန်သောအသင်းစုများဆက်လက်၍ သစ္စာရှိစွာရှင်သန်သွားပေမည်။ (သို့မဟုတ်) အသင်းစုအများသည် လမ်းလွဲသွားကြသောအခါ ကျန်ရစ်သောအသင်းစုကလေးမှာ သစ္စာရှိစွာဆက်လက်ရှင်သန်သွား နိုင်မည်မဟုတ်ပါ။ ကိုယ်တော်ရှင်၏ဖွဲ့စည်းပုံတွင် အသင်းစုတိုင်းသည် အခြားသောအသင်းစုများအပေါ် အမှီသဟဲမရှိဘဲ လွတ်လပ်စွာရှင်သန်နိုင်ရပါသည်။ အသင်းစုတစ်ခုနှင့်တစ်ခုတို့သည်လည်း၊ မေတ္တာအားဖြင့်သာ လက်တွဲသွားကြမည်ဖြစ်သည်။ လူတို့၏ ကြံစည်တည်ဆောက်ထားသောဥပဒေများ၊ စည်းမျဉ်း များနှင့် ချီနှောင်ထားခြင်းမရှိပါ။ ထို့ကြောင့် အသင်းစုတစ်စုနှင့်တစ်စုသည် ခရစ်တော်၌ တလုံးတဝတည်းရှိပြီး မိတ်သဟာရပြုကြ၍

လုပ်ငန်းဆောင်တာများကို လက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ကိုယ်တော်၏နည်းလမ်းကို ပိုမို ကောင်းမွန်အောင် မပြုနိုင်ပါ။

ပေတရု၊ သို့မှမဟုတ်၊လူတစ်ဦးတစ်ယောက်က အသင်းတော်၏ဦးခေါင်း (ဦးဆောင်သူ)ဟူ၍ သမ္မာကျမ်းစာ မည်သည့်နေရာ၌မျှ မတွေ့နိုင်ပါ။ ဘိရှော့ (သို့မဟုတ်) သိုးထိန်း (တရားဟောဆရာ) တစ်ဦးသည် အသင်းစု ကလေးများအပေါ် စိုးမိုးဦးဆောင်နေကြောင်းလည်းမတွေ့ရပါ။ ဘုန်းကြီး လူတန်းစားနှင့် သာမန်လူတန်းစားလည်း မတွေ့ရပါ။ အများစုသော ဘာသာရေး လောကသည် ဘုရားသခင်၏ ဖွဲ့စည်းပုံမှ သွေဖီသွားနေခြင်းဖြစ်သည်။ ဤအတွက် ကြောင့်လည်း လောကတွင် ကွဲပြားခြားနားမှုများစွာ တွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသင်းတော်၏ ဖွဲ့စည်းပုံကို စစ်မှန်သော နှုတ်ကပတ်တော်၏ပုံစံသို့ ပြန်လည်လှမ်းလျှောက်ရန် စိတ်အားထက်သန်ကြပါစို့။

**မေးခွန်းများ။**

*အောက်ပါများအတွက် အဖြေမှန်များ ပေးပါ။*

၁။ အသင်းတော်ကို မည်သူတည်ထောင်ခဲ့ပါသနည်း။ ——————————

————————————————————————————————

————————————————————————————————

၂။ အသင်းတော်သည် မည်သည်များနှင့် ဖွဲ့စည်းထားပါသနည်း။ ——————————————————————

————————————————————————————————

၃။ ခရစ်တော်၏ခန္ဓာကိုယ်သည် အသွေးအသားခန္ဓာကိုဆိုလိုသည်။ (သို့မဟုတ်) ဝိညာဉ်ရေးကိုယ်ထည်ကိုဆိုလိုသည်။ အဘယ်အရာကိုဆိုလိုသနည်း။ ——————————————

————————————————————————————————

————————————————————————————————

၄။ အသင်းတော် မည်မျှရှိပါသနည်း။ ——————————————

————————————————————————————————

————————————————————————————————

၅။ သဘောသဘာဝအားဖြင့် အသင်းတော်သည် ——————————————————————————အတိုင်းအတာဖြစ်ပါသည်။

၆။ အသင်းတော်သည် ထောင်၊ ရာပေါင်းများစွာသော ——————————————————————————နှင့် ဖွဲ့စည်းထားပါသည်။

၇။ အသင်းတော်အစိုးရခြင်းသည်ဒေသခံ၊နိုင်ငံအရ၊အပြည်ပြည်ဆိုင်ရာဖြစ်ပါသလား။ ______________________

______________________

၈။ ကိုယ်တော်၏အသင်းတော်သည် မြေကြီးဆိုင်ရာ ဌာနချုပ်ရှိပါသလား။______________________

၉။ အသင်းတော်၏ဦးခေါင်းသည် မည်သူနည်း။ ______________________

______________________

၁၀။ ဒေသခံအသင်းစုကို ဦးဆောင်သူများကို မည်သို့ခေါ်ပါသနည်း။______________________

၁၁။ အသင်းလူကြီးများနှင့် သင်းထောက်များ၏ လုပ်ငန်းများကား အဘယ်နည်း။ ______________________

______________________

______________________

၁၂။ ဒေသခံအသင်းစုတစ်ခုစီတွင်သင်းလူကြီးနှင့် သင်းထောက်များ မည်မျှရှိရမည်နည်း။ ______________________

______________________

၁၃။ သင်းလူကြီးများကို အဘယ်သောအမည်များနှင့် ခေါ်ထားသေးသနည်း။______________________

______________________

၁၄။ သင်းလူကြီးတို့၏အရည်အချင်းများကို မည်သည့်နေရာတွင်ဖော်ပြထားသနည်း။ ______________________

______________________

______________________

၁၅။ သင်းထောက်တို့၏အရည်အချင်းများကို မည်သည့်နေရာတွင်ဖော်ပြထားသနည်း။

၁၆။ အသင်းစုတစ်ခုတွင် အသင်းသားများသည် သင်းလူကြီးအရည်အချင်း၊သင်းထောက်အရည်အချင်းနှင့်ပြည့်စုံသူ တစ်ယောက်မျှမရှိလျှင် သင်းလူကြီး၊ သင်းထောက်စသည်များကိုခန့်အပ်သင့်ပါသလား။

၁၇။ ထိုသို့အခြေအနေ၌မည်သူသည် အသင်းတော်ကိုဦးဆောင်သင့်သနည်း။

၁၈။ အသင်းစုလေးတစ်ခုချင်းသည် အချင်းချင်းအဘယ်သို့ချိတ်ဆက်ချည်နှောင်လျက်ရှိသနည်း။

၁၉။ ဘုရားသခင်၏ အသင်းတော်ဖွဲ့စည်းပုံကို ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်မည်လား။

၂၀။ သမ္မာကျမ်းနှင့်အညီ ပေတရုသည်အသင်းတော်၏ဦးခေါင်းဖြစ်နိုင်မည်လား။

၂၁။ အသင်းစုကလေးများကိုစုစည်းပြီး ၎င်းတို့အပေါ်၌တစ်ဦးတစ်ယောက်သောသူက ဘုန်းတော်ကြီးအနေဖြင့် အုပ်ချုပ်သည်ကိုသမ္မာကျမ်း၌ဖတ်ရှုနိုင်မည်လား။

၂၂။ အသင်းစုတစ်ခုအပေါ်တွင် သင်းအုပ် (သင်းလူကြီး) တစ်ယောက်တည်းထိန်းသိမ်းပေး၍ရနိုင်ပါရဲ့လား။

၂၃။သာမန်အသင်းသားအတန်းစားနှင့် ဆရာအတန်းစား ဟူ၍ သမ္မာကျမ်းစာတွင်ဖတ်ရှုလေ့လာနိုင်မည်လား။

၂၄။ကမ္ဘာပေါ်တွင် အဘယ်ကြောင့် ကွဲပြားခြားနားမှုများစွာရှိနေရပါသနည်း။

၂၅။ အသင်းတော်ဖွဲ့စည်းပုံ၏ ပုံစံအတွက် မည်သည့်နေရာသို့သွားရောက်ရယူနိုင်မည်နည်း။

## သင်ခန်းစာ ( ၇ )
## အသင်းတော်ထဲသို့ ဝင်ရောက်ခြင်း။

ကျွန်ုပ်တို့လေ့လာခဲ့ရာ၊ ယခုအထိဆိုလျှင် အသင်းတော်၏အရေးကြီးပုံကို မြင်တွေ့ခဲ့ရပါသည်။ ထိုအချက်မှာ (ဖေက်သြဝါဒစာ ၅း၂၇)တွင် တွေ့ရသော "အသင်းတော်အတွက်ခရစ်တော်အသေခံခြင်း"၊ အသင်းတော်ကိုမိမိအသွေးနှင့်ဝယ်ယူခြင်း (တမန်တော်ဝတ္ထု ၂၀း၂၈) "အသင်းတော်ကို ခရစ်တော်ကယ်တင်ခြင်း" (ဖေက်သြဝါဒ စာ ၅း၂၃)၊ စသည့် ကျမ်းစာသွန်သင်ချက်များကို အပြည့်အဝထောက်ခံ ထူမပေးထား ပါသည်။ အကယ်၍အရေးမကြီးလျှင် ခရစ်တော်အဘယ် အတွက်ကြောင့် အသေခံစရာအကြောင်းရှိမည်နည်း?။ အသင်းတော်သည် တန်ဖိုးမရှိလျှင် ခရစ်တော်သည် မိမိ၏အသွေးတော်အသွန်းခံပါမည်လား?။တစ်ဦးတစ်ယောက်သည် အသင်းတော်၏အပြင်ဘက်၌ ကယ်တင်ခြင်းရနိုင်လျှင် ခရစ်တော်သည်အသင်းတော်၏ကယ်တင်ရှင်ဖြစ်နိုင်ပါမည်လား?။ ဤမေးခွန်းများကို မေးလာသော် သင်၏အဖြေများမှာ အသေခံစရာအကြောင်းမရှိ၊အသွေးနှင့်ဝယ်စရာအကြောင်းမရှိ၊ ကယ်တင်ရှင်မဖြစ်နိုင် ဟူသော "မဖြစ်နိုင်" အဖြေများသာပေါ်လာပေမည်။ မှန်ပါသည်။ သို့ဖြစ်လျှင်အသင်းတော်သည်အရေးမကြီးကြောင်းနှင်အသင်းဝင်မဟုတ်လျှင်လည်းကယ်တင်ခြင်းရနိုင်သည် ဟူ၍အဘယ်ကြောင့်ပြောဆိုနေကြသနည်း?။အကယ်စင်စစ် ထိုပြောဆိုသူတို့သည်အသင်းတော်ကို နားလည်သဘောပေါက်မှုလွဲမှားနေခြင်းနှင့် ထိုသို့သဘောထားနိုင်ရန် အလှည့်ဖြားခံထား နေရခြင်းများသာဖြစ်ပါမည်။

အသင်းတော်သည် ကယ်တင်ရှင်ဖြစ်သည်ဟူ၍ သမ္မာကျမ်းစာသွန်သင်ခြင်းမရှိသည်မှာ မှန်ပေသည်။ သို့သော်လည်း ကယ်တင်ခြင်းရရှိရန်အသင်းတော်ထဲတွင် ရှိနေရမည့်အကြောင်းကိုထင်ရှားစွာသွန်သင်ပါသည်။ နောဧသင်္ဘောသည် ကယ်တင်ရှင်မဟုတ်သော်လည်း မိမိနှင့်မိသားစုသည် ရေလွှမ်းမိုးခြင်းမှ ကယ်တင်ခြင်းရစေရန် သင်္ဘောထဲ၌ ရှိနေရန်လိုအပ်ခဲ့ပါသည်။ အသင်းတော်လည်း ဤနည်းတူဖြစ်ပါသည်။ ထိုမျှသာမက လူတစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းရပြီဆိုလျှင် ကိုယ်တော်ကိုယ်တိုင် ထိုသူကို အသင်းတော်ထဲသို့ သွင်းပေသည်။ ပတေကုတ္တေပွဲနေ့၌ လူအပေါင်းတို့သည် ဧဝံဂေလိကို ကြားနာကြရသည့်အခါ နာခံမှုကိုပြုကြ၏။ "*ဘုရားသခင် ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ရှေ့မှာ မျက်နှာပွင့်လန်းခြင်း အခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ရောက်သောသူ တို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။*" (တမန်တော် ၂း၄၇)။ ထို့ကြောင့်လူတစ်ဦးတစ်ယောက်သည် ကယ်တင်ခြင်းရပြီ ဆိုလျှင် ကိုယ်တော်ရှင်၏ အသင်းသားတစ်ဦးဖြစ်လာပေမည်။ အသင်းသား မဟုတ်လျှင် ကယ်တင်ခြင်း မရနိုင်ပါ။ ကျမ်းစာသည် ဤမျှပင် ရှင်းလင်းလှပေသည်။ တနည်းဆိုရသော်၊ အသင်းတော်၏ပြင်ပ၌ ကယ်တင်ခြင်းရသည်ဟု ဆိုခြင်းသည် မည်သို့မျှမဖြစ်နိုင်ပါ။ လူတို့၏အဖွဲ့အစည်း၊ ဂိုဏ်းဂဏတစ်ခုခုအထဲတွင် ပါဝင်ခြင်းလုံးဝမရှိဘဲလျက် ကယ်တင်ခြင်းရနိုင်သော်လည်း၊ ကိုယ်တော်ရှင်ခရစ်တော်၏အသင်းတော်ထဲ၌ မရှိလျှင်၊ကယ်တင်ခြင်းမရနိုင်ပေ။

ဆက်လက်လေ့လာသော် တစ်ဦးတစ်ယောက်သည်ဆန္ဒ ရှိသည့်အတိုင်း မိမိ/လူတို့ နည်းလမ်းအားဖြင့် ကိုယ်တော်၏ အသင်းတော်ထဲသို့ မဝင်ရောက်နိုင်ပါ။ ကိုယ်တော်ကိုယ်တိုင် သွင်းမှသာလျှင် ဝင်ရောက်နိုင်ပါသည်။ ကိုယ်တော်ကလည်း ကယ်တင်ခြင်းရသူကို သင်းဝင်စေသည်။ ကယ်တင်ခြင်းရသူ ကိုသာ ကိုယ်တော်ရှင်ကသွင်းသောကြောင့် အသင်းတော်သည် ကယ်တင်ခြင်းရသူများစုမိနေသော အသင်းတော်ဖြစ်ပါသည်။ ကိုယ်တော်သည် လူတစ်ယောက်ကိုကြည့်လျှင် နှလုံးသား၊ စိတ်လှုံ့ဆော်မှု၊ စသ၍ နာခံလုပ်ဆောင်မှုကို ဖြစ်ပေါ်စေသော စိတ်ရင်းကိုသာ ကြည့်ပါသည်။ ထိုသူ၏လုပ်ဆောင်မှုသည် စစ်မှန်သောနာခံမှုကိုပေါ်လွင်စေသည်။ ထိုသူသည်စိတ်နှလုံး၌၊ ဧကန်အမှန်စစ်မှန်မှုရှိလျှင်၊ ဘုရားသခင်ကိုယ်တိုင် ထိုသူကို အသင်း တော်ထဲသို့ သွင်းတော် မူသည်။ သို့သော်လည်း ထိုသူသည် ဧကန်အမှန်စိတ်နှလုံးမမှန်လျှင် ပြင်ပလုပ်ဆောင်မှု အားဖြင့် ကျွန်ုပ်တို့မည်သို့ပင်လက်ခံသော်ငြားလည်း ဘုရား သခင်သည် သင်းဝင်စေမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် လူတစ် ယောက်၏နှလုံးသားကိုမမြင်တွေ့နိုင်ပါ။ အကယ်၍ အသင်း တော်ကိုပါဝင်၍ရနိုင်လျှင် လူတို့၏လူ့ပ်ရှားမှု စိတ်အခြေအနေ မည်သို့ပင် ရှိနေပါစေ၊ အားလုံးကို လက်ခံကြလိမ့်မည်သာ ဖြစ်လာပါမည်။ ဤအတွက်ကြောင့် အသင်းတော်ထဲသို့ ဝင် ရောက်ခြင်းကိုဘုရားသခင်ကိုယ်တိုင်တာဝန်ယူထားပါသည်။ မည်သူသည်ကယ်တင်ခြင်းရသည်၊ မည်သူမှာပုံစံအရသာ ဝင် ရောက် လုပ်ဆောင်သည်ဟူသောအမှုတွင် ဘုရားသခင်သည် မည်သည့်နည်းနှင့်မျှ မှားယွင်းလိမ့်မည် မဟုတ်ပါ။

ခရစ်တော်သည်အသင်းတော်၏ကယ်တင်ရှင် ဖြစ်သည့် အလျောက် ကယ်တင်ခြင်းရသူကိုသာလျှင် အသင်းတော်ထဲသို့ ကိုယ်တော်တိုင်သွင်းလေ၏။ ထို့ကြောင့် အထဲသို့ရောက်ရှိရန် မည်သို့လိုအပ်မှုရှိကြောင်းကို သိချင်ကြမည်မှာ သဘာဝပင် ဖြစ်သည်။ နှုတ်ကပတ်တော်တွင် ရှင်းလင်းစွာဖော်ပြထားပါ သည်။ အထူးသဖြင့် တမန်တော်ဝတ္ထုထဲ၌ တွေ့ရသော ပြောင်း လဲခြင်းကဏ္ဍများတွင်ရှင်းလင်းစွာပေါ်လွင်စေသည်။ ကိုယ်တော် ၏အသင်းတော်ထဲသို့ ဝင်ရောက်ခံယူခြင်းအမှုတွင်လိုအပ်သည့် အသေးစိတ်ခြေလှမ်းများကိုသတိပြုကြည့်ပါ။

**၁။ သမ္မာတရားကြားနာရမည်။** *"ယုံကြည်ခြင်းသည် ကြားနာ ခြင်း အားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင် ၏စကားတော်အားဖြင့်ဖြစ်၏။"* (ရောမဩဝါဒစာ ၁၀း၁၇)။

**၂။ ဘုရားသခင်နှင့်ခရစ်တော်ကို ယုံကြည်ရမည်။** *"တဖန်တို့ ယေရှုက၊ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ငါ့ကိုလည်းယုံကြည်ကြလော့။"*
(ရှင်ယောဟန် ခရစ်ဝင် ၁၄း၁)။

**၃။ အပြစ်မှနောင်တရ ရမည်။** *"သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟုငါဆို ၏။"* (ရှင်လုကာခရစ်ဝင် ၁၃း၃)

**၄။ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဟု ဝင်ခံရမည်။** ခရစ်တော်ကိုယ်တိုင်ပြောသည်မှာ *"အကြင်သူသည်လူတို့ရှေ့မှာ*

*ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါဝန်ခံမည်။"* (ရှင်မဿဲခရစ်ဝင် ၁၀း၃၂)။

**၅။ အပြစ်လွှတ်ရန်ဗတ္တိဇံခံရမည်။** ဤဗတ္တိဇံသည်ရေ၌မြုပ်နှံခြင်း ဖြစ်၏။ (ရောမသြဝါဒစာ ၆း၃-၄၊ တမန်တော် ဝတ္ထု ၈း၂၆-၃၉)။ *"ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သော သူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။"* (ရှင်မာကုခရစ်ဝင် ၁၆း၁၆)။ *"ပေတရုကလည်း၊ သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှာ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။"* (တမန်တော်ဝတ္ထု ၂း၃၈)။

ဤသင်ခန်းစာအဦးပိုင်းတွင်မည်သည့်အရာကို လေ့လာမိခဲ့သနည်း?။ ကယ်တင်ခြင်းရသောသူကို ဘုရားသခင်သည် အသင်းတော်ထဲသို့ ဝင်ရောက်စေကြောင်းတွေ့ရ၏။ ဤအရာမှာ ဘုရားသခင်၏စကားကို နာခံခြင်းအားဖြင့် ကယ်တင်ခြင်းကို ရသောသူသည် အလိုအလျောက်အသင်းတော်ထဲသို့ ဝင်ရောက်သွားရခြင်းဖြစ်၏။ သမ္မာတရားကို ကြားနာပြီး၊ ယုံကြည်၍၊ နောင်တရ၊ ခရစ်တော်ကိုဝန်ခံပြီး ဗတ္တိဇံကိုခံယူလျှင် ကယ်တင်ခြင်းရသည်ကိုတွေ့မြင်သိရှိခဲ့ပါသည်။ တစ်ဦးတစ်ယောက်သော သူသည် ဤအရာများကို နာခံဆောင်ရွက်လိုက်လျှင် အသင်းတော်အတွင်းသို့သွင်းခြင်းခံရ၏။ ဘုရားသခင်၏စကားကိုနာခံသောသူသည်ကယ်တင်ခြင်းကိုရသောကြောင့် ကိုယ်တော်သည် ကယ်တင်ခြင်းရသူကို သင်းဝင်စေတော်မူ၏။

တနည်းဆိုသော် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ဝင်ရောက်နိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ ရေနှင့် ဝိညာဉ်အားဖြင့် ပြန်လည်မွေးဖွားခြင်း (ရှင်ယောဟန်ခရစ်ဝင် ၃း၃–၅) ပင်ဖြစ်သည်ဟုကိုယ်တော်ပြောဆိုပါသည်။ သို့သော်၊နိုင်ငံတော်ဟူသည် အဘယ်နည်း?။ အသင်းတော်ပင်ဖြစ်ပါသည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၆း၁၈–၁၉)။ အသင်းတော်သို့ ဝင်ရောက်နိုင်ရန် လမ်းနှစ်သွယ်ရှိပါသလား?။ မရှိကြောင်း သေချာပါသည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်သည် ယုံကြည်၍ ဗတ္တိဇံခံခြင်းသည် (ဝိညာဉ်တော်အားဖြင့် နှုတ်ကပတ်တော်နှင့်ဖြစ်ပွါးပြီး သွန်သင်ချက်ကိုနာခံခြင်း) နိုင်ငံတော် (သို့မဟုတ်) ဘုရားသခင်၏မိသားစုအထဲသို့ မွေးဖွားဝင်ရောက်ခြင်း ဖြစ်သည်။ ထိုသည်မှာ ကိုယ်တော်ရှင်၏အသင်းတော် ပင်ဖြစ်ပါသည်။

ထပ်လောင်း၍ပေါလုသည် ခန္ဓာကိုယ် တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံခံကြသည်။ (၁ကော ၁၂း၁၃)ကို ပြောဆိုပါသည်။ ခန္ဓာကိုယ်သည် အဘယ်နည်း?။ အသင်းတော်ပင်ဖြစ်သည်။ (ကောလောသဲဩဝါဒစာ ၁း၁၈)။ကိုယ်ဘယ်နှစ်ကိုယ်ရှိသနည်း?။ တစ်ကိုယ်တည်းသာ (ဧဖက်ဩဝါဒစာ ၄း၄၊ ဧဖက်ဩဝါဒစာ ၁း၂၂–၂၃) ရှိပါသည်။ မည်သို့ဝင်ရသနည်း?။ ဗတ္တိဇံခံခြင်းအားဖြင့်ဖြစ်သည်။ ခရစ်တော်ပြောဆိုသည်မှာ ကယ်တင်ခြင်းရဖို့ရန် အတွက်ယုံ ကြည်၍ ဗတ္တိဇံခံရမည်။ (ရှင်မာကုခရစ်ဝင် ၁၆း၁၆)။ ထိုအကြောင်းအရာကို ကောရိန္သုပြည်သား အများဆောင်ရွက် ခဲ့ကြသည်။ (တမန်တော်ဝတ္ထု ၁၈း၈)။ ထို့ကြောင့်

အသင်းတော်တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံခံသောသူသည် အသင်း တော်၏တစိတ်တပိုင်း (သို့မဟုတ်) အသင်းတော်ထဲသို့ ဝင်ရောက် ပါဝင်လာခြင်းဖြစ်သည်။

မြင်တွေ့ခဲ့ပြီးဖြစ်သည့်အတိုင်းကယ်တင်ခြင်းရရန် နည်းလမ်းမှာ တစ်နည်းတည်းသာရှိ၏။ ထိုလမ်းအားဖြင့် ကျော်ဖြတ်လာ၍ ကယ်တင်ခြင်းရသူကို ကိုယ်တော်ကိုယ်တိုင် အသင်းဝင်စေတော်မူ၏။ သင်မူကား၊ သမ္မာကျမ်းစာတွင်ဖတ်ရှုလေ့လာနိုင်သောအသင်းတော်တွင်ပါဝင်နေခြင်းရှိပါရဲ့လား?။ မရှိသေးလျှင် သင်သည် ကယ်တင်ခြင်းမရသေးပါ။ သုံးသပ်လေ့လာကြည့်ပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နာခံလျှောက်လှမ်းလိုက်ပါ။ ကိုယ်တော် ကိုယ်တိုင်သင့်အား သူ၏အသင်းတော်ထဲသို့ ထဲ့သွင်းပါလိမ့်မည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ အသင်းတော်အကြောင်းကိုလေ့လာရာတွင်အဘယ်အရာများကိုမြင်တွေ့ရပါသနည်း။______________

______________

______________

______________

၂။ အသင်းတော်အတွက် မည်သူအသေခံခဲ့သနည်း။ ______

______

၃။ အသင်းတော်ကိုမည်သည့်အရာဖြင့် ပေးဝယ်ခဲ့သနည်း။

______

၄။ အသင်းတော်ကိုကယ်တင်သူ အဘယ်သူနည်း။ ______

______

၅။ အသင်းတော်အရေးကြီးကြောင်းမည်သို့သိနိုင်သနည်း။ ___

______

၆။ မည်သည့်အကြောင်းကြောင့် အသင်းတော် အရေးမကြီး ကြောင်း အချို့ကပြောကြသနည်း။ ______

______

၇။ အသင်းတော်သည် ကယ်တင်ခြင်းပေးပါသလား။ ______

______

၈။ ကယ်တင်ခြင်းရရန်အတွက် အသင်းသားဖြစ်ဖို့ လိုအပ်ပါ သလား။______

၉။ ရေလွှမ်းမိုးခြင်းမှ ကယ်တင်ခြင်းရရန် နောဧနှင့်မိသားစု မည်သည့်နေရာအတွင်း၌ ရှိဖို့လိုအပ်ခဲ့ပါသနည်း။______

______

၁၀။ သင်္ဘောအပြင်ပ၌ ကယ်တင်ခြင်းခံရသူများ ရှိပါသလား။

______

၁၁။ ကယ်တင်ခြင်းခံရသူများကို အသင်းတော်ထဲသို့ မည်သူ ထည့်သွင်းပေးပါသနည်း။ ______

______

၁၂။ ထိုအကြောင်းကိုသွန်သင်သောကျမ်းချက်ကို ညွှန်ပြပေးပါ။

၁၃။ ကယ်တင်ခြင်းခံရသူတစ်ယောက်သည် အဘယ်အသင်းတော်၏ အသင်းသားတစ်ယောက်အဖြစ်သို့ အလိုအလျောက်ဖြစ်စေသွားပါသနည်း။

၁၄။ ကိုယ်တော်၏အသင်းတော်ကို စိတ်ဆန္ဒအရ ပါဝင်နိုင်ပါသလား။

၁၅။ အသင်းတော်ထဲသို့ ဝင်ရောက်ပါဝင်နိုင်ရန် လှမ်းရမည့်ခြေလှမ်းငါးလှမ်းကို ဖော်ပြပါ။

၁၆။ ထိုမိန့်မှာချက်များကို နာမခံဘဲ ကယ်တင်ခြင်း ရရှိနိုင်မည်လား။

၁၇။ ဗတ္တိဇံသည် အဘယ်နည်း။

၁၈။ ဗတ္တိဇံ၏ရည်ရွယ်ချက်ကားအဘယ်နည်း။

၁၉။ နိုင်ငံတော်ဟူသည်မှာအဘယ်နည်း။

၂၀။ နိုင်ငံတော်ထဲသို့ဝင်ရောက်နိုင်သော တစ်ခုတည်းသော နည်းလမ်းကား အဘယ်နည်း။

၂၁။ ခန္ဓာကိုယ်ဟူသည်အဘယ်နည်း။

၂၂။ ခန္ဓာကိုယ်မည်မျှရှိသနည်း။

၂၃။ ခန္ဓာကိုယ်အထဲသို့မည်သို့ဝင်ရောက်နိုင်သနည်း။

၂၄။ ကယ်တင်ခြင်းရနိုင်ရန် နည်းလမ်းဘယ်နှစ်လမ်း ရှိပါသနည်း။

၂၅။ အသင်းတော်ထဲသို့ဝင်ရောက်နိုင်ရန်နည်း ဘယ်နှစ်နည်း ရှိသနည်း။

## သင်ခန်းစာ ( ၈ )

# အသင်းတော်၏ ဝတ်ပြုကိုးကွယ်ခြင်း။

အသင်းတော်သည် ကယ်တင်ခြင်းခံရသောသူများဖြင့် တည်ထောင်ဖွဲ့စည်းထားပါသည်။ ၎င်း၏ရည်ရွယ်ချက်မှာ ခရစ်တော်အားဖြင့် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန်နှင့်အစေခံရန် ဖြစ်ပါသည်။ ရှင်ပေါလု ပြောကြားခဲ့ရာ၌ *"စကားပြော သော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း သခင်ယေရှု၏နာမတော်ကိုထောက်၍ ခပ်သိမ်းသောအမှုတို့ကို ပြုမူလျက်၊ ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော် ဘုရားသခင် ရှေ့၌ ဝန်ခံကြလော့။"* (ကောလောသဲဩဝါဒစာ ၃း၁၇)ဟု ပါရှိပါသည်။

ဓမ္မသစ်ကျမ်းထဲတွင် ဝတ်ပြုကိုးကွယ်ခြင်း(၃)မျိုးဖော်ပြထားပါသည်။ ပထမ ကျွန်ုပ်တို့သည် အသိပညာ ကင်းမဲ့သော ဝတ်ပြုခြင်းကိုဖတ်ရပါသည်။ရှင်ပေါလုသည် အာသင် ၌ရှိသော "မားတောင်တန်း (အာရေတောင်)တွင်ရှိစဉ် မိမိ၏ပတ်ဝန်းကျင်တွင် ရုပ်ထုများရှိနေသည်ကို သတိပြုလျက် *"လမ်း၌သွား၍ သင်တို့၏ဘုရားများကို ကြည့်ရှုသည်တွင်၊* ***ငါတို့မသိသော ဘုရားသခင်အဘို့*** *ဟူ၍ အက္ခရာတင်သော ယဇ်ပလ္လင်တစ်ခုကို တွေ့ပါ၏။ သင်တို့သည်မသိဘဲလျက် ကိုးကွယ်သော ဘုရားသခင်၏အကြောင်းကို ငါဟောပြော၏။"* (တမန်တော်ဝတ္ထု ၁၇း၂၃) ဟု ပြောခဲ့ပါသည်။ ထိုစဉ်အခါက လူအများတို့သည် ပညာကင်းမဲ့လျက်ဝတ်ပြုခဲ့ကြသကဲ့သို့ ယနေ့တွင် များစွာသော

သူများသည် ဝတ်ပြုလျက်ရှိပါသည်။ သန်းပေါင်းများစွာသော သူများသည် အရုပ်ဝတ္ထု၊ ဆင်းတုများကို ကိုးကွယ်၍နေခြင်း သာမဟုတ်၊ အခြား သန်းပေါင်းများစွာသော လူတို့သည် ဓမ္မကျမ်းစာ ကို မသိမမြင်ဘဲလျက် အမျိုးမျိုးသော ဘာသာများ ၏လုပ်ဆောင်ပုံများကို လိုက်လျှောက်လျက်ရှိနေပါသည်။

ဒုတိယအချက်အနေနှင့် သခင်ကိုယ်တော်က အကျိုးမရှိ သောဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နေသည့်သူများအကြောင်း ပြောခဲ့ပါသည်။ သခင်ခရစ်တော်က၊ "*လူတို့စီရင်သော ပညတ် တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကို အချည်းနှီး ကိုးကွယ်ကြ၏ဟု နောက်ဖြစ်လတ္တံ့သောအရာကို ဟောပတ် စွာ ဟောခဲ့ပြီဟု ပြန်၍ မိန့်တော်မူ၏*" (ရှင်မဿဲခရစ်ဝင် ၁၅း၈၊၉)။ ယနေ့တွင်လူအများသည် ထိုကဲ့သို့ ဝတ်ပြုကိုးကွယ် လျက်ရှိပါသည်။ ၎င်းတို့သည် ကိုယ်တော်ကို ဝတ်ပြုသည်မှာ မှန်သော်လည်း၊ ၎င်းတို့၏ ဝတ်ပြုကိုးကွယ်ခြင်းမှာ အချည်း အနှီး(သို့)သွေဖီမှုဖြစ်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဘုရားသခင်၏ အလိုတော်နှင့်လျော်ညီမှုထက် လူတို့၏သွန်သင်ချက်နှင့် ထုံးတမ်းအစဉ်အလာအရ လိုက် လျှောက် လျက်ရှိကြသောကြောင့်ဖြစ်ပါသည်။

တတိယအချက်နေနှင့် ဘုရားသခင်၏နှုတ်ကပတ်တော် သည် စစ်မှန်သောဝတ်ပြုခြင်းကိုဖော်ပြနေပါသည်။ ၎င်းဝတ်ပြု ခြင်းသည် ဝိညာဉ်တော်နှင့် သမ္မာတရားတွင် ဝတ်ပြုခြင်းဖြစ် ပါသည်။ ခရစ်တော်၏ နှုတ်ကပတ်တော်များကို ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ "*ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။*

*ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ရမည်*" ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင် ၄း၂၄)။ ဤကဲ့သို့ဝတ်ပြုကိုးကွယ်ခြင်း တစ်မျိုးတည်းကိုသာ ဘုရားသခင်လက်ခံပါမည်။ ခရစ်တော် လက်ထက်က ထိုဖြစ်ရပ်သည် မှန်ကန်ခဲ့သကဲ့သို့၊ ယခုခေတ်၌ လည်း မှန်ကန်ပါသည်။ နံဝိညာဉ်နှင့်လည်းကောင်း (နှိမ့်ချခြင်း နှင့် သဘောပေါက် နားလည်ခြင်း)၊ သစ္စာတရားအားဖြင့် လည်းကောင်း (ရေးသား ဖော်ပြထားခဲ့သည့်အတိုင်း) ဝတ်ပြု ကိုးကွယ်ခြင်းသည် ဘုရားသခင်ထံသို့ဦးတည်ပါသည်။ ဘုရား သခင်သည် ၎င်းအားကိုးကွယ်ရန် မည်သူ့ကိုမျှ တွန်းအား မပေးပါ။သို့သော် ၎င်းအား ကိုးကွယ်သောသူများသည် ၎င်း၏ အလိုတော်အတိုင်း လုပ်ဆောင်ကိုးကွယ်ကြရ ပါမည်။

၁။ **၎င်းတို့သည် လေ့လာရန် စုဝေးကြသည်။** ငယ်ရွယ်စဉ် ကလေးဘဝကပင်၊ တိမောသေသည် ဓမ္မကျမ်းစာကို သင်ကြား ခဲ့ရသော်လည်း (တိမောသေဒုတိယစောင် ၃း၁၅)၊ ရှင်ပေါလုက ၎င်းအား ငယ်ရွယ်သောတရားဟောဆရာ ဖြစ်လာ ရန် နှိုးဆော်ခဲ့ပါသည်။ "*သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာ အကြောင်းမရှိပဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ် ဆက်သခြင်းငှါ ကြိုးစား အားထုတ်လော့။*" (တိမောသေဒုတိယစောင် ၂း၁၅)။ ထိုဟောကြားချက် သည် ခရစ်ယာန် အားလုံးနှင့်သက်ဆိုင်ပါသည်။ အထူးသဖြင့် ဝတ်ပြုကိုးကွယ်ရန်စုဝေးသောအခါ၌ဖြစ်သည်။ ထိုအချိန်အခါ၌ ဘုရားသခင်သည် မိမိ၏သားသမီးများကို မိမိ၏နှုတ်ကပတ်

တော်အားဖြင့် ပြောကြားသောအချိန်ဖြစ်ပါသည်။ (တမန်တော်ဝတ္ထု ၂၀း၇)တွင်၊ ရှင်ပေါလုက မိမိ၏ညီအစ်ကိုများကို ဟောကြားရာ၌ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို လေ့လာသောနည်း တစ်နည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**၂။ ၎င်းတို့သည် ဆုတောင်းဝတ်ပြုခဲ့ကြသည်။**

ပင်တေကုတ္တေပွဲနေ့တွင် လူအပေါင်းတို့သည် သခင်ကိုယ်တော်၏ စကားကို နားထောင်ခဲ့ကြပြီး "*ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။*" (တမန်တော်ဝတ္ထု ၂း၄၂)။ ဆုတောင်းခြင်းဖြင့် ကိုယ်တော်၏နောက်လိုက်အပေါင်းတို့သည် ကောင်းကင်ဘုံရှိ အဖဘုရားသခင်နှင့် ဆက်သွယ်စကားပြောရန် အခွင့်အလမ်းရရှိပါသည်။ မည်သည့်ခရစ်ယာန်သည် အခြားခရစ်ယာန်များနှင့် ဝတ်ပြုကိုးကွယ်ရန်စုဝေးပြီး၊ ဘုရားဆုတောင်းခြင်းမပြုပဲ စဉ်းစားနိုင်ပါမည်နည်း။

**၃။ ၎င်းတို့သည်ချီးမွမ်းထောပနာပြုသီချင်းများဆိုခဲ့ကြပါသည်။**

ရှင်ပေါလုသည် ယေရှုကိုယုံကြည်သောသူများထံ စာရေးသားခဲ့ရာ၌ "*ဆာလံသီချင်းမှစသော ဓမ္မသီချင်း အမျိုးမျိုးတို့ကို အချင်းချင်း ပြောဆိုဖတ်ရွတ်၍၊ နှုးညွတ်သော စိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍ သီချင်းဆိုကြလော့*"။ (ဧဖက်ဩဝါဒစာ ၅း၁၉၊ ကောလောသဲဩဝါဒစာ ၃း၁၆ နှင့် ဟေဗြဲဩဝါဒစာ ၁၃း၁၅)တို့ကိုလည်းဖတ်ပါ။တေးသီဆိုနည်းနှစ်နည်း

ရှိပါသည်။ တစ်နည်းမှာ–နှုတ်ဖြင့်သီဆိုခြင်းဖြစ်ပြီး၊ အခြားတစ်နည်းမှာ– တူရိယာဖြင့်တီးမှုတ်သီဆိုခြင်းနည်း ဖြစ်ပါသည်။ ဘုရားသခင်က မည်သည့်တေးသီဆိုနည်းကို အလိုရှိတော်မူပါသနည်း?။ နှုတ်ဖြင့်သီဆိုခြင်းနည်းကို လိုလားပါသည်။ ရှင်ပေါလုက ကိုယ်တော်ကို တေးသီချင်းဖြင့် ကျူးဧပူဇော်ရာ၌ တေးကိုနှလုံးသားထဲမှ ဖော်ထုတ်ရန်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဤသို့ ပြုလုပ်ခြင်းသည် တူရိယာတေးများကို ဖယ်ရှားပစ်ခြင်းဖြစ်ပါသည်။ ရှေးကနဦး ခရစ်ယာန်များသည် ဘုရားသခင်ထံ သီချင်းဆိုချီးမွမ်းကြပါသည်။ နှစ်ရာပေါင်းများစွာကြာပြီးနောက်မှ လူတို့သည် တူရိယာများကိုပေါင်းစည်းအသုံးပြုခဲ့ကြခြင်းဖြစ်သည်။ ဘုရားသခင်သည် ထိုအရာကို အမိန့်ချမှတ်ခြင်းမပြု၊ လက်ခံခြင်းပြုမည်မဟုတ်ပါ။ ခရစ်ယာန်တို့သည် ဘုရားသခင်ထံ ဆုတောင်းရာ၌ တူရိယာအသုံးပြုပြီး ဆုတောင်း၍မရနိုင်သကဲ့သို့ သီချင်းဆိုချီးမွမ်းရာ၌လည်း အကူပစ္စည်းတူရိများအသုံးပြုပြီး ချီးမွမ်း၍မရနိုင်ပါ။

**၄။ သူတို့သည်စုဝေးကြပြီး ကိုယ်တော်၏ ပွဲတော်မင်္ဂလာတွင်ပါဝင်ကြသည်။** (တမန်တော်ဝတ္ထု ၂၀း၇)တွင် ဤကိစ္စကို ဖော်ပြထားသော ဥပမာတစ်ခုကို တွေ့ရပါသည်။ (ရှင်မဿဲ ခရစ်ဝင် ၂၆း၂၆–၂၈ နှင့် ၁ကော ၁၁)တွင်၊ ခရစ်တော်ရှင် ကိုယ်ခန္ဓာကိုသတိရလျက် မုန့်ကိုလည်းကောင်း၊ ကိုယ်တော်၏ အသွေးတော်ကို အောက်မေ့လျက် စပျစ်ရည်ကို လည်းကောင်း၊ စားသောက်သုံးဆောင်ရန်သွန်သင်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ချက်ကို ကျွန်ုပ်တို့ယနေ့တိုင် လုပ်ဆောင်ကြရန်ဖြစ်ပါသည်။

၅။ **သူတို့သည် သူတို့၏ငွေကြေးများကို ပေးကမ်းပါသည်။** ရှင်ပေါလုသည် ဂလာတိနှင့်ကောရိန္သု ရှိသော တပည့်တော်တို့ကို အောက်ပါအတိုင်းမိန့်ကြားခဲ့၏။ "*ငါရောက်လာသောအခါ လှူဒါန်း၍ စုထားစရာမရှိစေခြင်းငှါ၊ ခုနစ်ရက်တွင် ပဌမနေ့ရက်၌ အသီးအသီး ကောင်းစားသည့်အတိုင်း၊ မိမိတို့ဥစ္စာတစ်ဘို့ကို ထုတ်၍ စုထားကြလော့။* " (၁ကော ၁၆း၂)။ (၂ကော ၉း၇)ကိုလည်း ဖတ်ပါ။

ရှေးဦးခရစ်ယာန်တို့သည် ရက်သတ္တပတ်တိုင်း၏ ပဌမနေ့တွင် ဆုံစည်းကြပြီး ဘုရားသခင်ကို ဝတ်ပြုကိုးကွယ် ကြပါသည်။ (တမန်တော်ဝတ္ထု ၂၀း၇ နှင့် ၁ကော ၁၆း၂)။ ၎င်းတို့သည် သတိပေးခြင်း ခံခဲ့ကြရပါသည်၊ "*လူအချို့တို့၏ ထုံးစံရှိသည့်အတိုင်း၊ အချင်းချင်းစည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကိုတိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန် ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့။*" (ဟေဗြဲဩဝါဒစာ ၁၀း၂၅)။ ယနေ့ခရစ်ယာန်များသည် ထိုနေ့၌ပင် ယခင်ကာလက ဆောင်ရွက်ခဲ့ကြသောလုပ်ဆောင်မှုများနည်းတူ ဆောင်ရွက်ကြရပါမည်။ သို့ဖြစ်၍ ထိုစဉ်က သွန်သင်ဆုံးမတော်မူခဲ့သည့်အတိုင်း လိုက်လျှောက်ကြရပါမည်။ သင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်းသည် ရှင်းလင်းလှလွန်းသောကြောင့် အများက ခလုတ် တိုက်မိကြ ပါသည်။ ၎င်းတို့က ဝတ်ပြုကိုးကွယ်ခြင်းများကို ရှည်လျား သင့်သည်ဟုထင်မြင်ကြပြီး ရိုးရာဓလေ့ထုံးစံများနှင့် လုပ်ရိုးလုပ်စဉ် လုပ်ဆောင်ချက်များအားဖြင့်ဆွဲယူသွားခြင်း၊ ငြီးငွေ့ဖွယ် လုပ်ဆောင်ချက်များ၊ ဆုတောင်းခြင်းများကိုထပ်တလဲလဲပြုလုပ် ခြင်းများ၊

စသဖြင့်များကို လိုအပ်သည်ဟု ယူဆကြသည်။ သို့သော်လည်း ဤသို့မဟုတ်ပါ။ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ပတ်သတ်ပြီး ဘုရားသခင်ကသူ၏အလိုတော်ကို ထုတ်ဖော်ထားပါသည်။ ၎င်းအလိုတော်ကို မွမ်းမံပြုပြင်ရန် မည်သူ့ကိုမျှ ခွင့်မပြုထားပါ။ ပေါင်းခြင်း၊ နှုတ်ခြင်း ပြုလုပ်သူအပေါ် သက်ရောက်မည့်ကိုယ်တော်ထုတ်ပြန်ထားသောကျိန်ခြင်းမသင့်ဘဲလျက်၊ မည်သူမျှ အသစ်သွင်းခြင်း သော်လည်းကောင်း၊ နှုတ်ပယ်ခြင်း သော်လည်းကောင်း မပြုနိုင်ပေ။ ဘုရားသခင်က မိန့်ကြားခဲ့ပြီးဖြစ်၍ ကိုယ်တော်၏လူတို့က လိုက်နာရပါမည်။ ထိုသို့မှသာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခြင်း၊ ချီးမွမ်းထောပနာပြုခြင်း နှင့် ဂုဏ်ပြုခြင်းများ ပြုနိုင်ပါမည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ အသင်းတော်ကိုမည်သည်နှင့်ဆောက်တည်ထားပါသနည်း။

________________________________

________________________________

၂။ အသင်းတော်၏ရည်ရွယ်ချက်ကားအဘယ်နည်း။________

________________________________

၃။ ကိုယ်တော်၏နာမ၌ မည်သည်ကို ဆောင်ရွက်ရမည်နည်း။

________________________________

________________________________

၄။ ခမ္မသစ်ကျမ်းတွင် ဝတ်ပြုကိုးကွယ်နည်းဘယ်နှစ်မျိုးဖတ်ရှုရပါသနည်း။

၅။ မြောက်များစွာသောဆင်းတုများကို ပေါလု မည်သည့်နေရာတွင်တွေ့ခဲ့ပါသနည်း။

၆။ ၎င်းတို့၏ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ပတ်သတ်ပြီး ပေါလု ဘာပြောခဲ့သနည်း။

၇။ ယခုအခါ ထိုကဲ့သို့ဝတ်ပြုနေသောသူများ ရှိပါသလား။

၈။ ဘုရားသခင်ကိုအချည်းနှီးဝတ်ပြုနေကြသည်ဟု မည်သူက ပြောခဲ့သနည်း။

၉။ အဘယ်ကြောင့်သူတို့၏ဝတ်ပြုခြင်းသည်အချည်းနှီးဖြစ်ရပါသနည်း။

၁၀။ ကျမ်းညွှန်းဖော်ပြပါ။

၁၁။ ယနေ့ဘုရားသခင်ကိုအချည်းနှီးဝတ်ပြုကိုးကွယ်နေသူများ ရှိပါသလား။

၁၂။ စစ်မှန်သောဝတ်ပြုခြင်းကားအဘယ်နည်း။

၁၃။ ယောဟန် ၄း၂၄ ကိုဖော်ပြပါ။

၁၄။ ဘုရားသခင်ကို နံဝိညာဉ်နှင့် ဝတ်ပြုရမည်ဆိုသည်မှာ မည်သည်ကိုဆိုလိုပါသနည်း။

၁၅။ ဘုရားသခင်ကို သစ္စာ (သမ္မာတရား) နှင့်ဝတ်ပြုရမည် ဆိုသည်မှာမည်သည်ကိုဆိုလိုပါသနည်း။

၁၆။ ဘုရားသခင်သည် မိမိ၏လူများထံမှ မည်ကဲ့သို့သော ဝတ်ပြုခြင်းမျိုးကို လိုလားပါသနည်း။

၁၇။ ကိုယ်တော်၏လူတို့မည်သို့ဝတ်ပြုရမည်ဟုညွှန်ကြား ထားသည့်အတိုင်းဝတ်ပြုကြသည့်ပုံကိုအဘယ် နေရာတွင် ဖတ်နိုင်သနည်း။

၁၈။ ဝတ်ပြုကိုးကွယ်ခြင်း၌ ပါဝင်သော အချက်ငါးမျိုးကို ဖော်ပြပါ။

၁၉။ ယနေ့ကာလတွင် ဘုရားသခင်သည် လူတို့ကို မည်သို့ စကားပြောပါသနည်း။

၂၀။ ဘုရားသခင်သားသမီးများသည် ဘုရားသခင်အား မည်သို့ ဆက်သွယ်စကားပြောပါသနည်း။

၂၁။ တေးသီဆိုနည်းနှစ်မျိုးကားအဘယ်နည်း။

၂၂။ ဘုရားသခင် အလိုရှိတော်မူသော တေးသီဆိုနည်းကား အဘယ်နည်း။

၂၃။ ကိုယ်တော်၏ပွဲတော်မင်္ဂလာကား အဘယ်နည်း။

၂၄။ ခရစ်ယာန်များသည် မည်သည့်နေ့တွင် စုဝေးရမည်နည်း။

၂၅။ ဘုရားသခင်၏ ဝတ်ပြုခြင်း အစီအစဉ်ပုံစံကို ထပ်၍ ပေါင်းခြင်း၊ နုတ်ပယ်ခြင်းများ ပြုလုပ်နိုင်ပါသလား။

## သင်ခန်းစာ ( ၉ )

# အသင်းတော်၏ လုပ်ငန်း။

အသင်းတော်သည် အဘယ်ကြောင့် ရပ်တည်နေပါသနည်း?။ ၎င်း၏ရည်ရွယ်ချက်သည်အဘယ်အရာဖြစ်သနည်း?။ ၎င်း၏လုပ်ငန်းသည် အဘယ်အရာဖြစ်ပါသနည်း?။ ၎င်းတို့ကို ရှာဖွေရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဦးတည်ရပါမည်။

ပထမဦးစွာ လေ့လာကြည့်လျှင်၊ အသင်းတော်သည် လောကီနှင့်စပ်ဆိုင်သော စီးပွါးရေးလုပ်ငန်းများ၊ ကျောင်းများ၊ ဆေးရုံများ ဖွင့်လှစ်လည်ပတ်ခြင်း မပြုအပ်သည်ကို တွေ့ရပါသည်။ ဝင်ငွေရရှိလိုသော ရည်ရွယ်ချက်ဖြင့် စာအုပ်ပုံနှိပ် ထုတ်ဝေဖြန့်ဖြူးရောင်းချခြင်း စီးပွါးရေးလုပ်ငန်းလည်း မပြုအပ်ပါ။ ထိုလုပ်ငန်းများသည် ကောင်းသော ဆောင်ရွက်ခြင်းများဖြစ်၍ ခရစ်ယာန်တစ်ဦးခြင်းအနေဖြင့်၊၎င်းလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရှိသော်လည်း ၎င်းတို့သည်အသင်းတော်၏ လုပ်ငန်းမဟုတ်ပါ။ ကမ္ဘာပေါ်ရှိ ဘာသာရေးအဖွဲ့များသည် ထိုလုပ်ငန်းဆောင်ရွက်မှုများတွင် ပို၍ပို၍အာရုံစူးစိုက်လာကြသဖြင့်၊ ဘုရားသခင်၏ လူများအတွက် သမ္မာကျမ်းစာရည်ရွယ်သော လုပ်ငန်းများမှ သွေဖီ ခဲ့ကြပါသည်။

**၁။ ဧဝံဂေလိတရားကိုဟောကြားခြင်း။** ခရစ်တော်သည် ရှင်ပြန်ထမြောက်ခဲ့ပြီး ကောင်းကင်ဘုံသို့ ပြန်မတက်မီ တမန်တော်

များကိုသင်ကြားခဲ့သည်မှာ "*သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော် သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်၏ နာမဌ်ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။*" (ရှင်မဿဲခရစ်ဝင် ၂၈း၁၉–၂၀)။ တဖန်ယေရှုက တမန်တော်တို့ကိုပြောသည်မှာ– "*သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျ သတ္တဝါ အပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား၊ အပြစ်စီရင်ခြင်းကိုခံရလတံ့။*" (ရှင်မာကုခရစ်ဝင် ၁၆း၁၅–၁၆)။ ထို့နောက် ရှင်ပေါလုက ငယ်ရွယ်သောတိမောသေကို တိုက်တွန်းပြောကြားရာ၌ "*နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။*" (တိမောသေဩဝါဒစာ ဒုတိယစောင် ၄း၂)။ အခြားကျမ်းပိုဒ်များကို ဖော်ပြနိုင်ပါသေးသည်။ သို့ရာတွင် ဖော်ပြခဲ့သော ဤကျမ်းချက်များသည် ဧဝံဂေလိတရားကို ဟောကြားစေလိုသော ကိုယ်တော်၏ အလိုတော်ကို အခြေခံကျကျဖော်ပြနေပါသည်။

တမန်တော်များလက်ထက်အချိန်ကာလကအသင်းတော်သည် မည်သည့်ဆောင်ရွက်ချက်များပြုခဲ့ပါသနည်း?။ အသင်း

တော်သားများသည် ကိုယ်တော်ရှင် ညွှန်ကြားသည်ကို ဆောင်ရွက်ခဲ့ကြပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ဟောပြောခဲ့ကြပါသည်။ ဥပမာအနေဖြင့် — တမန်တော်ဝတ္ထုထဲတွင် သာဓကများစွာ ပါရှိပါသည်။ ပြောင်းလဲခြင်း သာဓကအားလုံးတွင် ဘုရားသခင်၏ အလိုတော်ကို သွန်သင်ဟောပြောနေသူတစ်ဦးအမြဲ တွေ့ရပါသည်။ တမန်တော်ဝတ္ထု ၂၊ ၈၊ ၉၊ ၁၀ နှင့် ၁၆ တို့ကိုဖတ်ပါ။ မည်သူက တရားဟောပြောခြင်း၊ သွန်သင်ဆုံးမခြင်းတို့ကို ပြုလုပ်ခဲ့ပါသနည်း?။ ယေရုရှလင်မြို့တွင် ဘုရားသခင်၏လူများတို့အပေါ်ညှင်းပမ်းနှိပ်စက်မှုများသက်ရောက်ခဲ့ပြီးနောက်၊ မှတ်တမ်းအရ– *"ထို့ကြောင့်အရပ်ရပ်သို့ ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။"* (တမန်တော်ဝတ္ထု ၈:၄)။

တဖန်ငင်းတို့သည် မည်သည်ကို ဟောပြောခဲ့ကြပါသနည်း?။ ထပ်မံ၍ တမန်တော်ဝတ္ထုထဲတွင်ပါသော ပြောင်းလဲခြင်းဥပမာများနှင့် ပတ်သတ်သည့် အကြောင်းများကိုဖတ်လျှင်ကိုယ်တိုင်သိရှိလာရပါမည်။ အနှစ်ချုပ်၍ ပြောရလျှင်၊ ၎င်းတို့သည် ခရစ်တော်၏ဓမ္မဒေသနာတော်၊ကယ်တင်ခြင်းရရှိလိုသောသူတစ်ယောက်သည် မည်သည်ကို ဆောင်ရွက်သင့်သည်အကြောင်း အသင်းတော်၏အရေးကြီးပုံ၊ ဝတ်ပြုကိုးကွယ်ခြင်း၌ပါဝင်သော လုပ်ဆောင် ချက်များ၊ ခရစ်ယာန်တစ်ယောက်၏အသက်တာအရေးကြီးပုံ စသည်တို့ကို သွန်သင်ဟောပြောသွားခဲ့ကြပါသည်။ ရှင်ပေါလုက အားလုံးကိုချုပြီး အောက်ပါအတိုင်း ပြောသွားခဲ့ပါသည်။ *"အကြောင်းမူကား၊ ဆုံးရှုံးခြင်း*

*သို့ရောက်သောသူတို့၌လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ ရောက်သော ငါတို့၌ ထိုတရားသည် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။"* (၁ကော ၁း၁၈)။

ကိုယ်တော်ရှင်ကရင်း၏နှုတ်ကပတ်တော်ကို ဟောပြောရန် မိန့်တော်မူခဲ့သည့်အပြင် ရှင်ပေါလုက ယုံ ကြည်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် ဖြစ်၏ဟု ပြောကြားခဲ့ပါသည်။ (ရောမ ဩဝါဒစာ ၁၀း၁၇)။ ခရစ်တော်က ထပ်မံ၍ ပြောကြားခဲ့သည်မှာ *"သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည်သင်တို့ကိုလွှတ်လိမ့်မည်။"* (ရှင်ယောဟန်ခရစ်ဝင် ၈း၃၂)။ တဖန်ထပ်မံ၍ *"သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ပဌနာပြုနိုင်မည်နည်း?။ သတင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း?။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း?။"*(ရောမဩဝါဒ စာ ၁၀း၁၄)။ ထိုအချက်အားလုံးသည် လူအပေါင်းတို့ ပျောက်ဆုံးနေကြသည်ကို ပြောပြနေခြင်းဖြစ်ပါသည်။ (ရောမဩဝါဒစာ ၃း၂၃၊ ၆း၂၃)။ သို့ဖြစ်၍၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အကြောင်းကို ဟောပြောရပါလိမ့်မည်။ (ရောမဩဝါဒစာ ၅း၈)၊ လူတို့တွင် ကယ်တင်ရှင်ရှိကြောင်း ပြောပြရပါမည်။ (ရှင်ယောဟန်ခရစ်ဝင် ၃း၁၆)၊ ဘုရားသခင်ကို ရိုသေလေးစားခြင်း၊ ဘုရားသခင်၏ စကားနားထောင်ခြင်းဖြင့် မိမိ၏အပြစ်များမှ ကယ်တင်ခြင်းခံရနိုင်ကြောင်း (ရောမဩဝါဒစာ ၁း၁၆-၁၇၊ ရှင်မာကုခရစ်ဝင် ၁၆း၁၅-၁၆)ပြောပြရပါမည်။ ဘုရားသခင်၏ အလိုတော်ကို မသိရှိ၊ ဂရုမစိုက်သောသူ၊

ဧဝံဂေလိတရားကို နားမထောင်သောသူတို့သည် ပျောက်ဆုံးကြ ရပါမည်။ (သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁း၇–၉)။ သို့ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြော ရပါမည်။

**၂။ ဆင်းရဲသူတို့ကို ကူညီမစခြင်း။** အရှင်သခင်၏နှုတ်ကပတ် တော်ထဲတွင်၊ အသင်းတော်သည် အကူအညီလိုအပ်နေသူများ အတွက် အလေးထားဂရုစိုက်သော ပုံသက်သေ၊ သာဓကများ ကျွန်ုပ်တို့ တွေ့ရှိခဲ့ပါသည်။ ၎င်းတို့ကို နည်းလမ်းရှိသ၍လည်း အကူအညီပေးခဲ့ကြကြောင်း တွေ့ရပါသည်။ (တမန်တော်ဝတ္ထု ၂း၄၅)တွင် ဖတ်ရှုရသည်မှာ – "*မိမိတို့ ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင် လူများဆင်းရဲသည်အတိုင်း အသီးသီးတို့အား ဝေငှခြင်းကို ပြုကြ၏။*" ထိုဆောင်ရွက်ခြင်းသည်၊ မိမိစိတ် သဘောအရလွတ်လပ်စွာပေးကမ်းခြင်းဖြစ်ပါသည်။ တမန်တော် ဝတ္ထု ၆ တွင်လည်း ဟေလေနစ်လူ နှင့် ဟေဗြဲလူ တို့အကြား၊ ဟေလေနစ်အမျိုးမုဆိုးမတို့သည် လုပ်ကျွေးမှု ပြုခြင်းမခံရသော ကြောင့်အငြင်းပွားခဲ့သည်ကို ဖတ်ရှုရပါသည်။ သို့ဖြစ်၍၊ တမန် တော်တို့သည် တပည့်တော်များကိုခေါ်ပြီး အသင်းတော်၏ ထိုလုပ်ငန်းကဏ္ဍကို ဆောင်ရွက်နိုင်ရန် ၎င်းတို့ထဲမှ လူခုနစ် ယောက် ကို ရွေးချယ်တင်မြှောက်စေခဲ့ပါသည်။

ရှင်ပေါလုသည် ယေရုရှလင်သို့သွားပြီး ဆင်းရဲသော သန့်ရှင်းသူများကိုကူညီခဲ့သည်ကိုဖတ်ရှုရပါသည်။ "*အကြောင်း မူကား၊ မာကေဒေါနိပြည်သားတို့နှင့် အခါယပြည်သားတို့သည် ယေရုရှလင်မြို့၌ ဆင်းရဲသော သန့်ရှင်းသူတို့အား ဥစ္စာကို*

*ဝေမျှ၍ စေတနာစိတ်နှင့်လှူကြပြီ။*" (ရောမဩဝါဒစာ ၁၅း၂၆) ဟု ၎င်းက ပြောကြားခဲ့ ပါသည်။ ရှင်ပေါလုသည် ကောရိန္သုရှိ ၎င်း၏ညီအစ်ကိုတို့ထံ စာရေးသားရာ၌ "*သန့်ရှင်းသူတို့အဖို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ၊ ဂလာတိပြည်၌ အသင်းတော်များကို ငါမှာထားသည့်အတိုင်း သင်တို့ပြုကြလော့။ ငါရောက်လာသောအခါ လှူဒါန်း၍ စုထားစရာမရှိစေခြင်းငှါ ခုနစ်ရက်တွင် ပဌမနေ့၌ အသီးသီး ကောင်းစားသည့်အတိုင်း၊ မိမိတို့ ဥစ္စာ တဘို့ကို ထုတ်၍စုထားကြလော့။*"(၁ကော ၁၆း၁-၂)။

မည်သူ့ကို ကူညီရမည်နည်း?။ သဘောသဘာဝအားဖြင့်၊ ပထမဦးစွာ၊ အသင်းတော်ရှိ လိုအပ်မှုရှိသောအသင်းသားများကို ကူညီရန်ဖြစ်ပါသည်။ ဆင်းရဲသူများ၊ အသက်ကြီးရင့်သူများ၊ မုဆိုးမများ၊ အရေးပေါ်ကိစ္စပေါ်ပေါက်သူများ၊ ခရစ်ယာန် အိမ်ထောင်မှ မိဘမဲ့ကလေးများ စသည်တို့ ဖြစ်ပါသည်။ "*ထို့ကြောင့်၊ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏အိမ်သူအိမ်သားတို့၌ အထူးသဖြင့်ကျေးဇူးပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။*" (ဂလာတိဩဝါဒစာ ၆း၁၀) ဟု ဖတ်ရပါသည်။ သို့သော်လည်း လူတိုင်းကိုကူညီ ရန် မဟုတ်ပါ။ (တိမောသေဩဝါဒစာပဌမစောင် ၅)တွင် မှတ်သားရသည်မှာ သစ္စာရှိသောခရစ်ယာန်တစ်ယောက်ဖြစ်ပြီး၊ မိမိကိုယ်ကို မစောင့်ရှောက်မကူညီနိုင်သောသူ၊ မိမိကိုကူညီနိုင်မည့် ဆွေမျိုးကင်းမဲ့သောသူကို ပံ့မှန်ကူညီ စောင့်ရှောက်ရမည် ဟုဆိုထားပါသည်။ သို့ဖြစ်၍ ကိုယ်တော်၏ ဘဏ္ဍာတော်ကို တောင်းရမ်းသူတိုင်းကို မပေးကမ်းဘဲ၊ စနစ်တကျသုံးစွဲရန် လိုအပ်ပါသည်။

အသင်းသားများကိုသာ ကူညီရန်မဟုတ်ပါ။ အကူအညီလိုအပ်နေသူအားလုံးကို၊ အသင်းတော်ကတတ်နိုင်လျှင်၊ ကူညီထောက်ပံ့နိုင်ပါသည်။ (ရှင်ယာကုပ်ဩဝါဒစာ ၁း၂၇ နှင့် ရှင်ယာကုပ်ဩဝါဒစာ ၂)ကိုဖတ်ပါ။ ထိုနည်းဖြင့် လူသားတို့ထံ ဧဝံဂေလိတရား ရောက်ရှိနိုင်ပါသည်။

သို့သော်လည်း ဤလုပ်ငန်းမျိုးအတွက် ဘဏ္ဍာငွေကို မည်သည့်နေရာမှာရရှိနိုင်ပါသနည်း?။ ၎င်းကိုလှူဒါန်းလိုသော အသင်းသားများထံမှရရှိနိုင်ပါသည်။ (၁ကော ၁၆း၁–၂၊ ၂ကော ၉း၆–၇)။ ဆိုလိုသည်မှာ ခရစ်ယာန်များသည် ပေးကမ်းလှူဒါန်းခြင်း မပြုလုပ်ခဲ့လျှင်၊ လိုအပ်သူများကို ကူညီထောက်ပံ့ရန် အသင်းတော်၌ အင်အားရှိမည်မဟုတ်ပါ။

**၃။ အသင်းတော်ကို ဆောက်တည်ခြင်း။** အသင်းတော်ကို ဆောက်တည်ခြင်းဆိုသည်မှာ အသင်းတော်တိုးတက် ဖွံ့ဖြိုးရန် လုပ်ဆောင်ခြင်း၊ အသင်းတော်၏ အင်အား တိုးတက်စေခြင်း၊ အသင်းတော်ကိုခွန်အားပေးခြင်း၊ အသင်းသူ၊ အသင်းသားများကို ဝိညာဉ်ရေးရာအရကြီးထွားဖွံ့ဖြိုးရန် တည်ဆောက်ပေးခြင်းတို့ဖြစ်ပါသည်။ ထိုသို့တည်ဆောက်ရာတွင်မည်သည့်အရာများ အသုံးပြုပါသနည်း?။ ဘုရားသခင်၏နှုတ်ကပတ်တော်၊ မိတ်သဟာရပြုခြင်း၊ ဝတ်ပြု ကိုးကွယ်ရာတွင်ပါဝင်ခြင်း၊ တစ်ဦးနှင့် တစ်ဦးကူညီခြင်း၊ ကောင်းသောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ချစ်ခြင်း အစ ရှိသည်တို့ဖြစ်ပါသည်။ (တမန်တော်ဝတ္ထု ၉း၃၁၊ ရောမဩဝါဒစာ ၁၄း၁၉၊၁ကော ၈း၁၊ သက်သာလောနိတ်

ဩဝါဒစာ ပဥ္စမစောင် ၅း၁၁၊ ၁ကော ၁၄း၂၆၊ ၂ကော ၁၂း၁၉ နှင့် ဧဖက်ဩဝါဒစာ ၄း၁၂) တို့ကိုဖတ်ပါ။

နိဂုံးချုပ်အနေနှင့်၊ ကမ္ဘာအနှံ့ဆိုင်ရာအဖွဲ့အစည်း ကို တည်ဆောက်ခြင်းမပြုဘဲလျက် အသင်းတော်သည် ဖော်ပြခဲ့သောဆောင်ရွက်ချက်များကို မည်ကဲ့သို့ဆောင်ရွက်နိုင်ကြောင်း လူတို့စဉ်းစားကြည့်ကြပါသည်။ အသင်းတော်ကို လူတစ်ဦးတစ်ယောက် ဦးဆောင်မှုမပြုဘဲလျက်လည်းကောင်း၊ အထူးရုံပုံငွေများ ရှာဖွေခြင်းမပြုဘဲလျက် လည်းကောင်း၊ မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို တွေးတောကြပါသည်။ သခင်ကိုယ်တော်၏နည်းလမ်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ထိုနည်းလမ်းသည်သာလျှင် ၎င်း၏အမှုတော်ကို ဆောင်ရွက်နိုင်သောနည်းလမ်းတစ်ခု တည်းသာဖြစ်၏။ ဘုရားသခင်ကိုချီးမွမ်းခြင်း၊ ဂုဏ်ပြုခြင်းနှင့် ဘုန်းတော်ထင်ရှားစေခြင်းများဖြင့်သာ ၎င်း၏အလိုကို ပြည့်စုံစေမည်ဖြစ်ပြီး ကျွန်ုပ်တို့လူသားများ ဖြစ်ရခြင်း၏ရည်ရွယ်ချက်ကို ပြည့်စုံစေပါမည်။ ခရစ်တော်သည် အသင်းတော်နှင့်အသင်းစုတစ်ခုခြင်း၏ဦးဆောင်သောသူဖြစ်၍ အသင်းသားတစ်ဦးစီတိုင်း၏ ဦးဆောင်သူလည်းဖြစ်သည့်အလျောက် အသင်းသားတိုင်းသည် မိမိ၏အခန်းကဏ္ဍကို ဆောင်ရွက်ကြရပါမည်။ အသင်းသားတိုင်းသည် မိမိတို့ကဏ္ဍမှ ပါဝင်ပေးလှူကြမှသာလျှင် အသင်းတော်သည် ၎င်း၏လုပ်ငန်းများကို စွမ်းဆောင်နိုင်ပါမည်။

တရားဟောပြောခြင်း၊ လိုအပ်သောသူများကို ကူညီမစခြင်း၊ အသင်းသားများကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း

တို့သည် လူသားတို့၏ဝိညာဉ်များကို ကယ်တင်ရန် ရည်ရွယ်ထားသည့်အတိုင်းဖြစ်၍ အဆုံး၌ဘုရားသခင်ကို ချီးမွမ်းဂုဏ်ပြုစေရန်ဖြစ်ပါသည်။ အသင်းတော်သည်အခြားသောလုပ်ငန်းများနှင့် မပတ်သတ်ဘဲဤလုပ်ငန်းများကို အလေးထားလုပ်ဆောင်ရန်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွါးရေးနှင့် အသင်းတော်ကို လူမှုရေးအဖွဲ့အစည်းတစ်ခုအသွင်သို့ ဖြစ်လာစေခြင်းတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ သွေဖီသွားခြင်းသာဖြစ်ပါသည်။ ကိုယ်တော်၏အသင်းတော်သည် ဝိညာဉ်ရေးဆိုင်ရာကိုယ်ထည် ဖြစ်ပါသည်။ ကမ္ဘာလောကထဲတွင် အသက်ရှင်နေကြရသော်လည်း လောကနှင့်မစပ်ဆိုင်ပါ။ အသင်းတော်သည် ဘုရားသခင်၏ စကားကို နားထောင် ရန်နှင့် လူသားတို့ကို အစေခံရန်၊ သန့်ရှင်းမြင့်မြတ်စွာတည်ရှိနေရန် အသင်းသားတိုင်းကို ကယ်တင်ခြင်းရစေရန်နှင့် မိမိကိုဖန်ဆင်းခဲ့သောဖန်ဆင်းရှင်အား ဘုန်းတော်ထင်ရှားစေရန်အတွက် တည်ရှိရပါမည်။ ဤသည်သာလျှင် ကိုယ်တော်၏အသင်းတော်၊ ၎င်း၏လုပ်ငန်းဆောင်တာများနှင့် ၎င်း၏ရည်မှန်းချက်တာဝန် ဖြစ်ပါသည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ ကိုယ်တော်၏အသင်းတော်သည် မည်သည့်လုပ်ငန်းတွင် ပါဝင်မှုမရှိသနည်း။ ____________________

____________________

____________________

၂။ သာသနာရေးလောကတွင် အမြတ်အစွန်းရရှိရေး၊ စီးပွါးရေးလုပ်ငန်းများနှင့်ညှိစွန်းနေကြပါသလား။ ____________

____________________________________________

၃။ အသင်းတော်၏လုပ်ငန်းကားအဘယ်နည်း။ ____________

____________________________________________

____________________________________________

____________________________________________

၄။ မဿဲ ၂၈း၁၉–၂၀ နှင့် မာကု ၁၆း၁၆ တွင်ရှိ ကိုယ်တော်၏မိန့်မှာချက်များကိုဖော်ပြပါ။ ____________

____________________________________________

____________________________________________

____________________________________________

၅။ ကနဦးခရစ်ယာန်များ အရပ်ရပ်သို့ပျံ့လွင့်ကြသည့်အချိန်၌ အဘယ်အရာကိုဆောင်ရွက်ခဲ့ကြသနည်း။ ____________

____________________________________________

____________________________________________

၆။ ထိုသူတို့ဟောပြောခဲ့သောအရာအချို့မှာ အဘယ်အရာများဖြစ်သနည်း။ ____________

____________________________________________

____________________________________________

၇။ ယုံကြည်ခြင်းသည်မည်သို့ဝင်ရောက်လာသနည်း။ ____________

____________________________________________

____________________________________________

၈။ မည်သည်က လွတ်ငြိမ်းချမ်းသာခွင့်ကို ပေးပါသနည်း။

၉။ လူတစ်ယောက်သည် ကယ်တင်ခြင်းကို မည်ကဲ့သို့ရယူနိုင်သနည်း။

၁၀။ မည်သူသည် ပျောက်ဆုံးလေပါမည်နည်း။

၁၁။ အကူအညီလိုအပ်နေသူများအပေါ်အသင်းတော်က စဉ်းစားဆင်ခြင်ပေးပါသလား။

၁၂။ ယေရုရှလင်မြို့ရှိ ဆင်းရဲသောယုံကြည်သူတို့ကို မည်သူက ပေးကမ်းမစခဲ့ပါသနည်း။

၁၃။ လူတိုင်းကို ကူညီမစရပါမည်လား။

၁၄။ မည်ကဲ့သို့သောလူမျိုးစုကို ဦးစွာကူညီရန် ဖြစ်ပါသနည်း။

၁၅။ ကူညီရာတွင် ရှိအပ်သည့် အကန့်အသန့်များကို ဖော်ပြပါ။

______________________________________________

______________________________________________

၁၆။ အသင်းတော်ပြင်ပမှလူများကိုကူညီရန် လိုအပ်ပါသလား။

______________________________________________

၁၇။ လိုအပ်သူများကို ကူညီရန်ရံပုံငွေကို မည်သည်မှ ရနိုင်သနည်း။______________________________________

______________________________________________

၁၈။ ရံပုံငွေကို မည်သည့်အခါတွင် ရှာဖွေစုဆောင်းရပါမည်နည်း။______________________________________

______________________________________________

၁၉။ တည်ဆောက်ခြင်း (edify) ဟူသော စကားလုံး၏ အဓိပ္ပါယ်ကိုဖော်ပြပါ။ ______________________________

______________________________________________

၂၀။ တည်ဆောက်ခြင်း ဖြစ်စေသောအရာအချို့ကား အဘယ်နည်း။______________________________________

______________________________________________

၂၁။ ဘုရားသခင်ကိုမည်ကဲ့သို့ချီးမွမ်း၊ဂုဏ်ပြုနိုင်မည်နည်း။——

______________________________________________

______________________________________________

၂၂။ အသင်းတော်၏ဦးခေါင်းကားအဘယ်သူနည်း။__________

______________________________________________

၂၃။ အသင်းတော်လုပ်ငန်း၏ ရည်ရွယ်ချက်ကားအဘယ်နည်း။

---

---

၂၄။ အသင်းတော်သည် မြေကြီးဆိုင်ရာလောကနှင့် စပ်ဆိုင်ပါသလား။

---

---

၂၅။ နိုင်ငံရေး၊ စီးပွါးရေး စသည်တို့သည် အဘယ်အရာ၏ ဆန့်ကျင်၍အံ့ဝင်ဂွင်ကျ မဖြစ်နေပါသနည်း။

---

---

## သင်ခန်းစာ ( ၁၀ )

# အသင်းတော်၏ တလုံးတဝစည်းလုံးညီညွတ်မှု။

ယနေ့၏ သာသနာရေးကမ္ဘာသည် အသင်းတော်၏ စည်းလုံးညီညွတ်မှုကိစ္စအပေါ် ပိုမို၍ စိုးရိမ်မကင်းဖြစ်လာကြပါသည်။ ခရစ်ယာန်အသင်းတော်အားလုံးနှင့်ဆိုင်သောလှုပ်ရှားမှုတစ်ခုအနေနှင့် နေရာတိုင်းတွင် လူတို့၏ စိတ်ကူးထဲရောက်ရှိခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းအကြောင်းမှာ ကမ္ဘာပေါ်တွင် ဘာသာရေးနှင့်ဆိုင်သော ဂိုဏ်းဂဏ ကွဲပြားမှုများစွာရှိနေ၍ လူအများက စိတ်မောလျက် ရှိနေကြပါသည်။ သို့ရာတွင် ဘာသာရေးအဖွဲ့အစည်းမျိုးစုံတွင် ပါဝင်နေသူတို့သည် သဘောတူညီမှုမရှိနေခြင်းကို သဘောတူညီမှုရှိရန် ကြိုးစားကြရင်းနှင့်ပင် ညီညွတ်မှုကို မရရှိ နိုင်ခဲ့ပါ။ စုစည်းမှု၊ ညီညွတ်မှု အသင့်အတင့်ရရှိနိုင်မည်ဖြစ်သော်လည်းကွဲပြားခြားနားမှုသည် ရှိနေဦးမည်ဖြစ်ပါသည်။ သို့ဖြစ်၍၊ ထိုပြဿနာအတွက် အဖြေသည် အဘယ်အရာဖြစ်ပါသနည်း?။ အဖြေသည် သမ္မာကျမ်းစာအုပ်ထဲ၌ရှိနေပါသည်။ စစ်မှန်သောညီညွတ်မှုရရှိနိုင်ရန် လူတို့သည် မိမိတို့၏သွန်သင်ဆုံးမမှုများ၊ အယူအဆဝါဒများ၊ အမည်များ၊ အသင်းအဖွဲ့များ၊ ဘာသာဝါဒစာအုပ်များ၊စသည်တို့ကိုစွန့်လွှတ်၍ သမ္မာကျမ်းစာအုပ်ကို ကောက်ယူပြီးဖတ်ပါ။ လေ့လာပါ။ ယုံကြည်ပါ။ လိုက်နာပါ။ ထိုအခါမှသာ ရှင်ယောဟန် ၁၇ တွင်ပါရှိသည့် ကိုယ်တော်ရှင် ဆုတောင်းခဲ့သော စစ်မှန်သည့် စည်းလုံးညီညွတ်မှုကိုရရှိနိုင်ပါမည်။ ထိုသို့ လူသားတို့ဆောင်ရွက်လျှင်၊ လူသားတိုင်းသည် ယုံကြည်ချက် တစ်ခုတည်း

ရှိလာကြပြီး တူညီသောသွန်သင်ဆုံးမမှုများကို လိုက်နာပါမည်။ သမ္မာကျမ်းအရ တစ်ခုတည်းသော ဝိညာဉ်ရေးဆိုင်ရာအမည်ကို ခံယူကြပါမည်။ အားလုံး အလုပ်အတူတကွ လုပ်ကြပါမည်။ အားလုံး တူညီသောဟောပြောဆုံးမမှုများကို သွန်သင်ကြပြီး အားလုံး ကောင်းကင်ဘုံသို့ အတူတကွတက်ကြပါမည်။ လူတို့သည် လူနောက်လိုက်ခြင်းကိုရပ်တန့်ပြီးခရစ်တော်နောက်သို့ လိုက်လျှောက်ကြသော အချိန်တွင် စစ်မှန်သော ညီညွတ်ခြင်းကို လွယ်ကူစွာရရှိပါလိမ့်မည်။

သမ္မာကျမ်းစာက ကွဲပြားခြားနားခြင်းကို အပြစ်တင်ရှုံ့ချပါသည်။ ဘုရားသခင်သည်လူလူချင်းအကြားစိတ်သဘောထားကွဲပြားရန်ဖန်တီးသောသူများကို မုန်းတီးသည်ဟု ကျမ်းစာထဲတွင် ဖော်ပြထားပါသည်။ (သုတ္တံ ကျမ်း ၆း၁၉)။ ၁ကော ၁ တွင် ကောရိန္တုရှိ အသင်းတော်သည် တကွဲတပြား ဖြစ်လာ နေသည်ကို ဖော်ပြထားပါသည်။ ဤဖြစ်ရပ်ကို ချီးမွမ်းမှုမပြုလုပ်သည့်အပြင်၊ တမန်တော်ရှင်ပေါလုက၊ ထိုသို့ဖြစ်ရခြင်းအကြောင်းဇစ်မြစ်ကိုရှာ၍ ဖျက်ဆီးပစ်ရန် ချက်ချင်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့စတင်ဆောင်ရွက်ခဲ့ရာ၌ရှင်ပေါလုက "*ညီအစ်ကိုတို့၊ သင်တို့ ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍၊ အချင်းချင်းမကွဲပြားဘဲ၊ စိတ်သဘောတသံ၊ တသမတ်တည်းရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏ နာမတော်ကိုအမှီပြု၍ သင်တို့ကို ငါနှိုးဆော်တောင်းပန်ပါ၏။*" (၁ကော ၁း၁၀) ဟုပြောခဲ့၍ ဆက်လက်ပြီး မေးခွန်းသုံးခုမေးခဲ့ပါသည်။ ထိုမေးခွန်းသုံးခုအနက်တခုခုသည် ၎င်းတို့ဆောင်ရွက်နေသည်တွင် မှားယွင်းနေကြောင်း ပြပါလိမ့်မည်။

မေးခွန်းများမှာ–သခင်ခရစ်တော်သည် ကွဲပြားခြားနားနေပါ သလား?။ ရှင်ပေါလုက သင့်အတွက် အသက်ခံခဲ့ရခြင်းဖြစ်ပါ သလား?။ သင်သည် ရှင်ပေါလု အမည်၌ ဗတ္တိဇံမင်္ဂလာကို ခံယူခဲ့ပါသလား?။ မေးခွန်းသုံးခုစလုံးကို ၎င်းတို့ဖြေကြားရာ၌ မဟုတ်မှန်ကြောင်းသာဖြေရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုမေး ခွန်းများမေးရခြင်းသည် ၎င်းတို့၏သဘာဝမကျ၊မဖြစ်သင့်သော ကွဲပြားနေသည့်အခြေအနေကို ထောက်ပြလိုသောကြောင့်ဖြစ်ပါ သည်။

ရောမမြို့ရှိ ညီရင်းအစ်ကိုများထံလည်း ထိုတမန်တော် ပေါလုကပင် "*ညီအစ်ကိုတို့၊ သင်တို့ခံရပြီးသောဆုံးမဩဝါဒ နှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်း အကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ရှောင် ကြလော့ဟု ငါသတိပေး၏။အကြောင်းမူကား၊ ထိုသို့သောသူတို့သည် ငါတို့ သခင်ခရစ်တော်၏အမှုကိုမဆောင်ရွက်ဘဲလျက်၊ မိမိတို့ဝမ်း၏ အမှုကိုသာဆောင်ရွက်၍၊ လောကဝတ်စကားနှင့် ချော့မော့သော စကားအားဖြင့် စိတ်ကောင်းသော သူတို့ကို လှည့်ဖြားတတ် ကြ၏။*" (ရောမဩဝါဒစာ ၁၆း၁၇–၁၈)။ ကောလောသဲ ၂း၂၀– ၂၂ တွင် ၎င်းပြောခဲ့သည်မှာ "*သင်တို့သည် ခရစ်တော်နှင့် အတူသေ၍၊လောကီတရားနှင့်မှစုတေ့ကြသည်မှန်လျှင်၊ မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်ဟူသောပညတ်စကားကို လောကီအသက် ရှင်သေးသကဲ့သို့၊အဘယ့်ကြောင့်နားထောင်ကြသနည်း။ လူတို့ ၏ပညတ်ဩဝါဒအတိုင်း စောင့်ရှောက်သော ထိုပညတ်ရှိသမျှ တို့သည် ပုတ်ပျက်စေခြင်းအကြောင်းဖြစ်ကြ၏။*" ဟု ပြောခဲ့ပါ သည်။

ဖော်ပြခဲ့သောအချက်များအားလုံးဆိုလိုသည်မှာ– လူတို့၏သွန်သင်ဆုံးမချက်များ၊ ဝါဒနှင့်ပညတ်တော်များ၊ လူတို့ကိုမြှောက်စားချီးမွမ်းခြင်းများ၊ သမ္မာကျမ်းစာအုပ်အတိုင်းပြုကျင့်ဆောင်ရွက်မှုမရှိဘဲ၊ လူတို့ရေးသားထားသော စာအုပ်များ အတိုင်း လျှောက်လိုက်ခြင်းများသည် ကွဲပြားခြင်းကို ဖြစ်စေပါသည်။ တဘက်၌ကြည့်လျှင် ညီညွတ်ခြင်းကို ခရစ်တော်နောက်လိုက်ခြင်းအားဖြင့်သာ ရရှိနိုင်၍ ခံစားနိုင်ပါသည်။ "*ထိုသူတို့အဘို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သော သူတို့အဘို့ကိုလည်းဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြမည့်အ ကြောင်း၊ ထိုသူအပေါင်းတို့သည် တလုံးတဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်းကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌တလုံးတဝတည်း ဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။*" (ရှင်ယောဟန်ခရစ်ဝင် ၁၇း၂၀–၂၁)ဟုဆုတောင်းခဲ့သည်မှာ ခရစ်တော်ဖြစ်ပါသည်။ ခရစ်တော် ဆုတောင်းခဲ့သည်မှာ မဖြစ်နိုင်သောအရာကိုတောင်းခံခဲ့ခြင်းဖြစ်ပါသလား?။ မဟုတ်ပါ။ သို့ဖြစ်၍၊ ညီညွတ်မှုမလွဲမသွေရှိနိုင်ပါသည်။ မည်သည့်အချိန်အခါ ဖြစ်ပါသနည်း?။ ခရစ်တော်နောက်ကျွန်ုပ်တို့လိုက်သော အချိန်အခါဖြစ်ပါသည်။ လူတို့ဖန်တီးသော ဆုံးမသွန်သင်ချက်များသည်ကျွန်ုပ်တို့ကို ကွဲပြားစေမည်ဖြစ်ပြီး၊ ကျမ်းစာက ပို့ချသောသွန်သင်ဆုံးမမှုများက ကျွန်ုပ်တို့ကိုစုစည်းစေပါမည်။

ဖေက်ဩဝါဒစာစောင် ၄း၁–၆ တွင် ကျွန်ုပ်တို့သည် စည်းလုံးညီညွတ်ရေးအတွက်နိယာမရရှိနိုင်ပါသည်။ နားထောင်ကြည့်ပါ။ *"ခေါ်တော်မူခြင်းကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့်အထိုက်အလျောက်ကျင့်ဆောင်မည်အကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသောငါသည် သင်တို့ကို တိုက်တွန်းနှိုးဆော်ပါ၏။ အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့်၊ မေတ္တာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍၊ အသင့်အတင့်ပေါင်းဘော်ခြင်းအဖွဲ့အစည်းအားဖြင့်၊ သင်တို့သည် အချင်းချင်းစိတ်သဘော မခြားမနားတလုံးတဝတည်း ဖြစ်အံ့သောငှါ ကြိုးစားအားထုတ်ကြလော့။–သင်တို့ကိုခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ၊ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပေါ်မှာ ရှိတော်မူ၏။ ခပ်သိမ်းသောငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့အထဲ၌လည်း ရှိတော်မူ၏။"* ထိုအချင်းအရာသည် စည်းလုံးညီညွတ်မှုရှိရန် တောင်းဆိုနေသည်ကို သတိပြုပါ။ ဖော်ပြပါအကြောင်းအရာများတွင် တစ်ခုချင်းစီကိုသာ ညွှန်းလျက်ရှိကြောင်းကိုလည်း သတိပြုပါ။ တစ်ခုထပ်ပိုသော အကြောင်းအချက်များရှိသည်ကို မည်သူက အကြံရခဲ့ပါသနည်း?။

အသင်းတော်၏တလုံးတဝဖြစ်မှုကို ခရစ်တော်ကမိမိ၏ အသင်းတော်ကိုတည်ဆောက်ပါမည် ဟူသောအချက်တွင်တွေ့ရ

ပါသည်။ (ရှင်မဿဲခရစ်ဝင် ၁၆း၁၈)။ ဆိုလိုသည်မှာ တစ်ခုတည်းသော အသင်းတော်ဖြစ်ကြောင်း၊ ၎င်းသည်မိမိ၏ ဝိညာဉ်နှင့်စပ်ဆိုင်သော ခန္ဓာကိုယ်ဖြစ်ကြောင်း(၁ကော ၁၂း၂၇)နှင့် ၎င်းသည် ထိုအသင်း၏ဦးခေါင်းဖြစ်ကြောင်း (ကောလောသဲ ၁း၁၈၊ ဧဖက်သြဝါဒစာ ၁း၂၂-၂၃၊ ဧဖက်သြဝါဒစာ ၅း၂၃) ဖော်ပြထားပါသည်။ ခရစ်တော်၌ ခန္ဓာကိုယ်နှစ်ခု (သို့မဟုတ်) ဦးခေါင်းနှစ်လုံးရှိကြောင်း မည်သူမျှ စွတ်စွဲပြောဆိုမည် မဟုတ်သည်မှာ သေချာပါသည်။ အသင်းတော်ကို ဘုရားသခင်၏ အိမ်တော် (သို့မဟုတ်) ဘုရားသခင်၏ မိသားစုကဲ့သို့လည်း ရုပ်လုံးဖော်ထားပါသေးသည်။ (တိမောသေသြဝါဒစာ ပဌမစောင် ၃း၁၅)။ သို့သော်လည်း အိမ်တော်ဘယ်နှစ်ခုနှင့်မိသားစု ဘယ်နှစ်ခုရှိပါသနည်း?။တစ်ခုတည်းသာရှိပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏နိုင်ငံတော်၊ သို့မဟုတ် ဘုရားသခင်၏ နိုင်ငံတော်တွင် ခရစ်တော်ကို ဘုရင်အဖြစ်ဖြင့်ဖတ်ရှုရပါသည်။ (ရှင်ယောဟန်ခရစ်ဝင် ၃း၃-၅၊ ကော လောသဲသြဝါဒစာ ၄း၁၁၊ တိမောသေသြဝါဒစာပဌမစောင် ၆း၁၅-၁၆)။ သခင်ဘုရားထံ၌ နိုင်ငံတော်မည်မျှရှိပါသနည်း?။ ဘုရင်ဘယ်နှစ်ပါး ရှိပါသနည်း? ။ တစ်ခုတည်းတစ်ပါးတည်းသာရှိပါသည်။

ကွဲပြားမှုအခြေအနေတွင်ရှိနေသော ဂိုဏ်းဂဏဆင်ခြင်ယူဆမှုများသည် သမ္မာကျမ်းစာကို ဆန့်ကျင်လျက် ရှိနေသည်မှာ သေချာပါသည်။ တဘက်၌ကြည့်လျှင်၊ တစ်ခုတည်းသော၊ ပြည့်စုံသော၊ အကြွင်းမရှိသော၊ စည်းလုံးညီညွတ်မှုကို ပုံဖော်ထားပါသည်။ ကျမ်းစာသည် အသင်းတော်ကို ယုံကြည်မှုအမျိုးမျိုး၊ ကိုးကွယ်ရာနည်းပုံစံပေါင်းစုံရှိကြသော၊ ဘာသာရေး

ကိုင်းရှိုင်းသောသူတို့နှင့် ဖွဲ့စည်းထားသည့် ထူခြားအံ့သြဖွယ် ကောင်းသော အဖွဲ့အစည်းတစ်ခုအသွင် ပုံဖော်ထားခြင်းမရှိပါ။ ခေါ်ယူခြင်းခံရသော သူများတည်းဟူသော၊ အသင်းတော်ကို ခရစ်တော်ပိုင် ဆိုင်ပါသည်။ ထိုခေါ်ယူခြင်း ခံရသူများသည် ခရစ်တော်နောက်လိုက်သူ၊ ခရစ်တော်၏ ဟောပြောသင်ကြား ချက် များကို နားထောင်လိုက်နာသူ၊ ကယ်တင်ခြင်းခံရသူများ ဖြစ်ပါသည်။ ခရစ်တော်သည် ကွဲပြားနေခြင်းမရှိသကဲ့သို့ သူ၏ အသင်းတော်သည်လည်း ကွဲပြားနေခြင်းမရှိပါ။ ကွဲပြားခြင်းနှင့် ကွဲပြားခြင်းကို မည်သည့်နည်းနှင့်မျှမဆို ဆောင်ယူကိုင်တွယ် ထားမှုသည် ခရစ်တော်ကို ဆန့်ကျင်ရာရောက်ပါသည်။ ထိုသို့ ဆန့်ကျင်ကွဲပြားခြင်း မရှိစေရန် အတွက်ကိုပင် ခရစ်တော်က ဆုတောင်းခဲ့ပါသည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ ယနေ့အခါတွင် အသင်းတော်ညီညွတ်မှု တလုံးတဝတည်း ဖြစ်စေရန် တောင်းဆိုမှုများရှိပါသလား။__________

________________________________

၂။ ထိုသို့ညီညွတ်မှု၊တလုံးတဝတည်းဖြစ်စေရန် အကြီးအကျယ် စိတ်ဝင်စား နေကြခြင်း အကြောင်းကား အဘယ်သို့သောအ ကြောင်းကြောင့်ဖြစ်သနည်း။ ____________

________________________________

၃။ ဘာသာရေးအဖွဲ့အစည်းများ သဘောကွဲလွဲမှုများရှိခြင်းကို

သဘောတူခြင်းဖြင့် အသင်းတော်၌ ညီညွတ်မှုတလုံးတဝ
တည်းရှိနိုင်ပါမည်လား။

၄။ ညီညွတ်မှု၊တလုံးတဝတည်းဖြစ်မှုအတွက် အဖြေမှာအဘယ်
နည်း။

၅။ တလုံးတဝတည်းဖြစ်ရန် လူတို့သည်မည်သည်တို့ကို ဖယ်
ရှားပစ်ဖို့လိုအပ်ပါသနည်း။

၆။ ကျွန်ုပ်တို့အားလုံး တလုံးတဝတည်းရှိစေရန် မည်သူဆု
တောင်းခဲ့ပါသနည်း။

၇။ တလုံးတဝတည်း၏ရလဒ်မှာ မည်သည်ဖြစ်ပါသနည်း။

၈။ ကွဲပြားခြင်းကို သမ္မာတရားက ရှုံ့ချပါသလား။

၉။ ကိုယ်တော်သည် မည်သူ့ကို မုန်းတီးပါသနည်း။

၁၀။ ၁ကော ၁း ၁၀ ကိုဖော်ပြပါ။

၁၁။ ကောရိန္တုအသင်းတော်ကို ပေါလုမေးခဲ့သောမေးခွန်းသုံးခု

ကိုဖော်ပြပါ။

၁၂။ မည်သည့်လူအမျိုးအစားကို မှတ်သားရှောင်ရှား ရပါမည်နည်း။

၁၃။ ၎င်းတို့သည်မည်သူ့ကိုအစေခံပါသနည်း။

၁၄။ ကျွန်ုပ်တို့သည်၎င်းတို့ကိုရှောင်ကြဉ်ရပါမည်လား။

၁၅။ သခင်ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ရာ၌ အချည်းနှီးဖြစ်သူများကားမည်သူများနည်း။

၁၆။ ခရစ်တော်သည် မည်သည့်အတွက် ဆုတောင်းခဲ့သနည်း။

၁၇။ မဖြစ်နိုင်သောအရာအတွက် ခရစ်တော်ဆုတောင်းခဲ့ပါမည်လား။

၁၈။ တလုံးတဝတည်းဖြစ်စေနိုင်ရန်အတွက် နိယာမကို ဖော်ပြပါ။

၁၉။ တစ်မျိုးစီတွင် ဘယ်နှစ်ခုစီ ပါဝင်ပါသနည်း။

၂၀။ ခရစ်တော်သည် အသင်းတော်ဘယ်နှစ်ခုကို တည်ထောင်ပါသနည်း။

၂၁။ အသင်းတော်ဆိုသည်မှာအဘယ်အရာနည်း။

၂၂။အသင်းတော်၏ဦးခေါင်းသည် မည်သူ(မည်သူတို့) ဖြစ်ပါသနည်း။

၂၃။ ခရစ်တော်၌ တစ်ခုထက်ပိုသော ခန္ဓာကိုယ် (သို့မဟုတ်) ဦးခေါင်း တစ်လုံးထက်ပို၍ရှိပါသလား။

၂၄။ ကိုယ်တော်ရှင်၌ မိသားစု ဘယ်နှစ်ခုရှိပါသနည်း။

၂၅။ ဘုရားသခင်၏နှုတ်ကပတ်တော်သည်ကျွန်ုပ်တို့ကို ကွဲပြားစေမည်လော။(သို့မဟုတ်) တလုံးတဝတည်း ဖြစ်စေမည်လော။

## သင်ခန်းစာ ( ၁၁ )

# အသင်းတော်၏ ခံယူချက်၊ သွန်သင်ချက် (CREED)

Creed ဆိုသောစကားလုံးသည် Credo ဟူသော လက်တင် ဘာသာစကားမှ ဆင်းသက်လာပါသည်။ ၎င်းကို အဓိပ္ပါယ်သတ်မှတ်ထားရာ၌ ယုံကြည်ချက်တစ်ခု၊ ဘာသာရေး ယုံကြည်မှုတွင်သြဇာရှိသော ယုံကြည်ခြင်း၏နိယာမ၊ ဘာသာ ရေးယုံကြည်ချက်နှင့်ပတ်သတ်သောဝန်ခံချက်များ၊ နိယာမများ၊ စည်းမျဉ်းများ၏အချုပ် (သို့မဟုတ်) ထင်မြင်ခံယူချက်များ (သို့မဟုတ်) စေးကပ်ထားချက်များဟု ဖော်ပြထားပါသည်။ အသင်းတော်၏ Creed (ခံယူသွန်သင်ချက်) ဟုဆိုရာ၌ တမန် တော်တို့၏ အယူအဆဝါဒ၊ Nicene အယူအဆဝါဒများကို တွေးထင်မြင်မိ တတ်ကြပါသည်။ သို့ရာတွင် ထိုနှစ်မျိုးစလုံးကို သမ္မာကျမ်းစာအုပ်ထဲတွင်မတွေ့ရပါ။ ထို့အပြင်၊ လူတို့ဖန်တီး ထားသော အသင်းတော်တိုင်းတွင် လူတို့ဖန်တီးထားသည့် ခံယူ သွန်သင်ချက်များကို လက်စွဲကျမ်းများ၊ စည်းမျဉ်းစည်းကမ်း များ၊ ယုံကြည်ချက်ကိုဝန်ချတောင်းပန်မှုများ စသည်တို့တွင် တွေ့ရပါသည်။ ၎င်းတို့အားလုံးသည်ဘုရားသခင်၏နှုတ်ကပတ် တော်မြတ်အား တိုးချဲ့ဖြည့်စွက်ထားခြင်း ဖြစ်ပါသည်။

သမ္မာကျမ်းစာအုပ်တွင် ပါဝင်သည်ထက် ပို၍ပါသော အယူဩဝါဒ(ခံယူ–သွန်သင်ချက်) စာအုပ်များသည် အလွန်အ ကျွံဖြစ်နေလျက်ရှိသည်ဟုအကြံပြုပါရစေ။ သမ္မာကျမ်းစာအုပ် တွင် ပါဝင်သည်ထက် လျော့ပါသော အယူဝါဒ (ခံယူသွန်သင်

ချက်) စာအုပ်များသည်လည်း လျော့ပါး၍ ပြည့်စုံမှုမရှိပါ။ သမ္မာကျမ်းစာအုပ် အထဲက အတိုင်း ပါရှိသော အယူဝါဒ (ခံယူသွန်သင်ချက်)စာအုပ်များသည်လည်းအကျိုးမဝင်ပါ။ ကျွန်ုပ်တို့ထံတွင် သမ္မာကျမ်းစာအုပ်ရှိထားပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း ၂၂း၁၈–၁၉ နှင့် ဂလာတိဩဝါဒစာ ၁း၆–၉ တို့တွင်ကျွန်ုပ်တို့သည်ဘုရားသခင်၏နှုတ်ကပတ်တော် ကိုပေါင်းခြင်း သော်လည်းကောင်း၊ နှုတ်ခြင်း သော်လည်း ကောင်း၊ အစားထိုးခြင်း သော်လည်းကောင်း မပြုရန်အလေးအ နက်ထောက်ပြထားပါသည်။ တနည်းအားဖြင့်ဆိုသော်၊ သမ္မာကျမ်းစာများသည် ပြည့်စုံပြီးဖြစ်ပါသည်။ (တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၆–၁၇)။ ၎င်းသည် အထူးကောင်းမွန်စုံလင်ပြီးဖြစ်ကြောင်း (ရှင်ယာကုပ်ဩဝါဒစာ ၁း၂၅)တွင် ပါရှိ၍၊ကျွန်ုပ်တို့သည်ဘုရားသခင်၏ဗျာဒိတ်တော်အနေဖြင့် ပြောဆိုရပါမည်။(ရှင်ပေတရုဩဝါဒစာ ၄း၁၁) သို့ဖြစ်၍၊ဩဇာအာဏာသက်ရောက်မှု ရှိစေရန် အခြားစာအုပ် (သို့မဟုတ်) စာအုပ်များဖြည့်စွက်ရန်မလိုပါ။

ယနေ့ ဘာသာရေးလောကကြီးသည် ကွဲပြားခြားနားလျက်ရှိသည်မှာ လူသားတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လိုက်နာကျင့်သုံးသောကြောင့်မဟုတ်ပါ။ လူတို့ဖန်တီးထားသော ခံယူချက်၊ သွန်သင်ချက်များကို လက်ခံထား သောကြောင့်ဖြစ်ပါသည်။ အသင်းတော်တိုင်းတွင် ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများ စသဖြင့်၊ရှိရမည်ဟု အခြေအတင် ငြင်းခုံခဲ့ကြပါသည်။ ဤသို့ဆောင်ရွက်ခြင်းကြောင့်ဝင်လျှင် သမ္မာကျမ်းစာကိုစွန့်ပစ်ထားကြောင်းဝန်ခံနေသည့်အလားဖြစ်ပါသည်။ စိတ်မ

ကောင်းဖွယ်ရာဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့တောင်းပန်လိုသည်မှာ လူတို့ဖန်တီးထားသော စာအုပ်များကို ဖယ်ရှားပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော သမ္မာကျမ်းစာထံသို့ ပြန်လှည့်ပါ။ ၎င်းသည်ခရစ်တော်ယေရှု၌ ကျွန်ုပ်တို့ကိုပြန်လည်စုစည်းစေပါမည်။ ကွဲပြားစေ မည်မဟုတ်ပါ။

ကိုယ်တော်အသင်းတော်၏ ခံယူသွန်သင်ချက်သည် မည်သည်ဖြစ်ပါသနည်း?။ ကျွန်ုပ်တို့၌ ယေရှုမှအပ အခြားကယ်တင်ရှင်မရှိပါ။ သမ္မာကျမ်းစာအုပ် အပြင်အခြားခံယူသွန်သင်ချက်လည်းမရှိပါ။ ဘာသာရေး၌ ကျွန်ုပ်တို့၏အတွေးအခေါ်အယူအဆများသည်ကား တန်ဖိုးမရှိပါချေ။ ကျွန်ုပ်တို့သည်သမ္မာကျမ်းစာနှင့်ပတ်သတ်ပြီး ကိုယ်ပိုင်အာဘော် ပေးနိုင်ရန်အကြောင်းမရှိပါ။ ကျွန်ုပ်တို့၌ သမ္မာကျမ်းစာသာရှိပါသည်။ ၎င်း၏သွန်သင်ဆုံးမချက်များကိုကျွန်ုပ်တို့နာခံပြီး၊ အခြားသောသူများကိုသမ္မာကျမ်းစာသို့ညွှန်ပေးပါသည်။ ကျွန်ုပ်တို့၏ပန်ကြားမှုမှာ သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာရန် (ရှင်ယောဟန်ခရစ်ဝင် ၅း၃၉ ၊ တိမောသေသြဝါဒစာဒုတိယစောင် ၂း၁၅) နှင့် နေရာတိုင်းရှိလူများတို့ကို ၎င်း၏သွန်သင် ဆုံးမချက်များကို လိုက်နာရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့လိုက်နာသော အခြားဖြည့်စွက်စာအုပ် (သို့မဟုတ်) စာအုပ်များမရှိပါ။ သမ္မာကျမ်းစာ ကဲ့သို့သော စည်းမျဉ်းစည်းကမ်းများကို ဖော်ပြနိုင်သော စာအုပ်ကို အသက်ရှင်နေသောလူသားများထဲမှ မည်သူမျှရေးသားနိုင် လိမ့်မည်ဟု ကျွန်ုပ်တို့မယုံကြည်ပါ။ ကိုယ်တော်ရှင်က ထိုကဲ့သို့သော စာအုပ်မျိုး

ကိုရေးသားရန် မည်သူ့ကိုမျှရေးပိုင်ခွင့်ပေးထားသည်ဟု ကျွန်ုပ်တို့မယုံကြည်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်က လူတစ်ဦးတစ်ယောက်ကို ထိုစာအုပ်နှင့်အလားတူစာအုပ်မျိုး ရေးသားရန် လှုံ့ဆော်ခဲ့လိမ့်မည်ဟု ကျွန်ုပ်တို့မယုံကြည်ပါ။

ၑင်းသည် ဘုရားသခင်၏စကားတော်များဖြစ်၍၊ ဘုရားသခင်၏နှုတ်မှထွက်ခဲ့သော နှုတ်ကပတ်တော်သာ ဖြစ်ပါသည်။ ၑင်းသည်ဘုရားသခင်၏ အားပေးလှုံ့ဆော်မှု ပြည့်ဝခဲ့၍ ကျွန်ုပ်တို့ကို ကယ်တင်ခြင်းပေးနိုင်သော နှုတ်ကပတ်တော် ဖြစ်ပါသည်။ ထို့ပြင် နောက်ဆုံးသောနေ့၌ ကျွန်ုပ်တို့ကို စီရင်ချက်ချမည်မှာဘုရားသခင်၏နှုတ်ကပတ်တော်သာဖြစ်၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၂:၄၈)။ အမှန်တရားကိုရှာဖွေရာ၌ အမှန်တရား၏အရင်းအမြစ်၌ သွား၍မရှာလျှင် တွေ့လိမ့်မည်မဟုတ်ပါ။ အမှန်တရားကိုယုံကြည်နိုင်ရန်၊ အမှန်တရားကိုကြားနာရန် လိုအပ်ပါသည်။ (ရောမသြဝါဒစာ ၁၀:၁၇)။ ဘာသာရေးကိစ္စများနှင့်ပတ်သတ်ပြီး လူအများစုက လှည့်စားခြင်းခံနေရသည်မှာ အံ့သြဖွယ်ရာမကောင်းလှပါ။ဘာသာရေးလောကထဲတွင် ကွဲပြားခြားနားမှုများစွာနှင့် စိတ်အနှောက်အယှက်ရှုပ်ထွေးမှုများစွာရှိရသည်မှာလည်း အံ့သြဖွယ်ရာမကောင်းလှပေ။ လူတို့သည်ကိုယ်တော်ရှင်ထံမှ အကူအညီတောင်းခံရမည့်အစား၊ လူအချင်းချင်းကိုအကူအညီတောင်းလေ့ရှိကြပါသည်။ လူတို့သည်သမ္မာကျမ်းစာ တွင်ဖော်ပြထားသည်များကို လိုက်နာကျင့်သုံးရမည့်အစား၊ လူတို့သွန်သင်ဆုံးမစကားများကို နားထောင်ကြ ပါသည်။ လူသားတစ်ဦးသည် ကယ်တင်ခြင်းရရှိနိုင်ရန်အတွက်၊ သမ္မာကျမ်းစာထံ ပြန်သွားရန်သေချာအမှန်လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် အသင်းတော်နှင့်ပတ်သတ်သည့် အမှန်တရားများကိုသိရန် လူတစ်ဦးတစ်ယောက်ခြင်းကိုသမ္မာကျမ်းစာထံသို့ ပြန်သွားရန် တိုက်တွန်းရပါလိမ့်မည်။ ကမ္ဘာပေါ်တွင် အတုအယောင် အသင်းတော် များစွာ ရှိပါသည်။ မည်သည့်အသင်းတော်သည် အစစ်အမှန်ဖြစ်ပါသနည်း?။ တစ်ခုစီအကြောင်းကို လေ့လာရန်လိုအပ်ပါသလား?။ မလိုအပ်ပါ။ အသင်းတော်အကြောင်းအမှန်ဖော်ပြသော စာအုပ်ကိုသာ ချဉ်းကပ်ရန် လိုပါသည်။ အရှင်သခင်၏ အသင်းတော်အကြောင်းအမှန်တရားကို လေ့လာသိရှိသွားသောသူသည်၊ သမ္မာကျမ်းစာအတိုင်းလိုက်လျှောက်သော အသင်းတော်ကို ရှာတွေ့ရန် အခက်အခဲရှိမည်မဟုတ်ပါ။

လူတစ်ဦးတစ်ယောက် ကယ်တင်ခြင်းရနိုင်ရန်၊ လုပ်ဆောင်ရမည့် အမှန်တရားကို၊ မိမိရရလေ့လာသိရှိရန် လိုအပ်ပါသည်။ ထိုသို့အမှန်တရားကို ရရှိမိစေခြင်းငှါ၊ သမ္မာကျမ်းစာထံသို့ ပြန်သွားကြရန် တစ်ဦးချင်းကို တိုက်တွန်းရပါလိမ့်မည်။ လူအများ သွန်သင်ချက်အရ ကယ်တင်ခြင်းရနိုင်ရန် နည်းလမ်းအမျိုးမျိုးရှိပါသည်။ သို့ရာတွင် ဘုရားသခင်၏ သမ္မာကျမ်းထံပြန်သွားခဲ့လျှင် လူတစ်ဦးတစ်ယောက်သည် အမှန်တရားကိုကြား နာရန် ရှင်းလင်းစွာ ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။ ၎င်းကိုယုံကြည်ရပါမည်။ မိမိ၏အပြစ်များအတွက် နောင်တရ၍၊ ခရစ်တော်ကို ဝန်ခံရမည်။ ထို့နောက် အပြစ်လွှတ်ခြင်းအခွင့်ရရှိရန်အလို့ငှါ ဗတ္တိဇံခံရပါမည်။ (ရှင်မာကုခရစ်ဝင် ၁၆း၁၅–၁၆၊ တမန်တော်ဝတ္ထု ၂း၃၈)။ ထိုသို့ဆိုသော် လူတို့

သွန်သင်သော ကယ်တင်ခြင်းနည်းလမ်းများနှင့် မည်သို့ခြားနား လှပါသနည်း?။ ကိုယ်တော်သည်သာလျှင် တစ်ဦးတည်းသော ကယ်တင်နိုင်သူဖြစ်၍ ၎င်း၏သွန်သင်ချက်များကို၊ ကြားသိနား ထောင်ပြီး လိုက်နာကျင့်သုံးမှသာလျှင် ကယ်တင်ခြင်းကိုရနိုင် ပါမည်။

ကျွန်ုပ်တို့သည်လူသားတို့ ဘုရားသခင်ကို မည်သို့ကိုး ကွယ်ဝတ်ပြုနိုင်ရန်အတွက် သမ္မာကျမ်းစာထံသွားရန် နှိုးဆော် တိုက်တွန်းသင့်ပါသည်။ ဝတ်ပြုကိုးကွယ်ရာ၌ နည်းအမျိုးစုံရှိ သည်ဟုလူအများတို့ ပြောကြားခဲ့သကဲ့သို့ မဟုတ်ပါ။ စင်စစ် အမှန်မှာ ဆန့်ကျင်နေပါသည်။ နည်းတစ်နည်းသာရှိသည်ဟု သမ္မာကျမ်းစာက သွန်သင်ပေးခဲ့၍၊ အရှင်သခင်က ထိုနည်းကို အတိအကျ ပြောပြခဲ့ပါသည်။ (ရှင်ယောဟန်ခရစ်ဝင် ၄း၂၄)။

ထိုအချက်အလက်များနှင့် ပတ်သတ်သော အကြောင်း အရာများသာမက၊ ကယ်တင်ခြင်း၊ အသက်တာ၊ ဘုရားတရား ကိုင်းရှိုင်းမှုနှင့် ပတ်သတ်သော အချက်များအားလုံးအတွက် လည်း အမှန်တရားကိုသိရှိစိမ့်ငှါ သမ္မာကျမ်းစာထံ သွားရောက် ရန် ကျွန်ုပ်တို့တိုက်တွန်းရပါလိမ့်မည်။ ကျမ်းစာကိုသဘော ပေါက်နားလည်နိုင်ရန်နှင့်ကျမ်းစာကို တူညီစွာ နားလည်နိုင်ရန် မဖြစ်နိုင်ဟု လူတို့ထားလေ့ရှိသော ထင်မြင်ချက်အယူအဆမှတ် သားမှုမှာမမှန်မကန်ပါ။ စာတန်မာနသည် လူကို ပျောက်ဆုံး စေခြင်းအလို့ငှါ သမ္မာကျမ်းစာကို ချဉ်းကပ်မှုမှ ဟန့်တားနေပါ လိမ့်မည်။ သို့ရာတွင်လူသည်ကယ်တင်ခြင်းရရှိနိုင်ရန် သမ္မာ ကျမ်းစာထံလာရမည်ဖြစ်ပြီး၊ ၎င်းကိုယုံကြည်၍၊ ဘာသာရေး

ကိစ္စများတွင်သမ္မာကျမ်းစာကိုသာ တစ်ခုတည်းသော လမ်းညွှန်အဖြစ်အသုံးပြုရပါမည်။ သို့မှသာလျှင် ထိုသူသည် ကယ်တင်ခြင်းကိုရရှိနိုင်မည်ဖြစ်ပါသည်။ထိုသို့ပြုခြင်းမှသာ မှန်ကန်သောပြုကျင့်ခြင်း ဖြစ်ပါမည်။

ကျွန်ုပ်တို့၏ ခံယူသွန်သင်ချက်သည် အဘယ်နည်း?။ ယေရှုခရစ်နှင့်၎င်း၏ နှုတ်ကပတ်တော်ဖြစ်ပါသည်။ ၎င်းမှအပ အခြားသောသူမရှိပါ။ ကျွန်ုပ်တို့သည် ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ၎င်း၏ဆုံးမသွန်သင်သောစကားသည် အလုံးစုံ၏ အချုပ် ဖြစ်ပါသည်။ ထိုကိစ္စကိုကျွန်ုပ်တို့လက်ခံ၍၊ ၎င်းကိုသာလျှင်လိုက်နာပါသည်။ အခြားသောသူများကိုလည်း ထိုသို့လိုက်နာကျင့်သုံးရန် ကျွန်ုပ်တို့တိုက်တွန်းနှိုးဆော်ပါသည်။ လူတို့ဖန်တီးထားသော ခံယူသွန်သင်ချက်များသည် သင့်အားတစ်နေရာတည်းသို့သာ ဦးတည်စေပါမည်။ ထိုနေရာသည် "ငရဲ" သာဖြစ်ပေလိမ့်မည်။ သခင်ခရစ်တော်က "*ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။*" (ရှင်ယောဟန်ခရစ်ဝင် ၁၄း၆) ဟု ပြောခဲ့ပါသည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ ခံယူချက် (သွန်သင်ချက်) CREED ဝေါဟာရ၏ အနက်အဓိပ္ပါယ်ကိုဖော်ပြပါ။ ____________________

____________________________________________

၂။ လူတို့ဖန်တီးထားသော အသင်းတော် ဂိုဏ်းဂဏတိုင်း၌ မည်သည့်ရှိပါသနည်း။____________________

____________________________________________

၃။ ဘုရားသခင်၏နှုတ်ကပတ်တော်၌ အသစ်သွင်းခြင်း၊ နှုတ်ပယ်ခြင်း၊ ပြုလုပ်သောသူများ အဘယ်သို့ဖြစ်မည်ကို ဖော်ပြပါ။____________________

____________________________________________

၄။ သမ္မာကျမ်းသည်ပြည့်စုံမှု၊စုံလင်မှုရှိပါသလား။__________

____________________________________________

၅။ စုံလင်ခြင်းဆိုသည်မှာအဘယ်နည်း။ ____________

____________________________________________

၆။ ကျွန်ုပ်တို့သည် မည်သို့စကားပြောဆိုရပါမည်နည်း။________

____________________________________________

၇။ သြဇာသက်ရောက်သော၊အခြားသောစာအုပ်များလိုအပ်ပါသလား။____________________

____________________________________________

၈။ ယနေ့ဘာသာရေးလောကတွင် အဘယ်ကြောင့်ကွဲပြားမှုရှိနေပါသနည်း။ ______________________________

______________________________

၉။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ကို ကွဲပြားစေပါမည်လား။

______________________________

၁၀။ ကိုယ်တော်၏အသင်းတော် ခံယူချက်ဝါဒသည် အဘယ်နည်း။______________________________

______________________________

၁၁။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ယူဆချက်များ၊ အတွေးအခေါ်များ တန်ဖိုးရှိပါသလား။______________________________

______________________________

၁၂။ ကိုယ်ပိုင်အနက်အဓိပ္ပါယ်ပြန်ဆိုမှုများအသုံးပြုပိုင်ခွင့်ရှိပါသလား။ ______________________________

______________________________

၁၃။ သမ္မာကျမ်းနှင့်ယှဉ်၍ ညီမျှနိုင်လောက်သောစာအုပ်မျိုးကိုရေးသားနိုင်မည့်သူရှိပါသလား။______________________________

______________________________

၁၄။ တစ်ဦးတစ်ယောက်ကို သမ္မာကျမ်းနှင့် ညီမျှသောစာအုပ်ရေးသားပြီး သမ္မာကျမ်း နှင့်ညီမျှသော တန်ဖိုးရှိသည်ဟု ရေးသားပြောဆိုခွင့်ကို ဘုရားသခင်ခွင့်ပေးထားခြင်း ရှိပါသလား။______________________________

______________________________

၁၅။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မည်သည့်နေရာမှ လာသနည်း။———————————————

———————————————————————

၁၆။ နောက်ဆုံးသောနေ့ရက်တွင် ကျွန်ုပ်တို့ကိုမည်သည့်စကားအားဖြင့်တရားစီရင်မည်နည်း။———————————

———————————————————————

၁၇။ အမှန်တရားဆိုသည်ကားအဘယ်နည်း။————————

———————————————————————

၁၈။ အကူအညီရရန်အတွက် လူသည်မည်သူ့ထံ ချဉ်းကပ်ခဲ့သနည်း။———————————————————

———————————————————————

၁၉။ အသင်းတော်အကြောင်းအမှန်တရားရရန် အဘယ်စာအုပ်ကိုချဉ်းကပ်ရမည်နည်း။——————————

———————————————————————

၂၀။ ကယ်တင်ခြင်းရရန် နည်းလမ်း များစွာ ရှိပါသလား။——

———————————————————————

———————————————————————

၂၁။ လူတစ်ယောက်သည် ကယ်တင်ခြင်းရရန်အတွက် သမ္မာကျမ်းစာကမည်သို့ သွန်သင်ပါသနည်း။ ————————

———————————————————————

———————————————————————

၂၂။ မည်သို့ဝတ်ပြုရမည်ကို ဘုရားသခင်သည် နှုတ်ကပတ်တော်၌ဖော်ပြထားပါသလား။ ______________________

______________________________________________

၂၃။ ကျမ်းစာကို နားလည်သဘောပေါက်နိုင်ပါသလား။ ____

______________________________________________

______________________________________________

၂၄။ ကျွန်ုပ်တို့အားလုံး သမ္မာကျမ်းကို ညီတူညီမျှ နားလည်နိုင်ပါသလား။ ______________________________

______________________________________________

၂၅။ ကောင်းကင်ဘုံသို့ ရောက်နိုင်ရန် တစ်လမ်းတည်းသော သူသည်မည်သူနည်း။ ________________________

______________________________________________

## သင်ခန်းစာ ( ၁၂ )
## အသင်းတော်၏ သမိုင်းကြောင်း။

တမန်တော်ဝတ္ထု-၂ တွင်ကိုယ်တော်ရှင်၏အသင်းတော် (သို့မဟုတ်) နိုင်ငံတော်ကိုစတင်ရန် (သို့မဟုတ်) တည်ထောင်ရန် အစစအရာရာ အဆင်သင့် ဖြစ်နေခဲ့ပါသည်။ တမန်တော်များသည် ယေရုရှလင်မြို့တွင် ရောက် နေကြ၍ ၎င်းတို့အပေါ် သန့်ရှင်းသောဝိညာဉ်တော် သွန်းလောင်းခြင်းခံခဲ့ကြရပါသည်။ ပင်တေကုတ္တေပွဲအတွက် စုဝေးရောက်ရှိနေခဲ့ကြသည့်အလျောက် နိုင်ငံပေါင်းစုံကိုကိုယ်စားပြုလျက်ရှိနေခဲ့ကြပါသည်။ ပရောဖက်ယောလ ကပြောကြားသွားခဲ့သည့် ကိစ္စကို စုံလင်စေခဲ့သည်ဟု ရှင်ပေတရုနှင့် တမန်တော်များသည် ကြေငြာပြောဆို ကြပါသည်။ ခရစ်တော်ရှင် သေခြင်းတရားကို ရင်ဆိုင်ခဲ့ရပြီးဖြစ်၍ နောက်ဆုံးနေ့ရက်များ စတင်ခဲ့ပြီးဖြစ်ပါသည်။ နောင်တနှင့် အပြစ်လွှတ်ခြင်းတရားအကြောင်းတို့ကို ဟောပြောလျက်ရှိခဲ့ကြပါသည်။ ထိုပေတရု ဟောပြောသော ဧဝံဂေလိတရားဟောပြောချက်များကို ကြားနာလက်ခံလာသော လူထုသုံးထောင်ခန့်သည် ဗတ္တိဇံခံယူခဲ့ကြ၍ ကိုယ်တော်ရှင်သည် ၎င်းတို့ကိုမိမိ၏အသင်းတော်ထဲသို့သွင်းပေးခဲ့ပါသည်။ ယေရုရှလင်မြို့မှ စတင်ခဲ့သော ဧဝံဂေလိ တရားတော်သည် ယုဒပြည်တခွင် လုံး သို့ပျံ့နှံ့ခဲ့ပြီး ထိုမှတဆင့် ရှမာရိပြည်သို့လည်းကောင်း၊ နောက်ဆုံး၌ ကောင်းကင်အောက်ရှိသက်ရှိသတ္တဝါများအားလုံးကြားသိရရန် မြေကြီးစွန်းတိုင်ပျံ့နှံ့ခဲ့ပါသည်။ (တမန်တော်ဝတ္ထု ၁း၈၊ ရှင်မဿဲ ခရစ်ဝင် ၂၈း၁၉-၂၀၊ ရှင်မာကုခရစ်ဝင် ၁၆း၁၅-၁၆၊ ကောလောသဲ ဩဝါဒစာ ၁း၂၃)။

အသင်းတော်သည် တမန်တော်တို့ရှိစဉ်ခေတ်ကာလက၊ များစွာဖွံ့ဖြိုး ထွန်းကားခဲ့ပြီး လျင်မြန်စွာ ပျံ့နှံ့ခဲ့ပါ သည်။ ရှင်ပေါလုပြောင်းလဲခဲ့ပြီးနောက်၊ ၎င်းသည် သာသနာပြုခရီး သုံးကြိမ်ထွက်ခဲ့ပါသည်။ ထိုခရီးစဉ်များ၌ဒေသနာတော်ကို ဂျူး လူမျိုးများသာမက၊ တပါးအမျိုးသားများကိုပါ ဟောပြောခဲ့ပါ သည်။ ထိုမှရလဒ်မှာ ပြောင်းလဲ ခဲ့သူများစွာရှိခဲ့၍၊ ကိုယ်တော် ၏အသင်းစုများစွာကို အာရှနှင့်ဥရောပတခွင်တွင် စတင်တည် ရှိစေနိုင်ခဲ့ကြပါသည်။ သို့သော်လည်း နှိပ်ကွပ်မှုများစွာရှိခဲ့၍ ဤသို့ဖြစ်ခဲ့နိုင်ရန် မလွယ်ကူခဲ့ပါ။ ပထမဦးစွာ ယေရုရှလင် ရှိ အသင်းတော်သည် စတင်နှိပ်ကွပ်ခြင်း ခံခဲ့ရပါသည်။ ဤအ ကြောင်းကြောင့်တမန်တော်များသည်နယ်မြေရပ်ခြားသို့ ပျံ့နှံ့စွာ ထွက်ခွါခဲ့ကြပြီး၊ နေရာအနှံ့ အပြားတွင် နှုတ်ကပတ်တော်ကို လှည့်လည်ဟောကြားခဲ့ကြပါသည်။ (တမန်တော်ဝတ္ထု ၈း၁-၄) အချိန်ကုန်လွန်လာခဲ့သည်နှင့်အမျှ ရောမလူမျိုးတို့သည် ၎င်းတို့ ၏ များစွာသောပြဿနာများကို ခရစ်ယာန်တို့ကြောင့်ဖြစ်သည် ဟုစွတ်စွဲလာကာ၊ ရောမနှင့်ရောမကမ္ဘာတခွင်၊ ပွဲခင်း၊ ပြိုင်ကွင်း များထဲတွင်၊ အားကစားပွဲများကို ပြုလုပ်ရာ၌ ခရစ်ယာန်များကို အပြစ်ပေးညှင်းပမ်းနှိပ်စက်သည့်အနေဖြင့် ပြုလုပ်ခဲ့ကြပါသည်။ နောက်ဆုံး၌ ရှင်ပေါလုကိုယ်တိုင် အဖမ်းခံခဲ့ရ၍၊ တရားစီရင် ရန် ရောမသို့ခေါ်ဆောင်သွားခြင်းခံခဲ့ရပါသည်။ ရှင်ယောဟန်မှ အပ ကျန်တမန်တော်အားလုံးသည် ခရစ်တော်အတွက် အညှင်း ပမ်းခံ၊ အသတ်ခံခဲ့ရကြောင်း ခိုင်လုံသော သမိုင်းဖြစ်စဉ်က ပြောပြထားပါသည်။ ရာပေါင်းများစွာ၊ထောင်ပေါင်းများစွာမက၊ ဖြစ်ဖွယ်ရှိသည်မှာ သန်းပေါင်းများစွာသောခရစ်ယာန်များသည် လည်း အသက်ဆုံးရှုံးခဲ့ကြရပါသည်။

ထိုသို့ဖိနှိပ်၊ နှိပ်ကွပ် ချုပ်ချယ် ခံခဲ့ကြရသော်လည်း အသင်းတော်သည် ကြီးထွားပွံ့နှံ့လာခဲ့ပါသည်။ အသင်းတော် အတွက်ထိခိုက်ခံခဲ့ရမှုများမှာ ထိုသို့ဖိနှိပ်ချုပ်ချယ်နှိပ်ကွပ်မှုများ ကြောင့်မဟုတ်ဘဲ အသင်းတော်အတွင်း ဖြစ်ပွါး ခဲ့သော အကြောင်းအရာများကြောင့်ဖြစ်ပါသည်။တမန်တော် ရှင်ပေါလု က တနေ့ အသင်းတော်အတွင်းမှ သွေဖီမှု များရှိလိမ့်မည်ဟု ကြိုတင်ဟောပြောခဲ့ပါသည်။တနည်းဆိုသော်၊ ၎င်းပြောခဲ့သည် မှာ တနေ့ကိုယ်တော်၏ အသင်းတော်မှ အသင်း သားများသည် အမှားအယွင်းများထဲသို့ မျှောပါသွားမည်ဟု ဆိုလိုခြင်းဖြစ်ပါ သည်။ သို့သော်လည်း၊ ၎င်း၏စကားများကို သတိပြုကြပါစို့။ "*ညီအစ်ကိုတို့၊ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူ၍၊ ငါတို့ သည် အထံတော်၌စည်းဝေးခြင်းအရာမှာသခင်ဘုရား၏နေ့ရက် သည် ချက်ချင်းရောက်မည်ဟူ၍ စိတ်ဝိညာဉ်အားဖြင့်ဖြစ်စေ၊ နှုတ်ထွက်စကားအားဖြင့်ဖြစ်စေ၊ ငါတို့စာကဲ့သို့သောစာအားဖြင့် ဖြစ်စေ၊ သင်တို့ သည် စိတ်ရွေ့လျော့ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း၊ အလျင်တဆောမရှိမည်အကြောင်း ငါတို့သည် တောင်းပန်ကြ ၏။ အဘယ်သူမျှသင်တို့ကို အဘယ်သို့သောအားဖြင့် မလှည့် ဖြားစေနှင့်။ ထိုနေ့ရက် မရောက်မှီ ဖောက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍၊ ဒုစရိုက်လူတည်းဟူသောပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်။ ထိုသူသည်ဘုရားသခင်ဟူ၍လည်းကောင်း၊ ဘုရားဟူ၍လည်းကောင်း၊ ခေါ်ဝေါ်သမျှသော အရာတို့ကို ရန်ဘက်ပြု၍ ကိုယ်ကိုကိုယ် ချီးမြှောက်သောအားဖြင့်၊ ဘုရား သခင်၏ဗိမာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍၊ ဘုရားသခင် ဖြစ်ရောင်ဆောင်လျက် ကိုယ်ကိုပြသောသူ ဖြစ်သတည်း။*

ငါသည်သင်တို့နှင့်အတူရှိစဉ်အခါ၊ ထိုအကြောင်းအရာများကို ပြောပြီးဟု သင်တို့သည် သတိမရကြသလော။ ထိုသူသည် မိမိကာလ အချိန်၌ ထင်ရှားစေခြင်းငှါ၊ ယခုဆီးတားသော အကြောင်းကိုလည်း သင်တို့သိကြ၏။ အဘယ်သို့နည်းဟူမူ ကား၊ ဝှက်ထားလျက်ရှိသောအဓမ္မအရာသည် ယခုပင်ပြုပြင်ဆဲ ရှိ၏။ သို့သော်လည်း၊ ဆီးတားသော သူသည် ပယ်ရှင်းခြင်းသို့ မရောက်မှီတိုင်အောင် ဆီးတားလိမ့်မည်။ ပယ်ရှင်းခြင်းသို့ ရောက်သောအခါ၊ ထိုအဓမ္မလူသည် ထင်ရှားလိမ့်မည်။ ထိုအဓမ္မလူကိုသခင်ယေရှုသည်နှုတ်ထွက်ဝိညာဉ် တော်အားဖြင့် ဖျက်ဆီး၍၊ ကြွလာတော်မူခြင်း၏ ရောင်ခြည်အားဖြင့် ပယ်ရှား တော်မူလိမ့်မည်။ ထိုအဓမ္မလူ၏ လာခြင်းအကြောင်းဟူမူကား၊ စာတန် ပြုပြင်သောအားဖြင့် မုသာနှင့်စပ်ဆိုင်သော ထူးဆန်း သောတန်ခိုး၊နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုအမျိုးမျိုး နှင့် လည်းကောင်း၊ ပျက်စီးခြင်းသို့ရောက်သောသူတို့တွင်၊ မတရား သော လှည့်ဖြားခြင်းအမျိုးမျိုးနှင့်လည်းကောင်း လာလိမ့်မည်။ အကြောင်းမူကား၊ ထိုသူတို့သည် ကယ်တင်ခြင်းသို့ ရောက်အံ့ သောငှါ သမ္မာတရား၌ မွေ့လျော်သောစိတ်ကို မခံမယူကြ။ ထို့ကြောင့်၊သမ္မာတရားကိုမယုံဘဲ၊ မတရားသောအမှု၌မွေ့လျော် သောသူအပေါင်းတို့သည်၊ တရားရှုံးခြင်းသို့ ရောက်မည် အကြောင်း မုသာစကားကိုယုံစိမ့်သောငှါ၊ မိစ္ဆာဒိဋ္ဌိပြုပြင် အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူ လိမ့်မည်။" (သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၂း၁– ၁၂)။

ဖေက်အသင်းတော်၏ အသင်းလူကြီးများကို ရှင်ပေါလု ပြောခဲ့ရာ၌ *"ထို့ကြောင့်သင်တို့သည်ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူ သော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစု တစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။ အကြောင်းမူကား၊ ငါမရှိသည် နောက်၊ ကြမ်းတမ်းသောတောခွေးတို့သည် သိုးများကိုမသနားဘဲ သင်တို့အထဲသို့ ဝင်မည်ကိုငှင်း၊ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည်သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုငှင်း ငါသိ၏။ ထိုကြောင့်စောင့်ရှောက်၍နေကြလော့။ငါသည်သုံးနှစ်ပတ်လုံးနေ့ညမပြတ် လူအပေါင်းတို့ကို မျက်ရည်နှင့်တကွဆုံးမ၍နေကြောင်းကိုအောက်မေ့ကြလော့။"* (တမန်တော်ဝတ္ထု ၂၀း၂၈–၃၁)။

ရှင်ပေါလု သတိပေးခဲ့သည့်အတိုင်း၊ အသင်းတော်ထဲမှ လူအချို့ပေါ်ပေါက်ပြီး၊ များစွာသော အသင်းသားများကို ဦးဆောင်ကာ ခွဲထွက် သွားခဲ့ကြပါသည်။ ခိုင်လုံသောသမိုင်းကြောင်းအရ ထိုသို့ခွဲထွက်ခြင်းများသည် အသင်းတော်ကို ပြုစုထိန်းသိမ်းပုံ(သို့မဟုတ်)အသင်းတော်၏ဖွဲ့စည်းပုံကို တိုက်ခိုက်ခြင်းမှစတင်ခဲ့ပါသည်။ သခင်ကိုယ်တော်၏ အစီအစဉ်မှာ ယုံကြည်သူအသင်းစု တစုစီသည် မိမိ၏ အသင်းလူကြီးများ၊ သင်းထောက်များဖြင့်သီးခြားလွတ်လပ်စွာတည်ရှိနေရန် ဖြစ်ပါသည်။သို့ရာတွင်၊အချိန်ကြာညောင်းလာခဲ့သည်နှင့်အမျှ၊ ဤယုံကြည်သူအစုတို့သည်မိမိတို့အသင်းစုရှိ သင်းလူကြီးများအတွင်း

မှအသင်းစုကို အုပ်ချုပ်ရန် ဘီးရှော့(သို့မဟုတ်) လက်တင်ရဆရာ ဘုန်းတော်ကြီးဟူ၍ ရွေးချယ် တင်မြှောက်ကာ၊ သင်းစုကလေးကိုအုပ်ချုပ်စေပါသည်။ နောက်တဆင့်မှာ အသင်းစုကလေးများကို ဒေသဆိုင်ရာအလိုက် ခြုံငုံအုပ်ချုပ်ရန် ဘီးရှော့(သို့မဟုတ်) ဘုန်းတော်ကြီးတစ်ဦးကို ရွေးချယ် တင်မြှောက်ကြသည်။ ဤနည်းစဉ်ဖြင့် နောက်ဆုံး တစ်ကမ္ဘာလုံးဆိုင်ရာဘီးရှော့ (သို့မဟုတ်) ဘုန်းတော်ကြီးကိုရွေးချယ်လျက် အသင်းတော်ကိုအုပ်ချုပ်လာခဲ့ပါသည်။ ဤကဲ့သို့ သင်းစုကလေးများတစ်ခုနှင့်တစ်ခုလွတ်လပ်စွာတည်ရှိမှုမှနေ၍၊ တစ်ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုတစ်ခုတည်း လက်အောက်သို့ သွေဖီသွားမှုသည်နေ့ချင်းညချင်းဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါ။ နှစ်ပေါင်းများစွာကြာမြင့်ခဲ့သည်ဖြစ်၍ အေဒီ ၆၀၆ ခုနှစ်ရောက် သောအခါတစ်ကမ္ဘာလုံးဆိုင်ရာသင်းအုပ် ဘီးရှော့သည်၊ ပုပ် Pope ဟူ၍၊ သွေဖီသော အသင်းတော်ကဏ္ဍမှ ဖြစ်ပေါ်လာကာ၊ ဘုရင်ဂျီအသင်းတော် (ကက်သိုလစ်အသင်းတော်–Catholic Church) ဟူ၍ ယနေ့ကျွန်ုပ်တို့သိရှိသော အဖွဲ့အစည်းကြီးတစ်ခု ပေါ်ပေါက် လာခဲ့ခြင်းဖြစ်ပေသည်။ ကိုယ်တော်၏အသင်းတော်အဘယ်သို့ဖြစ်သွားပါသနည်း?။ သစ္စာရှိသော ယုံကြည်သူအနည်းစုသည်၊ မထင်မရှား မပေါ်မလွင် ဆက်လက်ရပ်တည်လာခဲ့ကြပါသည်။ ကိုယ်တော်ရှင်က မိမိ၏ နိုင်ငံတော်(သို့မဟုတ်)အသင်းတော်သည် ထာဝစဉ်ရပ်တည်သွားလိမ့်မည်ဟုဂတိပြုခဲ့သည့်အလျောက်၊ ဆက်လက်ရပ်တည်လျက် ရှိခဲ့ပါသည်။

ဘာသာရေးလောကကမ္ဘာကြီးနှင့် စပ်လျဉ်း၍၊ ကက်သိုလစ်အသင်းတော်ကြီးသည်လွှမ်းမိုးခဲ့ပါသည်။ ၎င်းသည် ကမ္ဘာကြီးကိုများစွာထိမ်းချုပ် ခဲ့သောကြောင့်၊ နှောင်နှစ်ရာပေါင်းများစွာကို နက်မှောင်သောကာလ ဟုပင် ခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ၊ ကက်သိုလစ်အသင်းတော်သည် သာမန်ပြည်သူပြည်သားများကို သမ္မာကျမ်းစာဖတ်ခြင်းမှ တားမြစ်ခဲ့ပါသည်။ ဘုန်းကြီးများသည်သာလျှင်ကျမ်းစာဖတ်ပြီး၊ သဘောပေါက်နားလည်ရန် အရည်အချင်းရှိသည်ဟု ပြောဆိုခဲ့ကြပါသည်။ သို့ဖြစ်၍၊ ၎င်းတို့က ကျမ်းစာသွန်သင်သည့်အရာကို တဆင့်ပြန်ပို့ချပေးမည်ဟု လူတို့ကို ပြောကြားခဲ့ပါသည်။ ဤအချင်းအရာ၏အဓိပ္ပါယ်မှာ ၎င်းတို့သည်၊ လူထုကို ၎င်းတို့သိစေလိုသည့်အရာကိုသာပြောကြားလိုကြောင်း ဖော်ပြပါသည်။

ထိုအချိန်ကာလက၊ ကက်သိုလစ် အသင်းတော်ကြီးပင်လျှင်၊ ရေဖြန်းခြင်း၊တူရိယာတေးဂီတစသည့်သွန်သင်မှုကိစ္စများကြောင့် ရောမဂိုဏ်းနှင့် ဂရိဂိုဏ်းဟူ၍ ကွဲပြားခဲ့ပါသည်။ အချိန်ကြာညောင်းခဲ့သည်နှင့်အမျှ၊ ရောမ ကက်သိုလစ်အသင်းတော်သည် မိမိ၏ကောင်စီစသည်များမှတဆင့် မိမိ၏စနစ်ထဲသို့အယူအဆဝါဒများ၊ သွန်သင်ဆုံးမမှုများကို ထပ်မံတိုးချဲ့သွတ်သွင်းခဲ့ပါသည်။ နောက်ဆုံးတွင်၊ ၁၅ရာစုပြည့်နှစ်များ၌ အယူဝါဒများအရလည်းကောင်း၊ စိတ်ဓာတ်ရေးရာအရလည်းကောင်း၊ ကက်သိုလစ် အသင်းတော်သည် အကျင့်စာရိတ္တပျက်ပြားပျက်စီးမှုများ ရှိခဲ့၍၊ မိမိကိုယ်တိုင်က ဘုန်းကြီးတပါးဖြစ်သူ "မာတင်လူသာ"သည် အသင်းတော်ကို ပြန်လည်ပြုပြင်ပြောင်းလဲပစ်ရန် ကြိုးစားခဲ့ပါသည်။ မည်သို့ဆိုစေကာမူ၊

သူသည် အဆက်အသွယ်အားလုံး ဖြတ်တောက်ခြင်းခံခဲ့ရ၍၊ သူသည် အသင်းတော်မှထွက်ခဲ့ပြီး သူမှန်သည်ဟု ထင်သည်ကို သင်ကြားပို့ချ၍ ကျင့်ကြံခဲ့ပါသည်။ ထိုဖြစ်ရပ်မှ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု၊ (သို့မဟုတ်) ပရိုတက်စ်တင့်နစ်စင်မ် (Protestantism) ပေါ်ပေါက်ခဲ့၍၊ ထိုမှတဆင့်၊ ယခုခေတ်၊ ဂိုဏ်းဂဏ ကွဲပြားရေး ဝါဒများ ပေါ်ပေါက်လာခဲ့ပါသည်။ "လူသာ"၏ဆောင်ရွက်မှုကြောင့်၊ ကမ္ဘာအနှံ့အပြားတွင်ကျမ်းစာထဲသို့ပြန်သွားကြရန်ကြိုးစားလာခဲ့ကြသော်လည်း ပြည့်ပြည့်ဝဝ အောင်မြင်မှုမရရှိခဲ့ကြပါ။

၁၇ နှင့် ၁၈ ရာစု ပြည့်နှစ်များတွင်၊ ဥရောပနှင့် အမေရိကတွင်ရှိသောဂိုဏ်းပေါင်းစုံမှလူတို့သည် ထိုသို့ ကွဲပြားပြီး ရှုပ်ထွေးမှုများရှိနေကြသည်ကို စိတ်မောလာကြပါသည်။ တဖြည်းဖြည်းနှင့်၎င်းတို့သည် မိမိတို့အမှားများရှိသည့်နေရာကို နောက်ချန်ခဲ့၍ သမ္မာကျမ်းစာထဲသို့ အပြည့်အဝ ပြန်ခဲ့ကြပါသည်။ ၎င်းတို့၏ လိုအင်ဆန္ဒမှာ အသင်းတော်အသစ်ကို စတင်ထူထောင်ရန်မဟုတ်ဘဲ၊ သမ္မာကျမ်းစာတွင်ဖတ်ရှုရသောအသင်းတော်ထံပြန်သွားရန်ဖြစ်ပါသည်။ထိုသို့ပင် ဆောင်ရွက်နိုင်ခဲ့ပြီး၊ ထိုအချိန်မှစ၍ ကမ္ဘာပေါ်အနှံ့အပြားတွင် ဓမ္မသစ်ကျမ်း ခရစ်ယာန်စစ်များဖြစ်ပေါ်လာရေး တောင်းပန်ချက်များကို ကြားခဲ့ရပါသည်။ သန်းပေါင်းများစွာသော လူသားတို့သည် လူတို့၏ ဟောကြားသွန်သင်ချက်များကို စွန့်လွှတ်ကြ၍ သမ္မာကျမ်းစာအုပ်ကိုတစ်ခုတည်းသောလမ်းညွှန်အဖြစ် စွဲကိုင်ပြီး၊ ကိုယ်တော်ရှင်၏အသင်းတော်ထံသို့ ပြန်လည်ရောက်ရှိခဲ့ကြကာ၊ သာမန်ခရစ်ယာန်များဖြစ်လာကြပါသည်။

ကမ္ဘာအနှံ့အပြားသို့ အမှန်တရားအကြောင်း ဟောပြောရန် သွားရောက်သော ခရစ်ယာန်များသည်၊ အာဖရိက၊ အိန္ဒိယ၊ ရုရှား၊ ပိုလန်နှင့် အခြားသောနေရာအမျိုးမျိုးတွင်၊ အသင်းတော်သည်သန့်စင်သောအခြေအနေမျိုးတွင် ရပ်တုံ့တည်ရှိခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍၊ သမ္မာကျမ်းစာမှ အသင်းတော်သည် ယခင်အစဉ်အမြဲတည်ရှိခဲ့သကဲ့သို့၊ ယနေ့တွင်လည်း တည်ရှိလျက်ရှိပါသည်။ အသင်းတော်သည်၊ သမ္မာကျမ်းစာ၏အသင်းတော် ဖြစ်ကြောင်းကို သက်သေပြရန်၊ အစဦးပထမ၊ ဇစ်မြစ်ကို တဆင့်စီပြန်လိုက်ရန်မလိုပါ။ အသင်းတော်၏ အသွင်သဏ္ဍာန်ကို သမ္မာကျမ်းထဲတွင် တွေ့ရပါသည်။ ၎င်းနောက်သို့ လိုက်လျှောက်လျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ အသင်းတော်ဖြစ်ကြပါသည်။ မျိုးစေ့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ (ရှင်လုကာခရစ်ဝင် ၈း၁၁)။ ထိုမျိုးစေ့အားဖြင့် တမန်တော်များခေတ်ကာလကဲ့သို့ပင် ယနေ့လည်း၊ ခရစ်ယာန်များ၊ ခရစ်တော်၏အသင်းတော်၏အသင်းသားများကိုသာ ဖော်ထုတ်ပေးပါသည်။ ကိုယ်တော်ရှင်၏နိုင်ငံတော်သည် ထာဝစဉ်ရပ်တည်လိမ့်မည်ဟုကျွန်ုပ်တို့သိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ၎င်းကို စတင်တည်ထောင်ခဲ့သည့်နေ့မှအစပြု၍၊တနေရာမဟုတ် တနေရာတွင်ပကတိအတိုင်းရှင်သန်တည်ရှိခဲ့ပြီး၊ဆက်လက်၍ ထာဝစဉ်တည်တံ့ခိုင်မြဲလျက်ရှိနေပါမည်။လူဖြစ်စေ၊ မိစ္ဆာဒိဋ္ဌိဖြစ်စေ၊ စာတန်မာနဖြစ်စေ၊၎င်းကိုဖျက်ဆီးနိုင်စွမ်းမရှိပါ။ ဤအရာသည်ကား၊သခင်ကိုယ်တော်၏နိုင်ငံတော်၊အသင်းတော်ဖြစ်ပါသည်။ အစဦးမှ နောက်ဆုံးခန်းတိုင်အောင် အောင်မြင်မှု ရရှိနေပြီး၊ နောက်ဆုံး၌ဘုရားသခင်နှင့်အတူ ထာဝစဉ်ရှိနေပါမည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ ကိုယ်တော်ရှင်၏အသင်းတော် တည်ထောင်ခြင်းအကြောင်းကိုသမ္မာကျမ်းစာ၏ မည်သည့်နေရာတွင် ဖတ်ရှုလေ့လာနိုင်သနည်း။————————————————

————————————————

————————————————

၂။ မည်သည့်မြို့တွင်တည်ထောင်ခဲ့ပါသနည်း။————

————————————————

၃။ ထိုနေ့ရက်၌မည်မျှသောသူတို့ပါဝင်လာကြသနည်း။———

————————————————

၄။ ဧဝံဂေလိတရားကိုအခြားမည်သည့်နေရာများတွင်ဟောပြောခဲ့ပါသနည်း။————————————————

————————————————

၅။ ပေါလုသည် မည်မျှသောဒေသနာခရီးစဉ်များ ပြုခဲ့ပါသနည်း။————————————————

————————————————

၆။ ဂျူးလူမျိုးများကိုသာ ပေါလု ဒေသနာပြုခဲ့ပါသလား။——

————————————————

၇။ ပေါလု၏ဆောင်ရွက်မှုကြောင့် မည်သည့်တိုက်နယ်စ်ခုတွင် အသင်းတော်များစတင်ခဲ့ပါသနည်း။ ____________

____________

၈။ တပည့်တော်များ အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့နေခဲ့စဉ် အဘယ်အရာကိုပြုလုပ်ကြပါသနည်း။ ____________

____________

၉။ ကိုယ်တော်၏အသင်းတော်ကို မည်သူကချုပ်ချယ်နှိပ်ကွပ်ခဲ့ပါသနည်း။ ____________

____________

၁၀။ ယုံကြည်ခြင်းကြောင့် အသက်ခံရသောတမန်တော် မည်မျှရှိပါသနည်း။ ____________

____________

၁၁။ နှိပ်ကွပ်ခြင်းများအကြားမှ အသင်းတော်ကြီးထွားမှု ရှိခဲ့ပါသလား။ ____________

____________

၁၂။ နောက်ပိုင်း၌မည်သို့ဖြစ်လာမည်ကို ပေါလု မည်ကဲ့သို့ကြိုတင်သတိပေးခဲ့ပါသနည်း။ ____________

____________

____________

၁၃။ အသင်းတော်အပေါ်တိုက်ခိုက်ခြင်းများ မည်ကဲ့သို့စတင်ခဲ့ပါသနည်း။ ____________

____________

၁၄။ အေဒီ ၆၀၆ တွင်မည်သည့်အရာများဖြစ်ပေါ်လာခဲ့သနည်း။ ____________________

____________________

၁၅။ ကိုယ်တော်၏အသင်းတော် မည်ကဲ့သို့ဖြစ်ခဲ့ပါသနည်း။

____________________

____________________

၁၆။ နောက်ပိုင်းနှစ်ရာပေါင်းများစွာကို အဘယ်ကြောင့် နက်မှောင်သောကာလဟုခေါ်ဝေါ်ပါသနည်း။ ____________________

____________________

၁၇။ ကာသိုလစ်အသင်းတော်သည် မည်သည့်ဂိုဏ်းနှစ်ဂိုဏ်းအဖြစ်ကွဲပြားခဲ့ပါသနည်း။ ____________________

____________________

၁၈။ ရောမကာသိုလစ်အသင်းတော်ကို ပြန်လည်ပြုပြင်ရန်ကြိုးစားခဲ့သောသူ၏အမည်ကိုဖော်ပြပါ။ ____________________

____________________

၁၉။ အဘယ်အတွက်ကြောင့်ထိုသူသည်ပြုပြင်မွမ်းမံရန်ကြိုးစားခဲ့ပါသနည်း။ ____________________

____________________

____________________

၂၀။ ထိုအဖြစ်အပျက်မှ မည်သည့်လှုပ်ရှားမှုကြီး ပေါ်ပေါက်ခဲ့ရပါသနည်း။ ____________________

____________________

၂၁။ ၎င်းတို့သည် သမ္မာကျမ်းစာသို့ ပြည့်ပြည့်ဝဝပြန်ရောက်ရန် ကြိုးပမ်းရာ၌ အောင်မြင်ခဲ့ပါသလား။

________________________________________

________________________________________

၂၂။ ၁၇ နှင့် ၁၈ ရာပြည့်နှစ်များတွင် မည်သည့်အရာ ဖြစ်ခဲ့ပါသနည်း။ ____________________________

________________________________________

________________________________________

၂၃။ ထိုသူတို့သည် ကိုယ်တော်၏ အသင်းတော်ပုံစံ အတိုင်းဖြစ်ဖို့ရန် ကျမ်းစာသို့ ပြန်ခြင်းအရာ၌ အသင်းတော် အသစ်တစ်ခုကို ထူထောင်မိပါသလား။ __________________

________________________________________

________________________________________

၂၄။ ထိုကဲ့သို့သောအသင်းတော်ကို ခရစ်ယာန်များကအခြားသောဒေသများတွင်တွေ့မြင်ခဲ့ပါသလား။ ________________

________________________________________

၂၅။ စစ်မှန်သော ခရစ်တော်၏အသင်းတော် ယနေ့တည်ရှိ၍ နေပါသလား။ __________________________

________________________________________

## သင်ခန်းစာ ( ၁၃ )

## ယနေ့ အသင်းတော်။

ကိုယ်တော်ရှင်၏ အသင်းတော်သည် လွန်ခဲ့သောအနှစ် ၂၀၀၀ ခန့်က တည်းက တည်ထောင်ခဲ့ရာ(တမန်တော်ဝတ္ထု ၂)၊ ယခုတိုင် ထိုစဉ်ကကဲ့သို့တည်ရှိနေပါသည်။ ထိုသို့ ရပ်တည်နိုင်ခဲ့သည်မှာ မည်ကဲ့သို့ဖြစ်နိုင်မည်ကို မေးခွန်းထုတ်နိုင်စရာ ရှိပါသည်။ ရှင်းပါသည်။ ဓမ္မသစ်ကျမ်းစာအရပါရှိသောအသင်းတော်အသွင်သဏ္ဍာန်အတိုင်းလိုက်လျှောက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ယနေ့လက်ရှိအသင်းတော်မှာ မူလအစ ကိုယ်တော်ရှင် တည်ထောင်ခဲ့သော အသင်းတော်ဖြစ်ကြောင်း သက်သေပြရန်၊ ပင်တေကုတ္တေပွဲတိုင်၊ နှစ်ပေါင်းများစွာ ပြန်၍ နောက်ကြောင်းလိုက်ရလိမ့်မည်ဟုအချို့ထင်မြင်ယူဆကြသည်။ မည်သို့ဆိုစေကာမူ၊ ဤသို့ပြုလုပ်ရန်မလိုအပ်ပါ။ ဦးစွာပဌမ–ကိုယ်တော်ရှင်က၊ သူ၏နိုင်ငံတော်(သို့မဟုတ်) အသင်းတော်သည် ဖျက်ဆီးခြင်းမခံရဘဲ၊ ထာဝစဉ်ရပ်တည်လိမ့်မည်ဟု မိန့်ကြားခဲ့ပါသည်။ (ဒံယေလအနာဂတ္တိကျမ်း ၂း၄၄၊၄၅။ ရှင်လုကာခရစ်ဝင် ၁း၃၃။ ဟေဗြဲသြဝါဒစာ၁၂း၂၈)။ ဤအချက်၏အဓိပ္ပါယ်မှာ၊ အသင်းတော်သည် စတင်ပေါ်ပေါက်ခဲ့သည့်အချိန်မှစ၍၊ ယနေ့တိုင်တည်ရှိခဲ့ရာတွင်၊ ကမ္ဘာကြီး၏တနေရာမဟုတ်တနေရာ၌ အစဉ်တည်တံ့ခိုင်မြဲစွာရပ်တည်လျက်ရှိကြောင်း ဖော်ပြပါသည်။ ထိုဖြစ်ရပ်မှန်ကန်နိုင်ရန်အတွက်၊ အသင်းတော်သည် အချိန်ကာလ

တလျှောက်လုံး၊နေရာတိုင်းတွင်တည်ရှိနေခဲ့ရန်မလိုပါ။ တနည်းဆိုသော်၊နိုင်ငံတော်၏မျိုးစေ့သည်အစဉ်သဖြင့်၊ ဓမ္မသစ်ကျမ်းစာထဲတွင်ထိန်းသိမ်းတည်တံ့လျက်ရှိနေပါသည်။ (ရှင်လုကာခရစ်ဝင် ၈း၁၁)။ ထိုမျိုးစေ့သည် တမန်တော်များလက်ထက်တွင် ခရစ်ယာန်များအနေဖြင့် ဖော်ထုတ်ပေးနိုင်ခဲ့လျှင်၊ ယနေ့၌လည်း ခရစ်ယာန်များအနေဖြင့်သာ ဖော်ထုတ်ပေးနိုင်ပေမည်။ တမန်တော်တို့ကာလအချိန်က ခရစ်ယာန်ဖြစ်လာသော သူတို့အားဖြင့် အသင်းတော်ကိုဖြစ်စေနိုင်ခဲ့သကဲ့သို့ ယနေ့အခါ၌လည်း ထိုကဲ့သို့ပင်ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍၊ ဓမ္မသစ် ကျမ်းတည်ရှိသည့်နေရာတိုင်းတွင် ဓမ္မသစ်ကျမ်းစာသွန်သင်သည့် အတိုင်းလုပ်ဆောင်ပါလျှင်၊ ကိုယ်တော်ရှင်၏ အသင်းတော်သည် တည်ရှိနိုင်ပေသည်။

ဘုရားသခင်သည်၊ မိမိကို ယုံကြည်သောသူများ လိုက်လျှောက်နိုင်ရန် ပုံအသွင်ကို အစဉ်အမြဲ ချပေးထားခဲ့ပါသည်။ နောဧကို၊ သင်္ဘောတည်ဆောက်ရန် ကိုယ်တော်ရှင်က တိကျသောပုံအသွင်ကိုပေးခဲ့ပါသည်။(ကမ္ဘာဦးကျမ်း ၆)။ ကိုယ်တော်သည်မောရှေကို လည်းတဲတော်ကိုတည်ဆောက်ရန်၊တိကျသောပုံအသွင်ကိုပေးခဲ့ရာတွင်–"*တောင်ပေါ်မှာ သင့်အားပြခဲ့ပြီးသောပုံနှင့်ညီလျော်စွာ အလုံးစုံတို့ကိုလုပ်ခြင်းငှါ သတိပြုရမည်*။" (ဟေဗြဲသြဝါဒစာ ၈း၅) ဟု သတိပေးခဲ့ပါသည်။ သို့ဖြစ်၍ ဓမ္မသစ်ကျမ်းတွင် ကိုယ်တော်ရှင်အသင်းတော်၏ ပြည့်စုံတိကျသောပုံအသွင်ကို ကျွန်ုပ်တို့ဖော်ထုတ်နိုင်ပါသည်။ နောဧနှင့်မောရှေတို့အားချပေးခဲ့သော၊ တိကျသောပုံစံအတိုင်းလုပ်ဆောင်ရန်မျှော်လင့်ခဲ့သည့်အတိုင်း၊ အသင်းတော်အတွက်လည်းချပေး

ထားသောပုံစံအသွင်အတိုင်းကျွန်ုပ်တို့တိကျစွာ လိုက်နာဆောင် ရွက်ရပေလိမ့်မည်။ သဘော်နှင့်တဲတော်ကို နောဧနှင့်မောရှေ တို့သည် ပေးထားသည့်ပုံစံအတိုင်း တည်ဆောက်ခဲ့သဖြင့် ဘုရားသခင်၏စိတ်တော်နှင့်တွေ့ထိခဲ့သကဲ့သို့၊ ကျွန်ုပ်တို့သည် လည်း၊ ပေးထားသည့်အသင်းတော်ပုံစံအတိုင်း ပေါင်းခြင်း နုတ်ခြင်းမရှိဘဲ တိကျစွာလိုက်နာဆောင်ရွက်လျှင်၊ ကိုယ်တော် မျှော်လင့်သည့်အသင်းတော်အတိုင်း တည်ရှိမည်ဖြစ်၍ ဘုရား သခင်၏ စိတ်တော်နှင့် တွေ့ထိပါလိမ့်မည်။ (ဗျာဒိတ်ကျမ်း ၂၂:၁၈-၁၉)။

ဓမ္မသစ်ကျမ်းစာတွင် အသင်းတော်၏ အသွင်သဏ္ဍာန် သဘာဝ အလုံးစုံကို ရှင်းလင်းစွာချမှတ် ပေးထားပါသည်။ ကိုယ်တော်ရှင်က အသင်းတော်သည် မည်သည့်အရာ ဖြစ် ကြောင်း၊ မည်သူကတည်ထောင်ခဲ့ကြောင်း၊မည်သည့်နေရာတွင် မည်သည့်အချိန်ကတည်ထောင်ခဲ့ကြောင်း၊ ၎င်းကိုအသိအမှတ် ပြုခဲ့သောအမည် အသင်းတော်၏အသင်းသားများကို ခေါ်ဝေါ် ရမည့်အမည်၊ ၎င်း၏အသင်းသား မည်ကဲ့သို့ဖြစ်လာနိုင်ရန်၊ ၎င်း၏ဝတ်ပြုကိုးကွယ်ရမည့်ပုံစံ၊ ၎င်း၏လုပ်ငန်းများ စသည် တို့ကိုပြောပြခဲ့ပါသည်။ အသင်းတော်၏ဦးခေါင်းသည် မည်သူ ဖြစ်ကြောင်း၊ အသင်းတော်၏တန်ဘိုးအဖိုးအခ၊ အသင်းတော် ၏ ကယ်တင်ရှင် စသည်တို့ကိုလည်း ဖော်ပြထားပါသည်။ အသင်းတော်သည် မည်သည့်အရာဖြစ်ကြောင်း ၎င်း၏ လုပ်ငန်းဆောင်တာသည် မည်သည့်အရာဖြစ်ကြောင်း တို့ကို သံသယမရှိစေရန်ဖော်ပြထားပါသည်။ ပုံစံအသွင်သည် ဘုရား သခင်၏နှုတ်ကပတ်တော်ကဲ့သို့ ရှင်းလင်းလှပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည်သမ္မာကျမ်းစာအုပ်ကို လေ့လာရန်သာလိုပါသည်။ ထိုသို့ပြုခြင်းဖြင့်သမ္မာကျမ်းစာ၏ စစ်မှန်သောတစ်ခုတည်းသော အသင်းတော်ကိုသိရှိနိုင်ပါသည်။ ၎င်းနှင့်ပတ်သတ်၍ အမှန်တရားကို ကျွန်ုပ်တို့သိမြင်လာသောအခါ၊ သမ္မာတရား၏ လမ်းညွှန်ရာအတိုင်း လိုက်လျှောက်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည်ခရစ်တော် ကိုယ်တိုင် စတင်တည်ထောင်ခဲ့သည့် အသင်းတော်၏ အသင်းသားများဖြစ်လာပါမည်။ မျိုးစေ့သည် ၎င်း၏အမျိုးအစားအတိုင်းထုတ်လုပ်ပေးသကဲ့သို့၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရှေးကာလကကဲ့သို့ပင်၊ ယခု အချိန်၌လည်းကိုယ်တော်ရှင်အသင်းတော်၏ အသင်းသားများ၊ ခရစ်ယာန်များကိုဖော်ထုတ်ပေးပါလိမ့်မည်။

ခရစ်တော်၏ အသင်းတော်ကို ကမ္ဘာအနှံ့အပြားတွင်တွေ့ရှိရပါသည်။၎င်းသည် ဤနေရာ၊ထိုနေရာ၊ နေရာတိုင်းတွင်ရှိနေပါသည်။ ၎င်းသည်သမ္မာကျမ်းစာ သွန်သင်ဆုံးမသည့်အတိုင်းလူတို့လိုက်နာကျင့်သုံးလျှင်မည်သည့် နေရာတွင်ဖြစ်စေ၊ မည်သည့်အချိန်၌ပင်ဖြစ်စေ အသင်းတော်တည်ရှိနိုင်ပါသည်။ ကမ္ဘာပေါ်တွင်မည်သည့်နေရာ၌ပင်ဖြစ်စေ၊ လူတို့သည် ဘုရားသခင်၏အလိုတော်အတိုင်း လိုက်လျှောက်ခြင်း မှ သွေဖီသွားလျှင် အသင်းတော်တည်ရှိမှု ရပ်ဆိုင်း သွားပေလိမ့်မည်။

ယခုအချိန်ကာလ၌၊ ခရစ်တော်၏ အသင်းတော်သည် သမ္မာကျမ်းစာ သွန်သင်ညွှန်ပြထားသည့်အတိုင်း လိုက်နာဆောင်ရွက်နေခြင်းကြောင့်သာ၊ တနေ့တခြားကြီးထွား၍ ပျံ့နှံ့

လာနေပါသည်။ ၎င်းသည်ကွဲပြားခြင်းကိုရှုံ့ချပြီး ခရစ်တော်ကိုသာဂုဏ်မြှင့်စေပါသည်။ ဤအသင်းတော်သည် သမ္မာကျမ်းစာထဲတွင်ဖတ်ရှုမြင်တွေ့နိုင်သော တစ်ခုတည်းသော အသင်းတော် ဖြစ်ပါသည်။ ၎င်းသည် ဂိုဏ်းဂဏ တစ်ခု မဟုတ်ပါ။ (သို့မဟုတ်) ဂိုဏ်းဂဏများ ပေါင်းစပ်ဖွဲ့စည်းထားခြင်း လည်းမဟုတ်ပါ။ ၎င်းသည် ပရိုတက်စ်တင့်၊ ကက်သိုလစ်၊ (သို့မဟုတ်)ဂိုဏ်းခွဲတစ်ခုလည်းမဟုတ်ပါ။ သို့ဖြစ်လျှင် ၎င်းသည် အဘယ်အရာဖြစ်ပါသနည်း။ ကိုယ်တော်ရှင်၏အသင်းတော်သာ ဖြစ်ပါသည်။ ရှင်းပါသည်။ ၎င်းသည်ထိုအသင်းတော် တည်းသာဖြစ်ပါသည်။

ကိုယ်တော်ရှင်၏အသင်းတော်သည် ကမ္ဘာလောကကြီးဆိုင်ရာဌာနချုပ်သော်လည်းကောင်း၊ ခေါင်းဆောင် သော်လည်းကောင်းမရှိပါ။မည်သည့်လူသားကိုမျှ မြှင့်တင်မြှောက်စားခြင်း ပြုမထားပါ။ လူတို့၏ခံစားမှုအာရုံ၊ အသိဉာဏ် (ဇာတိဉာဏ်) ဖြင့်ဖန်တီးထားသော၊ ထူခြားပြောင်မြောက်သည့် အဖွဲ့အစည်းလည်းမရှိပါ။ယုံကြည်သူအသင်းစုတစ်ခုစီသည် တစ်ခုနှင့်တစ်ခု အမှီပြုခြင်းမရှိဘဲ၊ ၎င်း၏ဒေသခံလူကြီးများနှင့် သင်းထောက်များ၊တရားဟောဆရာများသင်ကြား သောဆရာများနှင့် အသင်းဝင်များဖြင့်လွတ်လပ်စွာတည်ရှိနေပါသည်။ အသင်းတော်တွင်၊ သီးခြား အမှုတော်ဆောင် ဘုန်းကြီးလူတန်းစား (သို့မဟုတ်) သာမန်အသင်းသား ဟူ၍ ခွဲခြားထားခြင်းမရှိသည့် အလျောက် အသင်းဝင်တစ်ယောက်ကို အခြားတစ်ယောက်အထက်သို့ မြှင့်တင်ထားခြင်းမရှိပါ။

ခရစ်တော်၏ အသင်းတော်သည် အမြဲတစေအတိုက် အခံ၊ရန်သူရှိခဲ့၍၊ ယခုအခါတွင်လည်း အတိုက်အခံ ရန်သူရှိနေပါသည်။ လူတို့၏ဘာသာရေးအဖွဲ့အစည်းများသည်၊ ၎င်းတို့ပုံသဏ္ဍာန်ကိုလိုက်လျှောက်ခြင်းမရှိသောကြောင့် ကိုယ်တော်ရှင်၏အသင်းတော်ကို အလိုမကျမှု (စိတ်ခု၊ ငြိုငြင်မှု) များရှိကြပါသည်။ ကိုယ်တော်ရှင်၏အသင်းတော်သည် ၎င်းတို့နှင့် မိတ်သဟာရ မပြုခြင်း၊ ၎င်းတို့ကို ဘုရားသခင်၏ စံနှုန်းဖြင့်ယှဉ်၍ သုံးသပ်ခြင်းတို့ကြောင့် ကိုယ်တော်ရှင်၏ အသင်းတော်ကို အလိုမကျမှု(စိတ်ခု၊ ငြိုငြင်မှု) များရှိကြပါသည်။ ၎င်းတို့သည် လူတို့၏သွန်သင်ချက်ကိုလိုက်နာနေသည့်အချိန်၌ အချို့သောသူများသည် သမ္မာကျမ်းစာညွှန်ကြားသည့်အတိုင်းသာ လိုက်လျှောက်နေကြခြင်းကို အထူးသတိထားမိကြပါသည်။ ၎င်းတို့သည်လူတို့သွန်သင်ချက်နောက်သို့ လိုက်လျှောက်ကြ၍၊ လူတို့အမည်ကိုခံယူနေကြသည့်အချိန်တွင်သမ္မာကျမ်းစာထဲမှ အသင်းတော်သည် ခရစ်တော်ညွှန်ကြားသည့်အတိုင်းကိုသာ လိုက်လျှောက်ကြောင်း၊ ခရစ်တော်၏အမည်ကိုသာ ခံယူကြောင်း၊ ၎င်းတို့သတိပြုမိလျက်ရှိကြပါသည်။ ခရစ်တော် အသင်းတော်ကိုဆန့်ကျင်သော၎င်းတို့၏လက်နက်သည် အမှန်တရားမဟုတ်ပါ။ သို့သော် လည်း၊ လူတို့၏နှလုံးသားများထဲတွင် ဝေခွဲခြင်းမပြုနိုင်အောင်အစွဲအလန်းဖြစ်စေခြင်း၊ မှားယွင်းပြီး အဓိပ္ပါယ်ဖော်ခြင်းစသည်တို့ကိုဖြစ်စေပါသည်။ သို့ရာတွင် ၎င်းတို့၏ ကြိုးပမ်းမှုများကား အချည်းအနှီးသာဖြစ်ပါသည်။

ကာလအစဉ်အဆက် ခရစ်တော်၏ အသင်းတော်သည် အောင်မြင်မှုရရှိလျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိရန်သူ အားလုံး

သည့်သော်လည်းကောင်း၊ငရဲပြည်ရှိစာတန်မာနများသည် သော်လည်းကောင်း၊ ခရစ်တော်၏အသင်းတော်ကိုရပ်တန့်သွားစေရန် မစွမ်းဆောင်နိုင်ပါ။ခရစ်တော်တည်ဆောက်သော အသင်းတော်သည် လူတို့တည်ဆောက်သည့် အသင်းတော်များနှင့်ယှဉ်လျှင် ငယ်ကောင်းငယ်မည်ဖြစ်သော်လည်းကယ်တင်ခြင်းကို ရရှိမည့်သူများမှာ အနည်းအကျဉ်းသာ ဖြစ်ပါမည်။ (ရှင်မဿဲခရစ်ဝင် ၇း၁၃-၁၄)။သို့သော်လည်း၊ ခရစ်တော်၌အသင်းတော် တစ်ခုတည်းသာရှိခဲ့၍၊ တနေ့သောအခါ၌သူသည် ထိုအသင်းတော်တစ်ခုတည်းအတွက် ပြန်ကြွလာပါလိမ့်မည်။ (ဧဖက်သြဝါဒစာ ၅း၂၇၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁-၆)။ သူသည် ၎င်း၏နိုင်ငံတော်၏ဘုရင်ဖြစ်၍၊ တနေ့ ထိုနိုင်ငံတော်ကို အဖဘုရားသခင်၏ လက်တော်သို့ ပြန်အပ်ရန် တဖန်ကြွလာပါလိမ့်မည်။ (၁ကော ၁၅း၂၄)။ ၎င်း၌ သတို့သမီး တစ်ဦးတည်းသာရှိပြီး (ဗျာဒိတ်ကျမ်း ၂၁း၉) တနေ့မိမိ၏အမည်ကိုဆောင်သော သတို့သမီးကို လက်ခံရန် ပြန်လာပါလိမ့်မည်။ အခြားသောသူများ မည်သို့ဖြစ်မည်နည်း။ ၎င်းတို့ကို သူအလျင်းမသိပါ ဟု အတိအလင်းပြောဆိုပြီး ၎င်းတို့ကိုအမြစ်မှနုတ်ယူတော်မူလျက် (ရှင်မဿဲခရစ်ဝင် ၁၅း၁၃) စုဆောင်း၍ မီးထဲသို့ ထည့်ပစ်ပါမည်။

ယနေ့အတွက် ကျွန်ုပ်တို့၏တောင်းဆိုချက်မှာ ဓမ္မသစ်ကျမ်းခရစ်ယာန် များဖြစ်ရန်ပင် ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ထံပြန်လှည့်၍၊ ၎င်းကိုသင်၏လမ်းညွှန် အဖြစ်အသုံးပြုပါ။ သမ္မာကျမ်းစာကို သိမြင်ပါ။ ၎င်းကိုသိမြင်လျှင်သင်သည် အမှန်တရားကို သိမြင်ပါလိမ့်မည်။ ၎င်း၏သွန်သင်ဆုံးမချက်များကို လိုက်နာဆောင်ရွက်ပါ။ ကယ်တင်ခြင်းကို

သင်ရရှိမည်ဖြစ်၍ ကိုယ်တော်ရှင်၏ အသင်းတော်ထဲသို့သွင်း ခြင်းခံရပါလိမ့်မည်။ ထိုအသင်းတော်သည် သမ္မာကျမ်းစာအုပ် ထဲတွင် သင်ဖတ်ရသော အသင်းတော်ပင်ဖြစ်ပါသည်။

သင်သည် ခရစ်တော်၏ အသင်းသား မဟုတ်ပါလျှင် အသင်းသားဖြစ်လာရန်၊ ကျွန်ုပ်တို့ အားပေးနိုးဆော် ပါရစေ။ ဘုရားသခင်ကိုယုံကြည်ပါ။သင်၏အပြစ်များအတွက် နောင်တ ရပါ။ ခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ဝန်ခံပြီးနောက်၊ ဗတ္တိဇံခံယူခြင်းဖြင့် သင်သည် ကယ်တင်ခြင်း ရရှိပါလိမ့်မည်။ (ရှင်မာကုခရစ် ဝင် ၁၆း၁၆၊ ရောမဩဝါဒစာ ၁၀း၁၀၊၁၁၊ တမန်တော်ဝတ္ထု ၂း၃၈)။ ထိုအခါကိုယ်တော်ရှင် ကိုယ်တိုင်သင့်အားသူ၏အသင်းတော်ထဲသို့ သွတ်သွင်းပါလိမ့် မည်ဖြစ်၍ သင်သည်ခရစ်ယာန်တစ်ယောက် ဖြစ် လာပါမည်။ (တမန်တော်ဝတ္ထု ၂း၄၇၊ တမန်တော်ဝတ္ထု ၁၁း၂၆)။ သင်ထိုသို့ ဆောင်ရွက်ပါမည်လား?။ ထိုသို့လုပ်ဆောင်ရန် သင့်အား မည်သူမျှ အဓမ္မ ဖိအားပေးလိမ့်မည်မဟုတ်ပါ။ သို့သော်လည်း သမ္မာကျမ်းစာကိုသင်ဖတ်ရှုလေ့လာလျှင်၊ သင်သည်စစ်မှန်သော ခရစ်ယာန်တစ်ယောက်သာဖြစ်လာရန် လိုလားပါမည်။ ထိုသို့ ဖြစ်လျှင် သင်၏ ကျန်ရှိနေသေးသော ဘဝအသက်တာတ လျှောက်၊ဘုရားသခင်အတွက်အသက်ရှင်ရန်ကြိုးစားပြီး၊ ဘုရား သခင်နိုင်ငံတော်၏နယ်နိမိတ်ကိုကျယ်ပျံ့လာစေရန် ဆောင်ရွက် ပါလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

## မေးခွန်းများ။

*အဖြေမှန်များကို ပေးပါ။*

၁။ အသင်းတော်ကိုမည်သည့်အချိန်ကထူထောင်ခဲ့ပါသနည်း။

၂။ ထိုအသင်းတော်ယနေ့တွင်တည်ရှိနေပါသလား။

၃။ ကိုယ်တော်၏အသင်းတော်ဖြစ်ကြောင်းသက်သေပြနိုင်ရန် လွန်ခဲ့သော နှစ်ရက်ပေါင်းများစွာ နောက်ကြောင်းပြန်လိုက်ရန်လိုအပ်ပါသလား။

၄။ နိုင်ငံတော်မည်မျှအကြာအထိ ရပ်တည်လိမ့်မည်ဟုကိုယ်တော်ရှင်ပြောကြားခဲ့ပါသနည်း။

၅။ နိုင်ငံတော်၏မျိုးစေ့သည်အဘယ်အရာဖြစ်သနည်း။

၆။ ထိုမျိုးစေ့သည်ယနေ့အခါ အဘယ်အရာကို ဖြစ်ထွန်းစေမည်နည်း။

၇။ နေ့ခနေ့င့်မောရှေတို့ကိုဘုရားသခင်သည်အဘယ်အရာကို
ပေးခဲ့ပါသနည်း။

၈။ ကိုယ်တော်၏အသင်းတော်ပုံအသွင်(ပုံစံငယ်)သည်အဘယ်
မှာရှိပါသနည်း။

၉။ ကိုယ်တော်၏အသင်းတော်ကို ပေါ်လွင်စေသောအမှတ်အ
သားများကိုမည်သည့်နေရာတွင်ထုတ်ဖော်ထားပါသနည်း။

၁၀။ အသင်းတော်အကြောင်းကိုကိုယ်တော်ရှင်ကကျွန်ုပ်တို့အား
ဘာပြောခဲ့ပါသနည်း။

၁၁။ သမ္မာကျမ်း၏စစ်မှန်သောအသင်းတော်ကိုကျွန်ုပ်တို့မည်
ကဲ့သို့သိနိုင်ပါမည်နည်း။

၁၂။ ခရစ်တော်၏အသင်းတော်ကိုယနေ့မည်သည့်နေရာတွင်
တွေ့နိုင်ပါမည်နည်း။

၁၃။ ထိုအသင်းတော်သည်ဂိုဏ်းဂဏတစ်ခုဖြစ်ပါသလား။

၁၄။ ထိုအသင်းတော်သည်လောကီသားခေါင်းဆောင်၊လောကီဌာနချုပ်ရှိပါသလား။——————————

______________________________

၁၅။ အသင်းတော်၏ရန်သူများကားမည်သူများနည်း။————

______________________________

၁၆။ ၎င်းတို့၏လက်နက်များကားအဘယ်နည်း။ ————

______________________________

၁၇။ ကာလအစဉ်အဆက်အသင်းတော်သည်အောင်ပွဲရရှိခဲ့ပါသလား။——————————

______________________________

၁၈။ ခရစ်တော်သည်မည်သည့်အတွက် တဖန်ကြွလာမည်နည်း။——————————

______________________________

၁၉။ ကျွန်ုပ်တို့၏ပန်ကြားတောင်းဆိုချက်သည်အဘယ်အရာနည်း။——————————

______________________________

၂၀။ ခရစ်ယာန်တစ်ယောက်ဖြစ်လာရန်နှင့်ခရစ်တော်၏အသင်းတော်အသင်းသားများဖြစ်လာရန်ဆောင်ရွက်ရမည့်အချက်အလက်အဆင့်ဆင့်ကိုဖော်ပြပါ။——————

______________________________

______________________________

______________________________

*မှန်သည်၊ မှားသည်ကို ကွင်းပြီးဖော်ပြပါ။*

မှန် မှား ၁။ ခရစ်တော်တည်ဆောက်ခဲ့သောအသင်းတော် ယနေ့တည်ရှိနေပါသည်။

မှန် မှား ၂။ စစ်မှန်သော အသင်းတော်တစ်ခုတည်းသာ ရှိပါသည်။

မှန် မှား ၃။ ၎င်းသည်ခရစ်တော်၏အမည်ကိုခံယူပါသည်။

မှန် မှား ၄။ ကယ်တင်ခြင်းရရှိရန်ခရစ်တော်၏အသင်းသားဖြစ်ရပါမည်။

မှန် မှား ၅။ ခရစ်တော်သည်မိမိ၏အသင်းတော်အတွက် တနေ့ ဒုတိယအကြိမ်ပြန်၍ကြွလာပါမည်။